www.burmeseclassic.com



BURMESE CLASSIC .com

**မောင်လှမျိုး** ၊ချင်းချောင်းခြံ၊

# အချစ်စကားလုံး..အသစ်



www.burmeseclassic.com

www.burmeseclassic.com


# ဆောင်လှမျိုး (ချွင်းချောင်းခြဲ)

အချစ် စကားလုံး အသစ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com

. . . လူယုတ်မာတွေ ရှိနေတဲ့၊ နေရာတိုင်းမှာ၊ သူတော်ကောင်းတရား ပွားများရတာ၊ လွယ်ပါ့မလား . . .။ ။

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ုတ်ဝေသူ | – | ဒေါ်တင်တင်အုန်း (စိန်သရဖူစာပေ) |
| | | အမှတ်(၆၆)၊ ၆–လမ်း၊ |
| | | လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |
| ျက်နှာဖုံးနှင့် | – | ဦးကျင်ရင် (ရွှေခြင်္သေ့)ပုံနှိပ်တိုက် |
| တွင်းပုံနှိပ်သူ | | ၁၈၂၊ ၃၁–လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ |
| ုံနှိပ်ခြင်း | – | ပထမအကြိမ်၊ ၂၀၁၃ ခုနှစ်၊ ဩဂုတ် |
| ုပ်ရေ | – | ၅၀၀ အုပ် |
| န်ဖိုး | – | ၁၅၀၀ ကျပ် |
| ျက်နှာဖုံးပန်းချီ | – | ခင်ဝင်း |
| န့်ချိရေး | – | အင်ပါယာစာပေ |


BURMESE CLASSIC .com

## ( ၁ )

"အမှတ်တစ်ခုကို၊ ကျူးလွန်ပြီးပြီ ဆိုရင်၊ အဲဒီကျူးလွန်ထားပြီးသားနေရာကို၊ လုံးဝ . . . ပြန်မလာနဲ့တော့။

ရှောင်တိမ်းနေတဲ့ အချိန်အခါမျိုးမှာလည်း၊ လေးဘက်လေးတန် အဝန်းအဝိုင်းမျိုးထဲမှာ၊ ဘယ်တော့မှ၊ ဝင် မနေနဲ့။ ပြေးပေါက်ပိတ်တတ်တယ်။

ဘယ်တော့ဖြစ်ဖြစ်၊ အကျိုးကြယ်သီးကို၊ အပြည့်မတတ်ထားနဲ့။ ရင်ဘတ် ဟ,ဖြ ထား။

www.burmeseclassic.com

www.burmeseclassic.com



အေး . . .၊ သေသေချာချာမှတ်

ထား။ မိန်းမနဲ့သွားပတ်သက်တဲ့နေရာဟာ၊

မင်း . . .အဲဒိုက်မိမယ့် နေရာပဲ။

နောက်ပြီး . . .။ ခေတ်မီမီ၊ မှာချင်

တာက။ စာဖတ်ဖို့ပဲ။

လူမိုက်လုပ်လုပ်။ လူကောင်းလုပ်

လုပ်၊ စာမဖတ်ရင်၊ သူများ . . .ထက်၊ ညံ့

လိမ့်မယ်။ ဒါပဲ"

ရပ်ကွက်ထဲက၊ လူမိုက် ကိုဖိုးထောင်ရဲ့သားမှာ၊ သူ့ညီ . . .ကိုမင်းဇော်, ကိုညီထွေးနဲ့ ကျွန်တော် (ရဲမာန်အောင်) တို့ . . . တတွေ၊ တပည့်ခံယူနေတယ် ဆိုပါတော့။

ကိုဖိုးထောင် ပို့ချနေတဲ့၊ လူဆိုး လူမိုက်တို့တတ်အပ်တဲ့ ပညာတွေကို၊ ကျွန်တော် သေသေချာချာ မှတ်သားနေတယ်ပေါ့ဗျာ။ လမ်းဘေးအုတ်ခုံပေါ်က၊ သင်တန်းကျောင်းပေါ့။

ကိုညီထွေးနဲ့ ကိုမင်းဇော်တို့ နှစ်ယောက်က,တော့၊ ကျွန်တော့်ထက်၊ အသက်ကြီးကြတာ ဆိုတော့၊ ကိုဖိုးထောင်က၊





ရဲက . . .ကိုယ့်ကို၊ မမီမကမ်း

လှမ်းဆွဲရင်၊ ရန်းရတာ၊ လွယ်တယ်။

နောက်ပြီး . . .ပုဆိုးကို၊ ခိုင်ခိုင်

ဝတ်ထား။ တချို့ . . .အရပ်ဝတ်နဲ့ ရဲက၊

ကိုယ့်ကိုလက်ထိပ်ခပ်ဖို့၊ လွယ်အောင်။

အနားရောက်တာနဲ့၊ ပုဆိုးဆွဲချွတ်တာကွ။

ကိုယ်က၊ မေ့လျော့ပြီး . . .ပုဆိုးကို၊

အာရုံစိုက်မိတာနဲ့၊ ရဲ လက်စာမိသွားတတ်

တယ်။

အကောင်းဆုံးက,တော့၊ ပြေးရ. .

လွှားရ၊ ကန်ကျောက်ရတာ၊ အဆင်ပြေတဲ့၊

ဘောင်းဘီ ပွပွဝတ်ထားတာ အကောင်းဆုံးပဲ။

အထူးသဖြင့်က,တော့ . . . အမှု

ကျူးလွန်ပြီး၊ ဝရမ်းပြေးဖြစ်နေရတဲ့ အချိန်

အခါမျိုးမှာ၊ ဘယ်. . .မိန်းမနဲ့မှ၊ မပတ်သက်

နဲ့။

မင်းတို့လည်း၊ ကြားဖူးမှာပါ။

ဘုရားလောင်း ဥဒေါင်းမင်း ညွှတ်ကွင်းမိ

တယ်. . .ဆိုတာ။



www.burmeseclassic.com

www.burmeseclassic.com



အသက်အများကြီး ကြီးမှာပေါ့။

ကိုညီထွေးက၊ ကျွန်တော့်ထက် အသက်ဆယ်နှစ်လောက်၊ ကိုမင်းဇော်က ကျွန်တော့်ထက် အသက် ငါးနှစ်လောက်၊ ကြီးကြတာဆိုတော့၊ သူတို့နှစ်ယောက်ရဲ့အစ်ကို၊ ကိုဖိုးထောင်က ကျွန်တော့်ထက်၊ အသက်ဆယ့်ငါးနှစ်လောက် ကြီးမှာပေါ့။

သက်ကြီးစကား သက်ငယ်ကြားဆိုတော့၊ ကိုဖိုးထောင်ကြီးရဲ့၊ စကားတွေကို၊ ကျွန်တော် စိတ်ဝင်တစား နားထောင်နေတာပေါ့။

ကျွန်တော် အရွယ်ရောက်တဲ့အထိ၊ ကိုဖိုးထောင်ကို မမြင်ဖူးပါဘူး။ ညီထွေးတို့ မင်းဇော်ဟို့ရဲ့အစ်ကို၊ ရပ်ကွက်လူမိုက်ဖိုးထောင်၊ လူသတ်မှုနဲ့ ထောင်ကျနေတယ်ဆိုတာလောက်ပဲ၊ ကြားဖူးထားတာလေ။

"ကိုညီထွေး၊ ကိုဖိုးထောင်ကြီးက၊
လူ ဘယ်နှစ်ယောက်သတ်တာလဲဗျ"
"နှစ်ယောက် . . .သတ်တာကွ။
ဓားနဲ့ထိုးသတ်ပစ်လိုက်တာ"

ရပ်ကွက်ထဲမှာ၊ ကိုညီထွေးနဲ့ ကိုမင်းဇော်တို့ကို၊ ဘယ်သူမှ၊ မကြောရဲဘူး။ တော်ရုံတန်ရုံလူက,လည်း၊ သူတို့





ညီအစ်ကိုနှစ်ယောက်ကို၊ ကိုဖိုးထောင်ရဲ့၊ ညီတွေမို့၊ အပေါင်းအသင်း မလုပ်ချင်ကြဘူး။

ကျွန်တော့်လို၊ မိုက်ကမ်းကမ်းနေချင်တဲ့သူမျိုးမှ၊ သူတို့ကို၊ ပေါင်းရဲတာလေ။

လေးတန်းကျောင်းသားအရွယ်လောက်မှာ၊ ကျွန်တော်က၊ ရွယ်တူတွေကြားထဲမှာ၊ သွေးထွက်သံယို ဖြစ်တဲ့အထိ၊ လက်သွက်နေပြီဆိုတော့၊ အသက် ဆယ့်ခြောက်နှစ်လောက်မှာ၊ ကိုညီထွေးတို့၊ ကိုမင်းဇော်တို့နဲ့ အပေါင်းအသင်း ဖြစ်နေပြီပေါ့။ (အဲ့ဒီ အချိန်အထိ၊ ကိုဖိုးထောင်ဆိုတာကို၊ ဖြူသလား မည်းသလား ကျွန်တော် မမြင်ဖူးသေးဘူး)။

"မင်း နာမည် ရဲမာန်အောင်လား"

လက်ဘက်ရည်ဆိုင်ထဲမှာ၊ ကိုမင်းဇော်စ,မေးတဲ့ . . .နေ့။

တခြားတစ်ယောက်ယောက်၊ အဲဒီလိုလာမေးရင်တော့ . . . "ဘာလုပ်မလို့လဲ" . . .ဆိုပြီး၊ မိုက်ကမ်းကမ်း ဖြေလိုက်မှာပေါ့။

ဒါပေမဲ့ . . .၊ ကိုညီထွေးတို့ ကိုမင်းဇော်တို့က၊ ကိုဖိုးထောင်ရဲ့ညီတွေအဖြစ်နဲ့၊ (သူတို့ကိုယ်တိုင်လည်း မိုက်တာကျကြသူတွေဆိုတော့) လူသိများကြတော့၊ ကျွန်တော်ကိုယ်တိုင်က၊ အထင်ကြီးပြီးသားမို့၊ လေးလေးစားစားပဲ ဖြေလိုက်တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အစ်ကို၊ ကျွန်တော်
ရဲမာန်အောင်ပါ။ အစ်ကို့ကို၊ ကျွန်တော်
သိတယ်။ အစ်ကို့ . . .အစ်ကို၊ ကိုညီထွေး
ကိုလည်း . . . သိတယ်"

ကိုမင်းဇော်က၊ ပြုံးလျက်၊ နေရာပေးပြီး . . .

"ငါတို့ ဘုရားသား ဖိုးထောင်ကို
ရော . . ."

"နာမည်ကြားဖူးတာပေါ့။ လူတော့
မမြင်ဖူးဘူး"

ကိုညီထွေးက . . .

"ဘာလို့ မမြင်ဘူးတာလဲ"

"ကျောင်းတက်နေတယ်ဆို"

အကျဉ်းထောင်ကို၊ "ကျောင်း" . . .လို့၊ ကျွန်တော်
သုံးနှုန်းလိုက်တာကို၊ သဘောကျသွားကြတယ်။

"ဒီ. . .အနီးအနားမှာ၊ မင်းက . .
ဖိုက်တာလုပ်နေတယ်လို့ ကြားတယ်ကွ။
အဲဒါကြောင့် . . .မေးကြည့်တာ"

"ဟာ . . .အစ်ကို၊ အမြင်မတော်
တာ ရှိရင်၊ ကျွန်တော့်ကို၊ ဆုံးမ,လို့ ရတယ်





နော်။

ဒီ . . .အနီးအနားမှာ၊ ကျွန်တော်
အစ်ကိုတို့ကို၊ မကျော်ဘူး။ အကျော်အခွ
ဖယား ရှိတယ်ဆို၊ ကျွန်တော့်ကို . . .ပြော"

ကိုမင်းဇော်က . . .

"မရှိပါဘူးကွာ။ တစ်ရပ်ကွက်
တည်းသားတွေမို့၊ တရင်းတနှီးနေဖို့၊ ခေါ်
ပြောတာကွ။

ဒီနားမှာ၊ ဘယ်သူ့မှ၊ ဂရုမစိုက်နဲ့။
တခြားမှာ၊ အကျော်ဖယားရှိရင်လည်း၊
ငါတို့ကို၊ အသိပေး။ အန္တရာယ် ရှိ မရှိ၊ ငါတို့
. . .ပြောမယ်"

"ကျေးဇူးပဲ အစ်ကို"

"မင်း . . .ကျောင်းမတက်ဘူးလား"

"တက်တယ်။ ဆယ်တန်းတစ်ခါ
ကျထားတယ်။ ရှစ်တန်းနှစ်ခါ ဖြေမှအောင်
တယ်။ ကိုးတန်းနှစ်ခါဖြေရတယ်။

ခုနှစ်တန်းတုန်းက,တောင်၊ ဘီ–
လပ်(စ)နဲ့ အောင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား။ တော်တယ်။ မင်း . . . ဝန်ကြီးလုပ်လို့ရပြီ . . ."

ကျွန်တော်နဲ့ အတူပါလာတဲ့၊ ကျွန်တော့် သူငယ်ချင်း ပြည့်ဝက,လွဲပြီး၊ အားလုံး၊ ရယ်မော ဖြစ်ကြတယ်။

"မင်းက၊ အဲဒီ လူတွေကို၊ ဘာဖြစ်လို့၊ ရိုရိုသေသေ ဆက်ဆံတာလဲ"

ပြည့်ဝ, ရဲ့ . . .အမေးစကား။

"ရိုရိုသေသေ ဆက်ဆံတာ မဟုတ်ပါဘူးကွ။ လေးလေးစားစား ဆက်ဆံတာပါ"

"ရပ်ကွက်ထဲ၊ ကြုံရာကျဘမ်းလုပ်။ ထစ်ခနဲဆို၊ ထိုးလိုက်ကြိတ်လိုက်၊ ရိုက်လိုက်နှက်လိုက် လုပ်တတ်တဲ့သူတွေကို၊ မင်း . . လေးစားတယ် . . .။ ဟုတ်လား . . .ရဲမာန်"

"သူတော်ချင်းချင်း၊ သတင်းလွှေ့လွှေ့ပေါ့ကွာ။ တခြားသူဆိုရင်၊ ငါ,





ဒီလို ဘယ် ဆက်ဆံပါ့မလဲ"

"သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ . . .လို့၊ မပြောစမ်းပါနဲ့။ မသူတော်ချင်းချင်း . . .သတင်းလွှေ့လွှေ့ . . .လို့၊ ပြောစမ်းပါ"

"ပြည့်ဝ,ရာ။ မင်းက, လည်း . . .၊ ငါက . . .ခိုးဆိုးလုယက်နေတဲ့သူ၊ ကျနေတာပဲ"

"ရပ်ကွက်က၊ ရွံကြောက် . . . ကြောက်နေရတဲ့သူတွေနဲ့၊ မင်း, သွားရောမှတော့၊ မင်းလည်း . . . ရပ်ကွက်ချဉ်ဖတ်ဖြစ်တော့မှာပေါ့။

ခိုးဆိုးလုယက်နေမှ၊ လူဆိုး မဟုတ်ဘူးကွ။ ကျောင်းသားအရွယ်မှာ၊ ကျောင်းသားလို၊ မနေတာလည်း၊ အဲဒါ. . လူဆိုးပဲ . . .။ အဲဒါ . . .လူမိုက်ပဲ"

"ငါက . . .မင်းလို၊ တက္ကသိုလ်ကျောင်းသားကြီးမှ မဟုတ်တာ။



www.burmeseclassic.com

www.burmeseclassic.com



ငါလည်း . . .ဖြေတဲ့စာမေးပွဲတိုင်း
အောင် . . .အောင်နေရင်၊ ကျောင်းသားလို၊
နေချင်တာပေါ့ကွ"

"စာကျက်မှ၊ စာမေးပွဲ အောင်တာ
လေကွ။ စာမကျက်ဘဲ၊ အလကားအောင်
ချင်လို့၊ ဘယ်ရမလဲ"

"အေး . . .။ ငါက . . .၊ အိမ်မှာ၊
စာကျက်လို့ ရနိုင်လောက်အောင်၊ မင်းလို၊
ကံ မကောင်းဘူးကွ"

"မဆိုင်ပါဘူးကွာ။ အဓိက,က၊
ကိုယ့် . . .စိတ်ပါပဲ"

". . . . . . .။. . . . . . .
. . . . . . .။. . . . . . .
. . . . ."

ကျွန်တော် . . .
ပြည့်ဝ နဲ့ စကားနိုင် မလုချင်တော့ဘူး။



( ၂ )

ကိုညီထွေး၊ ကိုမင်းဇော်တို့နဲ့ တတွဲတွဲမနေဖြစ်ပေမယ့်၊ သူတို့နှစ်ယောက်ရဲ့၊ အရှိန်အဝါကြောင့်၊ ရပ်ကွက်နဲ့ အနီးတဝိုက်မှာ၊ ကျွန်တော့်ကို၊ ယှဉ်ရဲတဲ့သူ မရှိဘူး။

"ရဲမာန်က၊ ကိုညီထွေး တပည့်ကွ"

"မဟုတ်ဘူး၊ မင်းဇော်ရဲ့ တပည့်"

"နောက်မှာ . . .ဖိုးထောင်ကြီးက၊
ကာပေးထားပြီးသားကွ။ ဖိုးထောင် တပည့်
ဖြစ်မယ်။

ဖိုးထောင်တပည့်မို့၊ ဖိုးထောင်ရဲ့
ညီတွေနဲ့၊ လည်ပယ် ပေါင်းနေတာပေါ့ကွ"

". . . . . . . .။
. . . . . . . . . . . ."

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို . . . အဲဒီလို၊ ထင်ကြေးတွေ၊ အပေးခံနေရတဲ့ အထိ၊ ကိုဖိုးထောင်ကို၊ ကျွန်တော် မမြင်ဖူးသေးပါဘူး။

ကျူရှင်က အပြန်၊ အိမ်ဝင်းထဲ ဝင်မယ် အလုပ်၊ ခပ်လှမ်းလှမ်းမှာ၊ လူတွေအုံနေတာနဲ့၊ အဲဒီနေရာကို၊ ကျွန်တော် ခြေဦးလှည့်လိုက်တယ်။

အိမ်နားက၊ ဗီဒီယိုရုံရှေ့မှာ၊ လူတွေအားလုံး၊ ရုံထဲကို ကြည့်နေကြတယ်။ ကျွန်တော်လည်း၊ ရုံထဲကို၊ လှမ်းကြည့်လိုက်တော့၊ ရုံပိုင်ရှင် ဦးမြင့်စိန်က မတ်တတ်။ သူ့နားမှာ၊ ဟိုဘက်လမ်းက၊ အေးမင်း။

သူတို့နှစ်ယောက်ရဲ့၊ ရှေ့တည့်တည့်မှာ၊ ဦးထုတ် ငိုက်စိုက် ဆောင်းထားတဲ့၊ လူစိမ်းတစ်ယောက်။

"ခင်ဗျား၊ နောက်တစ်ခါ ကလေး
တွေကို၊ ဆဲတယ် ဆိုတယ် ဆိုရင်၊ ကျုပ်နဲ့
တွေ့မယ်။





. . . . . . . ။ . . . . . . . . . . . . . .
. . . . . . . . . ။ . . . . . . . . . . . . . ."

"အဲဒီ ကောနေတဲ့ လူက၊
ဘယ်သူလဲ"

အနားမှာရှိတဲ့ တစ်ယောက်ကို၊ ကျွန်တော် မေးကြည့်တယ်။ ခေါင်းခါပြတယ်။

"ဘာဖြစ်လို့လဲ"

"မသိဘူး"

အဲဒီအချိန်မှာ၊ ရုံထဲကစကားသံ၊ ထပ်ကြားရတယ်။

". . . . . ။
. . . . . . . ။ ကျုပ် ဒီ့ထက်ပို၊
မပြောချင်ဘူးနော် . . . ။
ခင်ဗျား . . . ၊ ကျုပ်မျက်နှာကို
သေသေချာချာ ကြည့်ထား"

ကျွန်တော် လွယ်အိတ်ထဲက၊ ခားအိမ်ဖွင့်ထားတဲ့၊ ခားမြှောင်ရဲ့၊ ခားရိုးကို၊ လွယ်အိတ်အပြင်ကနေ၊ ဖွဖွလေး ဆုတ်ကိုင်လိုက်တယ်။ ပြီးမှ . . . ဗီဒီယိုရုံထဲကို၊ ဝင်လိုက်တယ်။

"ဟော့ကောင် . . . ရဲမာန်"

ပြည့်ဝရဲ့ ခေါ်သံမှန်း သိပေမယ့်၊ ကျွန်တော် လှည့်



www.burmeseclassic.com

www.burmeseclassic.com



မကြည့်ခဲ့ဘူး။

ရုံထဲကို ရောက်ရောက်ချင်း၊ ငြိမ့်ကုတ်နာခံနေတဲ့ ဦးမြစိန်ကို၊ ကျွန်တော်က . . .

"ဦးမြစိန်။ ဘာဖြစ်လို့လဲ။ ဒီဘဲကြီး ပြောဆိုနေတာကို၊ ခင်ဗျားက၊ နာခံနေရ အောင်၊ သူက . . . ဘာလဲ။ ရဲလား . . .။ ရပ်ကွက်လူကြီးလား"

ရုံပိုင်ရှင် ဦးမြစိန်ကို၊ မေးရင်း၊ ဦးထုပ်ငိုက်စိုက်ဆောင်းထားတဲ့လူကို၊ ကျွန်တော် ကြည့်လိုက်တယ်။ လက်က,တော့ လွယ်အိတ်အပြင်က,နေ၊ ဓားမြှောင်ရိုးကို ကိုင်ထားတာပေါ့။

"ဟာ . . .။ ညီလေး . . .။ ထိုင်ဦး။ အစ်ကို ရှင်းပြမယ်"

ဦးထုပ်ငိုက်စိုက်ဆောင်းထားတဲ့ သူက၊ ကျွန်တော့်ကို၊ ခုံတစ်လုံး၊ ဆွဲပေးတယ်။

"ရတယ်။ မထိုင်တော့ဘူး"

"ညီလေးက၊ ဒီ . . .ရပ်ကွက်ကပဲလား"

ကျွန်တော် မဖြေ။

"ဒီ လမ်းထဲက,ပါ"





ဦးမြစိန်က၊ သိမ်သိမ်မွေ့မွေ့ ဖြေပေးတယ်။

"ခင်ဗျား . . .ဝင်ဖြဲနေလို့၊ ကျွန်တော် လာမေးတာ။ ရပ်ကွက်ထဲမှာ၊ ဒီလို . . .လာဖြဲရ လောက်အောင်၊ ရပ်ကွက်ထဲမှာ၊ ကြွက်ပေါက်လေးတွေ . . .ယုန်ပေါက်လေးတွေ၊ နေနေတာ မဟုတ်ဘူး"

"ဟာ . . .။ မိုက်တယ်။ ငါ့ ညီက . . .မိုက်တာပဲ။ အစ်ကိုက၊ လူငယ်တွေ . . .ဒီလို ရဲရင့်မှ၊ ကြိုက်တာ။ လာပါ . . .ထိုင်။ အစ်ကိုရှင်းပြတာကို၊ သဘောမကျရင်၊ ညီ . . .၊ အစ်ကို့ကို၊ ကြိုက်သလိုလုပ်"

ထိုင်ရာက ထ,ပြီး၊ ကျွန်တော်ထိုင်ဖို့၊ ခုံပေးတယ်။ ကျွန်တော် သတိကြီးကြီးနဲ့ထိုင်လိုက်တယ်။

ထိုင်ရင်း၊ အေးမင်း ဆိုတဲ့ကောင်ဘက်ကို၊ ငဲ့ပြီး . . .

"အေးမင်း။ ဒါ . . . မင်း၊ အသိလား"



www.burmeseclassic.com

www.burmeseclassic.com



အေးမင်း၊ ခေါင်းညိတ်၏။ မငုံ့မရဲ။ ဦးထုပ်ငိုက်စိုက်၊ ဆောင်းထားတဲ့လူက . . .,

"ဒီလို . . .၊ ညီလေးရ။ အစ်ကိုက၊
လူငယ်တွေကို၊ ချစ်တတ်တယ်"

ပြောပြီး . . .အေးမင်းကို၊ လက်ယပ်ခေါ်တယ်။ အေးမင်း အနားကို၊ ရောက်လာတော့မှ . . .

"ဖောင်း"

အေးမင်းကို၊ ဇက်ပိုး အုပ်လိုက်တယ်။ ပြီးမှ . . .

"မင်းတို့၊ သောက်သုံး မကျလို့၊ ဒီမှာ . . .၊ ငါတို့ ညီအစ်ကိုတွေ . . . တစ်ယောက်နဲ့တစ်ယောက် အထင်လွဲတော့မယ်။

မင်း . . .၊ နောက်တစ်ခါ၊ ပြဿနာ တက်ရင်၊ ဒီပြင်လူကို၊ ငါ မလုပ်ဘူး။ မင်းကို . . .ငါ လုပ်မယ်။ ကြားလား"

"ဟုတ်ကဲ့"

အေးမင်း၊ နောက်စေ့ကို၊ ပွတ်ရင်း ဆားကပ်သွားတော့မှ၊ ကျွန်တော့်ဘက်ကို လှည့်ပြီး . . .





"ဒီကောင် . . .။ ဗီဒီယိုရုံထဲမှာ၊ ကောင်မ,လေးတွေကို၊ လိုက်စ,တယ်။

အဲဒါ. . .၊ ဒီက . . .အစ်ကိုက။ ရုံပိုင်ရှင်က၊ ဒီကောင့်ကို၊ ဆဲပြီးတော့၊ မောင်း ထုတ်တယ်။

အစ်ကိုက၊ မဆဲစေချင်တာ။ အမေနဲ့ တိုင်းပြီးဆဲတယ် . . .တဲ့။

ဆဲမယ့်အစား၊ ရိုက်ပြီးဆုံးမ, လိုက် စေချင်တာ။

လူတစ်ယောက်က၊ လူတစ်ယောက် ကို၊ အမေနဲ့တိုင်းဆဲတာမျိုးကို၊ အစ်ကို၊ အရှမ်းရွံတယ်ကွ။

အဲဒါကြောင့်၊ အစ်ကို . . .ဒီက . . .အစ်ကို ကို၊ လာပြောတာ။ နောက်ကို မဆဲဖို့. . ."

"ခင်ဗျားက၊ ဘယ်သူလဲ"

ကျွန်တော် လိုရင်းကို၊ မေးလိုက်တယ်။

"ညီလေးက၊ ဒီလမ်းထဲမှာ၊ နေတာ ဆိုတော့။ . . . .



www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက်လမ်းက၊ ညီထွေးတို့ . .
မင်းဇော်တို့ကို၊ သိလား"

"အဲဒါ . . .၊ ကျွန်တော့် ဘော်ဒါ
တွေပဲ"

"ဟာ. . .။ အစ်ကို. . .ထင်တယ်။
မင်း . . ., ဒီလောက် ဖိုက်တာကျနေမှတော့၊
ငါ့ ညီတွေရဲ့၊ ဘော်ဒါဘော်ကျွတ် ဖြစ်မယ်
. . .လို့၊ ထင်တယ်။ အစ်ကို့နာမည် . . .
ဖိုးထောင်ပါ"

"ဗုဒ္ဓေါ"

ဘုရားစူးရစေရဲ့။
ကျွန်တော် နည်းနည်း လန့်သွားတာ အမှန်ပဲ။

"ဟာ . . .အစ်ကို။ ဆောရီးဗျာ။
အဲဒါ ဆိုရင် . . ."

"ရပါတယ် ညီရာ။ အစ်ကို၊ နား
လည်တယ်။

ရပ်ကွက်ထဲမှာ၊ တခြားတစ်
ယောက်၊ လာ . . . ဖြတာကို၊ မခံနိုင်တဲ့၊
မင်းစိတ်ကို၊ ငါ . . .နားလည်တယ်"





လွယ်အိတ်အပြင်ကနေ၊ ဓားရိုးကိုင်ထားတဲ့ လက်ကို၊
ဖြည်းဖြည်းချင်း လွှတ်လိုက်တယ်။ (ဘာဖြစ်လို့၊ ဓားကိုင်
လက်ကို၊ လွှတ်လိုက်ရတာလဲဆိုတော့၊ သူသာ . . .ကိုဖိုးထောင်
အစစ်ဆိုရင်၊ သူ့ ခါးကြားထဲမှာလည်း၊ အချွန်အတက်တစ်ခုခု၊
ဆောင်ထားစမြဲဆိုတာ၊ ကျွန်တော် သိလို့ပေါ့။ ပြီးတော့၊
ကျွန်တော့်မှာလည်း၊ ပါလာနိုင်တယ်ဆိုတာ၊ သူ . . .ခန့်မှန်း
နိုင်တယ်လို့၊ သိလို့ပေါ့)။

"ကဲ . . .ညီလေး။ မင်းလွယ်အိတ်
ထဲက ဓားမြှောင်ကို၊ ဓားအိမ်ထဲ၊ ပြန်သိမ်း
လိုက်တော့"

"ဟုတ်ကဲ့"

လွယ်အိတ်ထဲက၊ ဓားမြှောင်ကို၊ ထုတ်ပြီး . . .ဓားအိမ်
ထဲ၊ ပြန်ထည့်။ ပြီးတော့ . . .လွယ်အိတ်ထဲ ပြန်သိမ်း။

"အစ်ကို့၊ ဆောရီးနော်"

"ရတယ်။ အစ်ကို နားလည်တယ်။
မင်းက. . .ညီထွေးတို့၊ မင်းဇော်တို့နဲ့၊ တော်
တော်ခင်လား"

ကျွန်တော် ခေါင်းပဲ ညိတ်ပြလိုက်တယ်။ ပြီးမှ . . .

"ကျွန်တော် . . .၊ ရဲမာန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



နာမည်အပြည့်အစုံက၊ ရဲမာန်အောင်"

ကိုဖိုးထောင်ဆီကို၊ လက်ကမ်းပေးရင်း၊ မိတ်ဖွဲ့လိုက်ရတယ်။

လက်ဆွဲနှုတ်ဆက်ကြတယ်။

"ဒီ. . .၊ ဦးမြစိန်က၊ ကျွန်တော့်လမ်းထဲက၊ ဆိုတော့၊ ကျွန်တော် စောင့်ရှောက်ရမယ့် တာဝန်ရှိလို့ပါ"

"ဒါပေါ့။ စောင့်ရှောက်ရမှာပေါ့။ စိတ်ချ။ အခုအချိန်က,စပြီး . . .၊ ဒီ . . . လမ်းထဲက၊ ဘယ်သူ့ကိုမှ၊ အစ်ကို၊ မထိတော့ဘူး။

မင်းပဲ . . .သိမ်းပိုက်လိုက်တော့"

"ကျေးဇူးပဲ . . .အစ်ကို။ အစ်ကို၊ ဘယ်နေ့က . . .ပြန်လာတာလဲ"

"တစ်နေ့ညက၊ ပြန်ရောက်တာ။ အခုမှ . . .ဒီကောင်လေး. . .၊ လာတိုင်လို့၊ ထွက်လိုက်လာတာ"

"ကိုညီထွေးတို့ဆီကို၊ ကျွန်တော် ညမှ၊ လာမှာ။ အစ်ကို ရှိမယ် မဟုတ်လား"





"ရှိမယ် . . .ရှိမယ်။ အစ်ကို၊ ဘယ်မှ၊ မသွားသေးဘူး။ ခဏ . . .နားနေတာ"

"......။......

.....။.........

....."

(အဲဒါ၊ ကိုဖိုးထောင်နဲ့ ကျွန်တော်၊ စတင်, သိကျွမ်းရတဲ့၊ အစ,ပေါ့)



www.burmeseclassic.com

www.burmeseclassic.com

## ( ၃ )

"ဆဲတယ် ဆိုတာ၊ သူတစ်ပါးကို၊ ထိခိုက်ဖို့၊ ကိုယ်က မစင်ငုံပြီး၊ ထွေးပက်လိုက်တာပဲ"...ဆိုတဲ့၊ မူလ,တန်းအရွယ် တုန်းက၊ တက်ခဲ့ဖူးတဲ့၊ ကျူရှင်ဆရာကြီးရဲ့၊ စကားကိုတော့၊ အမြဲတမ်းမှတ်မိနေတာပါပဲ။

ဒါကြောင့်၊ ယောကျာ်းတန်မဲ့၊ အော်ဟစ်ဆဲဆိုတာကို တော့၊ ကျွန်တော် မလုပ်ဘူး။ (အဲဒီတုန်းက၊ ကျွန်တော်...၊ တတိယတန်း)။

"ကတိစကား၊ မတည်တဲ့ သူရဲ့ပါးစပ်က၊ မိန်းမပျက် ပါးစပ်ပဲ" ဆိုတဲ့၊ စကားကို၊ အိမ်မှာ ...အလုပ်ကိစ္စတစ်ခုနဲ့ ပတ်သက်ပြီး၊ အမေ ပြောဖူးတာကို၊ စိတ်ထဲမှတ်ထားပြီး၊ ကျူရှင် မှာ...ကျိုးသွားတဲ့ ပေတံကို ပြန်လျော်ပေးပါ့မယ်ဆိုပြီး၊ မလျော် ပေးတဲ့ကောင် (မိုးအောင် ဆိုတဲ့ကောင်) ကို၊ မင်းပါးစပ်က

www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျက်ပါးစပ်ပဲ . . .လို့၊ ပြောလိုက်တော့၊ အဲဒီကောင်က၊ ဆရာကြီးကို၊ ထ,တိုင်ပါလေရော။

"ရဲမာန်အောင်၊ ကျွန်တော့်ကို၊ ဆဲနေတယ် ဆရာကြီး" . . .တဲ့။

ကျောကော့အောင်၊ အရိုက်ခံလိုက်ရတာပေါ့။ ကျွန်တော့်ကို ရိုက်ပြီးတော့မှ၊ "ဆဲတယ်ဆိုတာ၊ သူတစ်ပါးကို မစင်ငုံပြီး ထွေးတာပဲ" . . .ဆိုတဲ့၊ စကားကို၊ ကျောင်းသား ကျောင်းသူ၊ အကုန်လုံးသိအောင်၊ ပြောပြပြီး၊ ဆရာကြီးက၊ တစ်ယောက်ချင်းကို၊ မေးတော့တာပါပဲ။

"ဆဲတယ် ဆိုတာ၊ ဘာလဲ"

"သူများကို၊ မစင်နဲ့ ငုံထွေးတာပါ ဆရာကြီး"

"ဆဲတယ် ဆိုတာ၊ ဘာလဲ. . ."

"ဆဲတယ်ဆိုတာ၊ သူ တစ်ပါးကို၊ မစင်နဲ့ ငုံထွေးတာပါ ဆရာကြီး"

" . . . . . . .

. . . . . . . . . . . .

. . . . . . "

" . . . . . . . .





. . . . . . . . . . . . ."

"ဆရာကြီး။ မစင်ဆိုတာ ဘာလဲ ဟင်"

ကောင်မ,လေး တစ်ယောက်က၊ ထ,မေးလိုက်တော့၊ ဆရာကြီးက . . . .

"မစင်ဆိုတာ၊ ခန္ဓာကိုယ်က စွန့်ပစ်ရတဲ့၊ ညစ်ပတ်တဲ့ အရာပေါ့"

"ညစ်ပတ်တဲ့အရာဆိုတာ ဘာလဲ ဆရာကြီး"

"လူတိုင်း . . .လူတိုင်း၊ မထိတို့တဲ့ အရာပေါ့"

" . . . . . . . ။

. . . . . . . . . . ."

အဲဒီအရွယ်ကတည်းက၊ ကျွန်တော် မဆဲဆိုမိအောင် နေဖြစ်ပါတယ်။ အဲဒီတော့ . . .ဒေါသ, ဖြစ်စရာ ကြုံပြီဆိုတာနဲ့၊ ပါးစပ်က ဆဲဆိုမနေတော့ဘဲ၊ လက်နဲ့ပဲ လုပ်ပစ်လိုက်တော့တာ ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ပဉ္စမ,တန်း။

ဆရာမ,များ၊ နားနေဆောင်။

"ရဲမာန်အောင်။ နင် . . .

မြတ်စိုးကြွယ်ကို၊ လက်သီးနဲ့ထိုးတယ်ဆို"

အတန်းပိုင်၊ ဆရာမရဲ့ . . .အမေး။

"ကျွန်တော် လက်သီးနဲ့ ထိုးတာ

မဟုတ်ဘူး တီချယ်။ သူ့မျက်နှာကို

ခြေထောက်နဲ့ ကန်တာပါ။

ဒီကောင်တိုင်တာ၊ မှားနေတယ်။

ကျွန်တော်က, သူ့ကို၊ အရင်စောင့်တွန်း

လိုက်တာပါ။ ရန်မဖြစ်ချင်လို့၊ တွန်းရုံပဲ၊

တွန်းလိုက်တာ။

သူက၊ ကျွန်တော့်ကို၊ သစ်သား

ပေတံနဲ့ ခေါင်းကိုရိုက်တယ်။

ကျွန်တော် လက်နဲ့ကာလိုက်လို့၊

ခေါင်းကို၊ မထိပေမယ့်၊ လက်တော့ နာ

သွားတယ်။

အဲဒါကြောင့်၊ စာရေးခုံပေါ်တက်

ပြီး၊ ဒီကောင့် မျက်နှာကို၊ ဘောလုံးကန်





သလို၊ ကန်လိုက်တာ"

"ဟဲ့ . . .အံ့မယ်။ စာရေးခုံပေါ်

တောင်၊ နင်က . . .ခြေနဲ့တက်တယ်ပေါ့။

ဟုတ်လား"

"အဲဒီ ခုန်ပေါ်ကိုမတက်ရင်၊ သူ့

သစ်သားပေတံကို၊ ကျွန်တော် မရှောင်နိုင်

ဘူးလေ . . .တီချယ်ရဲ့"

"နေစမ်းပါဦး။ နင်က. . ., ဘာဖြစ်

လို့၊ စ,တွန်းရတာလဲ။ သူက. . .ဘာလုပ်လို့

လဲ"

မြတ်စိုးကြွယ်ကို၊ ကျွန်တော် တစ်ချက်ငဲ့ကြည့်ပြီး. . .

"ကျွန်တော်တို့က၊ မောင်နှမ, လေး

ယောက်ရှိတယ်။ တီချယ်။

ကျွန်တော်က . . .အငယ်ဆုံး။

အကြီးဆုံးက၊ အစ်ကို။ အလယ်မှာ အစ်မ

နှစ်ယောက်ရှိတယ်"

ပြောရင်း၊ စကားကိုရပ်ပြီး၊ ဆရာမ, စားလက်စ,

လက်သုပ်စုံ ပန်းကန်ကို၊ တစ်ချက် ကြည့်လိုက်ပြီးမှ . . .

"အဲဒါ. . .၊ အဖေ့ လုပ်စာနဲ့



www.burmeseclassic.com

www.burmeseclassic.com



မလောက်လို့၊ အခု . . .တီချယ်စားနေတဲ့၊ ခေါက်ဆွဲသုပ်ကို၊ အမေက. . ကျောင်းအပြင်မှာ၊ ရောင်းနေရတာပါ”

“ဩော်. . .။ နင်က . . .အဲဒီ အသုပ်သည် အဒေါ်ကြီးရဲ့ သားလား”

“ဟုတ်ကဲ့”

“အဲဒါ. . .၊ ငါ. . .စားနေကျပဲ။ ငါက. . .နင့်အမေရဲ့ ဖောက်သည်ဟဲ့”

“အဲဒါ. . .။ အမေ ရောင်းတဲ့၊ ခေါက်ဆွဲသုပ်ဆိုင်ကို၊ ဒီကောင်. . .သိသွားပြီး၊ ကျွန်တော့်ကို သန်ကောင်သုပ်. . .လို့၊ ခေါ်တယ် တီချယ်”

“ဘာ”

“ကျွန်တော့် အမေရောင်းတဲ့ ခေါက်ဆွဲသုပ်ကို၊ ဒီကောင်က သန်ကောင်သုပ်လို့၊ ခေါ်တာ။ ကျွန်တော်က၊ ငါတို့ မိသားစုရဲ့ဝမ်းရေးကို၊ မနှောက်ပါနဲ့ကွာလို့ ပြောတာ၊ မရလို့၊ ကျွန်တော် ဆောင့်တွန်းလိုက်တာ။





အဲဒါ. . .၊ ဒီကောင်က၊ သစ်သားပေတံနဲ့ ခုတ်လို့၊ ကျွန်တော်. . .သူ့မျက်နှာကို၊ ဆောင့်ကန်လိုက်တာ”

“ထွီ. . .ဝေါ့။ ဟဲ့. . .ငါလည်း၊ ခေါက်ဆွဲသုပ်၊ ကြိုက်တယ်. . .ဟဲ့။ မြတ်စိုးကြွယ်။ နင်. . .တော်တော် ညစ်စုတ်တာပဲ”

“. . . . . . . . . .

. . . . .။ . . . . . . . . .

. . . . . . . . .”

(မြတ်စိုးကြွယ်ရဲ့ ခြေသလုံးမှာ၊ ကြိမ်လုံးရာတွေ ထင်သွားပေမယ့်၊ ကျွန်တော် . . .တရားသေ၊ လွတ်ခဲ့ပါတယ်)။



www.burmeseclassic.com

www.burmeseclassic.com

## ( ၄ )

ဆဋ္ဌမ,တန်း။ (အေ)။ (ဘီ)။

စာသင်ခန်းနှစ်ခန်းတွဲစာ အခန်းကျယ်ကြီးကို၊ အလယ်က၊ သင်ပုန်းနှစ်ချပ်လောက်ကာထားပြီး၊ အစွန်ဆုံးအခန်းက၊ (အေ)ခန်း။ ပြီးမှ . . .ကျွန်တော့် အခန်း (ဘီ) ခန်း။

အခန်းကျယ်ကြီးဆိုတော့၊ စာသင်ခုံတန်းတွေရဲ့၊ အနောက်ဘက်မှာ . . .၊ နေရာအကျယ်ကြီး၊ လွတ်နေသေးတာပေါ့။

အဲဒီနေရာအကျယ်မှာ၊ ဆရာ–ဆရာမ,တွေ၊ လွတ်တဲ့အချိန်တိုင်း၊ မိန်းကလေး ယောကျ်ားလေး ကစားနည်းအစုံနဲ့ ကစားကြတယ်။

ဒီနေ့ကျမှ၊ ထူးထူးဆန်းဆန်း။ လက်ဝှေ့ထိုးတန်း ကစားကြတယ်. . .တဲ့။ (ဘယ်ကစားနည်းမှာမှ၊ ကျွန်တော် ဝင်မကစား

www.burmeseclassic.com

www.burmeseclassic.com



[illegible]

ဒါပေမဲ့. . .၊ ဒီနေ့တော့၊ အဲဒီလက်ဖွဲ့ကစားပွဲမှာ၊ ကျွန်တော် ဝင်ပါရတော့မလို ဖြစ်နေရတယ်လေ။

ကျော်ဦးနဲ့ ဇော်မြင့်နဲ့ ထိုးကြ။ စိန်မင်းနဲ့ အောင်မြင့်နဲ့ ထိုးကြ။ ကိုကိုနိုင်နဲ့ ကိုကိုမောင်နဲ့ ထိုးကြ။ မိုးနိုင်နဲ့ အောင်မိုးနဲ့ ထိုးကြ။

သူတို့ဘာသာ သူတို့ထိုးနေကြပြီးမှ၊ မိုးနိုင်ကို အနိုင်ထိုး လိုက်နိုင်တဲ့၊ အောင်မိုးက၊ ကျွန်တော့်အနားကိုလာပြီး၊ လက်ပန်း ပေါက်ခတ်တယ်။ (လက်ခမောင်း ခတ်တယ်)။

ကျွန်တော် မသိချင်ယောင် ဆောင်နေရင်းက၊ မျက်နှာကို ပါ၊ တစ်ဖက်လွှဲနေ လိုက်ပါသေးတယ်။

"ရဲမာန်အောင်။ မင်းကို . . .ငါ၊
စိန်ခေါ်တယ်"

ကျွန်တော် လက်ထဲက ဘောပင်နဲ့၊ ဒီကောင်အောင်မိုးရဲ့ မျက်နှာကို၊ စောင့်ထိုးလိုက်ဦးမလို့ပါပဲ။ ဒါပေမဲ့. . ., စိတ်ထိန်း ပြီး . . .

"ငါ. . .လက်ဖွဲ့ မထိုးတတ်ပါ
ဘူး"

"အပိုတွေ ပြောမနေနဲ့။ မင်းတို့





တစ်ရပ်ကွက်လုံး၊ ဦးသိုင်းညွန့်ရဲ့ တပည့်
တွေချည်းပဲ"

"မြန်မာ့ရိုးရာ လက်ဖွဲ့တဲခွန်စိုက်နှင့် ဗန်ဒိုဆရာကြီး၊ ဦးသိုင်းညွန့်" . . .ဆိုတဲ့၊ ရပ်ကွက် အပြင်ထောင့်က၊ ဆိုင်းဘုတ် ကြီးကို၊ ကျောင်းသွားကျောင်းပြန်၊ အားလုံး မြင်တွေ့နေကျပါပဲ။

အောင်မိုးပြောတာလည်း၊ ဟုတ်ပါတယ်။ ကျွန်တော်တို့ တစ်ရပ်ကွက်လုံး နီးပါး၊ ဘဘဦးသိုင်းညွန့်ရဲ့ တပည့်တွေချည်း ပါပဲ။

ကျွန်တော်က,တော့၊ တရားဝင် တပည့်မဟုတ်ပါဘူး။ အိမ်က . . .လက်ဖွဲ့ရော ဗန်ဒိုရော . . .သင်ခွင့်မပြုလို့၊ တရား ဝင် သင်ယူတာမျိုး မရှိပေမယ့်၊ ဘဘ–ဦးသိုင်းညွန့်ရဲ့ သင်တန်း၊ ဘူးစင်အောက်မှာ၊ သင်ကြားထိုးကြိတ်နေကြတာကို၊ ငုတ်တုတ် ထိုင်ပြီး. . .ငေးကြည့် . . . မှတ်သား . . .လေ့ကျင့်ခဲ့တာတော့၊ နေ့စဉ်ပါပဲ။ အိမ်မှာ . . .ရေချိုးခါနီးရင်တောင်၊ လက်ခမောင်း ခတ်လိုက်ပါသေးတယ်။

"ငါ. . .မသင်ဖူးဘူးကွ"

"သင်ဖူးဖူး၊ မသင်ဘူးဘူးကွာ"

ပြောပြောဆိုဆို၊ ကျွန်တော့် နားရွက်ကို၊ အောင်မိုးက တံတွေးနဲ့လာစွတ်ပါလေရော။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်လက်တွေ တဆတ်ဆတ်တုန်လာတာနဲ့၊ စိတ်ကိုအသာထိန်းပြီး၊ ကျွန်တော်ထိုင်ရာက၊ ထ,လိုက်ပါတော့တယ်။

စောစောကကောင်တွေ၊ ထိုးကြသလို၊ ပေါက်လို့ပဲစားတော့၊ ကျွန်တော် မထိုးဘူး . . .လို့၊ ဆုံးဖြတ်ရင်း၊ အားကစားဘောင်းဘီအပေါ်က,နေ၊ ထပ်ဝတ်ထားတဲ့၊ ကျောင်းစိမ်းလုံချည်ကို၊ ချွတ်ပြီး၊ ကျွန်တော် ကြက်ရှာခေါက်, ခေါက်လိုက်တဲ့အခါ၊ စာသင်ခန်းတစ်ခန်းလုံး၊ လက်ခုတ်သံတွေ ဆူညံသွားပါတော့တယ်။

"ရဲမာန်"

ပြည့်ဂရဲ့ . . . ဟန့်တားသံ။

"ငါ မထိုးရင်၊ အရှက်ကွဲတော့မယ်။ တစ်တန်းလုံး၊ ဝိုင်းကြည့်နေကြပြီ။

ဟိုဘက် . . .အခန်းက၊ ကောင်တွေတောင်၊ လာကြည့်နေတာ၊ မင်း, တွေ့တယ် မဟုတ်လား"

"ကြည့်တော့၊ ဘာဖြစ်လဲကွ။ ကိုယ့် . . ., ထိုးချင်မှဖြစ်တာ။ မင်းက, လူမိုက်လား"





"အေး။ ဟုတ်တယ်ကွာ"

စာသင်ခုံတွေရဲ့ အနောက်ဘက်၊ နေရာအလွတ်ကိုရောက်ရောက်ချင်း၊ ကျွန်တော်၊ လက်ခမောင်းခတ်လိုက်တဲ့အခါ၊ အောင်မိုးရဲ့မျက်နှာလေး ငယ်သွားတာကို၊ ကျွန်တော် သတိပြုလိုက်နိုင်တယ်။ ကျွန်တော် တကယ်ထိုးတော့မယ်ဆိုတာ၊ သူ . . . သိသွားပြီလေ။

"ဖောင်း . . .ဖောင်း. . .ဖောင်း"

"․․․․․။․․․․․"

လက်ခမောင်းခတ်သံရော . . .၊ လက်ခုတ်သံတွေရော . . .၊ ဆူညံသွားတော့တာပဲ။

ဖော်ဂျီသဲကောက်ဆိုလား . . .ဘာဆိုလား။ လူကြီးတွေ၊ ကစားတဲ့ အကွက်ကို၊ ခဏ ခဏ ကြည့်ပြီး၊ ခဏ ခဏ လေ့ကျင့်ထားတော့၊ သေသေချာချာ အသုံးချတတ်တာပဲပေါ့။

ဒူးနဲ့ တတောင်တောင်၊ သေသေချာချာ၊ မမြှောက်တတ်တဲ့၊ အောင်မိုး၊ ဘာဖြစ်သွားမလဲ။ စဉ်းစားသာ၊ ကြည့်ပါတော့။



www.burmeseclassic.com

www.burmeseclassic.com



အောင်မိုးမျက်နှာ ဖူးယောင်။

လက်ဝှေ့ထိုးတဲ့ကောင်တွေ အကုန်လုံး၊ ကျောင်းအုပ်ဆရာမကြီး၊ ရုံးခန်းရောက်။

(အဲဒီ . . .အဲဒီ . . .အရွယ်ကတည်းက၊ ကျွန်တော် ထိုးတာကြိတ်တာ၊ ဝါသနာ ပါမှန်းမသိ၊ ပါခဲ့တာ၊ ထင်ပါရဲ့)။



( ၅ )

ရှစ်တန်းရောက်တော့၊ ပြည့်ဝကစာမေးပွဲအောင်။ ကျွန်တော်က . . .ကျ။

ရှစ်တန်းကို နှစ်ခါဖြေမှ အောင်တယ်။ ကိုးတန်းကိုလည်း၊ နှစ်ခါ . . .ဖြေရတာပါပဲ။

အခု . . .ဆယ်တန်းလည်း . . .တစ်ခါ ကျပြီးပြီ။ နောက်တစ်ခါထပ်ဖြေလည်း၊ အောင်မှာ မဟုတ်ပါဘူး။

သူ . . .တက္ကသိုလ်ကျောင်းသားကြီး ဖြစ်သွားပေမယ့်၊ ပြည့်ဝက၊ ကျွန်တော့်ကို သူငယ်ချင်း စာရင်းက၊ မဖျက်ရှာပါဘူး။

"မင်း . . .၊ ဆေးခြောက်ချနေတယ်
မဟုတ်လား . . .ရဲမာန်"

"ဆေးလိပ်ထဲ ထည့်သောက်တာ

www.burmeseclassic.com

www.burmeseclassic.com



ပါကွာ"

"စာတော်တော် . . . မတော်တော်။ လူဆိုရင်၊ ငါးပါးသီလ,လောက်တော့၊ စောင့်ထိန်းနိုင်ရမယ် ရဲမာန်"

"ဆေးခြောက်သောက်တာနဲ့၊ ငါးပါးသီလနဲ့၊ ဘာဆိုင်လဲကွ။

အရက်သေစာ မသောက်စားနဲ့ဘဲ ငါ. . .ကြားဖူးတာပါ။ ဆေးခြောက်သေစာ မသောက်စားနဲ့ . . . လို့၊ မကြားဖူးပါဘူး"

"မူးယစ်သေစာ အကုန်လုံးကို၊ ရှောင်ကြဉ်ရမှာကွ။

မင်းက . . .၊ ဘာမှကို မရှောင်ဘူး။ လူမိုက်နဲ့မပေါင်းနဲ့ . . .ဆိုတဲ့၊ ဘုရားဟော က . . .အစ၊ ကံငါးပါး မဖောက်ဖျက်နဲ့ ဆိုတဲ့၊ ဒေသနာအဆုံး။ မင်း . . .၊ လိုက်လုပ် တာ၊ ဘာရှိလဲ။

မင်း. . .စာမေးပွဲတွေ ကျတာ. . .၊ ဘာသာတရား အဆုံးအမ,နဲ့ မနေလို့ကွ"

"ဟော့ကောင်. . .ပြည့်ဝ။ စာမေးပွဲ





အောင်တာနဲ့၊ ဘာသာတရားနဲ့ ဘာမှ၊ မဆိုင် ဘူး။

ခိုးချတဲ့ကောင်တွေ. . .၊ တစ်သီ တစ်တန်းကြီး၊ အောင်နေတာရော. . .။ မင်း . . .မတွေ့ဖူးဘူးလား။

သူတစ်ပါး ပစ္စည်းကို ခိုးမှ. . . သူခိုးမဟုတ်ဘူးကွ။ စာခိုးချတာလည်း . . သူခိုးပဲ။

အဲဒီ. . .ခိုးမှ၊ အဆင်ပြေမယ်ဆိုတဲ့ . . .အကျင့်က၊ အရာရှိဖြစ်တဲ့အထိ၊ ပါသွား ရင်၊ မြန်မာပြည်မှာ . . .သူခိုးတွေ . . .၊ ပိုတောင်. . .ခေတ်စားလာဦးမယ်။

မင်း . . .မှတ်ထား ပြည့်ဝ။ ခိုးချပြီး . . .၊ အောင်ရမှာထက်။ ငါ့ ဘာသာ . . . မအောင်တဲ့အတိုင်းပဲ၊ ငါ. . .နေမယ်။

ငါ့ဘဝတလျှောက်လုံး. . .သူ့ပုန် စားပြ၊ လုပ်ချင်လုပ်မယ်။ သူခိုး အလုပ် ဘယ်တော့မှမလုပ်ဘူး။

ကျောင်းသားဘဝမှာ . . .စာခိုး



www.burmeseclassic.com

www.burmeseclassic.com



လူကြီးဘဝမှာ . . .ဘဏ္ဍာငွေခိုးတဲ့. . .သူခိုးကြီးအလုပ်၊ ငါ. . .ဘယ်တော့မှ၊ မလုပ်ဘူး။

မင်း. . .အခုပြောတဲ့၊ ငါးပါးသီလဆိုတာကြီး။ ငါ . . .ပျောက်. . .လိုက်၊ ကြား. . .လိုက်၊ ကျိုး. . .လိုက်၊ ဖြစ်နေတာ ဆိုရင်တောင်၊ အဒီနှာဒါနှာ . . .သူများပစ္စည်းခိုးတဲ့ . . .သူခိုး။ စာခိုးတဲ့ . . .သူခိုး. . ., နိုင်ငံပစ္စည်းခိုးတဲ့. . .သူခိုးအလုပ်။ ငါ. . .မလုပ်ဘူး။ သိလား . . .။

မင်းက. . .စာတော်ပြီးသား။ ခိုးမချဘဲ၊ အောင်မြင်ခဲ့တာတွေ. . .ငါ. . .ချီးကျူးတယ်။ အားလည်းကျတယ်။ ဒါပေမဲ့ . . . ငါ၊ လိုက်မလုပ်နိုင်ဘူး"

"ဘာသာတရား၊ လုပ်ပေါ့ကွ"

"ဘာလဲ။ စာမေးပွဲအောင်ဖို့၊ ဂါထာရွတ်ခိုင်းတာမျိုးလား။

ဘုရားစကားကို၊ ငါ. . .နားမထောင်နိုင်တာပဲ ရှိမယ်။

ဘုရားစာတွေကို၊ မျှော်လင့်ချက်တစ်ခုခုနဲ့၊ ရွတ်ဖတ်နေတာကြီး၊ ငါ မလုပ်





ချင်ဘူး။

တချို့၊ ဈေးရောင်းကောင်းဖို့၊ ပါးစပ်က . . .ပွစိ . . .ပွစိနဲ့၊ ရွတ်နေကြတယ်။

ငါတို့ဘုရားရှင်ရဲ့၊ တရားစာတွေက၊ ဈေးရောင်းကောင်းဖို့၊ စာမေးပွဲအောင်ဖို့၊ ရွတ်ရတဲ့ဟာတွေလို့၊ သူတစ်ပါးထင်သွားမှာပေါ့ကွ။

ဘာသာတရားနဲ့ ပတ်သက်ပြီး၊ ငါက . . .သေသေချာချာလည်း . . မသိဘူး။ မသေမချာ . . .ရွတ်ဖတ်နေတာမျိုးလည်း၊ မလုပ်ဘူး"

"ရွတ်ဖတ်နေတာ . . .ဗုဒ္ဓါနုဿတိ . . .ကွ။ မင်း . . ., ပေါက်ကရတွေ လျှောက်ပြောမနေနဲ့"

"ဗုဒ္ဓါနုဿတိဆိုတာ၊ ဘာပြောတာလဲ"

"ဘုရားကို၊ နှလုံးသွင်းနေတာကို၊ ဗုဒ္ဓါနုဿတိ ခေါ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း . . .ဈေးရောင်းကောင်းချင်လို့၊ ရွတ်နေတဲ့သူတွေကို၊ မင်း. . .၊ သေသေချာချာ၊ သွားမေးကြည့်ဦး။ ဘုရားကို တကယ်နှလုံးသွင်းနေတာလား။ ဈေးရောင်းကောင်းချင်စိတ်နဲ့ ရွတ်နေတာလား . . . ဆိုကာ"

"မင်းကွာ။ တော်တော်ကို၊ ကပ်တီးကပ်ဖဲ့နိုင်တဲ့ကောင်ပဲ"

"မင်း . . .ထင်ချင်သလို၊ ထင်။ ငါ. . .ဘာမျှော်လင့်ချက်နဲ့မှ၊ ဘုရားကို၊ အသုံးမချချင်ဘူး။ ဒါပဲ။

ဒါတောင်၊ ငါက, နားစွန်နားဖျား ကြားဖူးတာ။

မင်းတို့လို၊ သေသေချာချာ မသိဘူး။

အဲဒီတော့ . . .သေသေချာချာ သိတဲ့သူတွေ. . .။ တိတိကျကျလုပ်စေချင်တယ်။

တိတိကျကျ . . .ရေးသားစေချင်





တယ်။ တိတိကျကျ၊ ညွှန်ပြစေချင်တယ်။

တိကျမှုမရှိရင်၊ ဘာသာတရား ဆိုတာ၊ လာဘ် . . .လာဘ ကြွယ်ဝဖို့၊ ရွတ်ဖတ်အော်ဆိုနေရတဲ့၊ ဂါထာတွေလို့ ထင်ကုန်မှာစိုးလို့ကွ"

"ရဲမှာန်"

"ဘာလဲကွ"

"မင်း. . .၊ လူတော်တစ်ယောက် ဖြစ်နိုင်ပါတယ်ကွာ။ မင်း . . .လူဆိုးတွေနဲ့ မပေါင်းပါနဲ့လား"

"လူဆိုးလူမိုက်တွေက၊ ဟန်မဆောင်ဘူးကွ။ ချစရာရှိရင်၊ ခွပ်ကနဲ ချလိုက်တာ။

လူကြီးလူကောင်း အိုက်တင်နဲ့။ သူတော်ကောင်းယောင်ဆောင်တဲ့သူတွေက။ ခွပ်ကနဲ ချချင်တာတောင်၊ စိတ်ကိုထိန်းပြီး၊ တခြား ကလိန်ကျတဲ့နည်းကို၊ သုံးတာကွ။

အေး. . .။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး၊ သက်ရှိထင်ရှားရှိနေရင်တော့၊ ငါ



www.burmeseclassic.com

www.burmeseclassic.com



. . .ဘုရားဘေးမှာ၊ တကယ့်အရိယာသူတော်ကောင်းလို၊ တကယ်နေဖြစ်မှာကွ။

အခု. . .ဘုရား မရှိတော့တဲ့၊ ကမ္ဘာမှာတော့၊ အယောင်ဆောင်တွေ. . .ထက်၊ အယောင်မဆောင်တတ်တဲ့၊ ကောင်တွေနဲ့ပဲ၊ ငါ. . .ပေါင်းချင်တယ်။

ငါ. . .မော့ကြည့်ရမယ့် လူကြီးလူကောင်း၊ ငါ့ဘဝ,မှာ. . .မရှိဘူး ပြည့်ဝ"

"ဘုရား မရှိတော့ပေမယ့်, ဘုရားအဆုံးအမ,တွေက၊ ဘုရားရဲ့ ကိုယ်စားပဲလေကွာ"

"အဲဒါ. . .မင်းလို၊ လူလိမ္မာတွေအတွက်၊ ရှိနေတာနေမှာပါ သူငယ်ချင်းရာ. . .။ ဟား ဟား ဟား"

ရယ်သံ ခြောက်ကပ်ကပ်ရဲ့ နောက်မှာ၊ စိတ်ထဲမှာ၊ ဒေါသ,ဖြစ်သွားမှန်း၊ ကိုယ့်ကိုယ်ကိုယ် သိလိုက်ပါတယ်ဗျာ။



( ၆ )

ဒါတွေအားလုံး. . .ပြည့်ဝ, အသိဆုံးပေါ့။ (ဥပမာ။ ။ အိမ်ရဲ့အခေါင်၊ မိုး မလုံတဲ့. . .ကိစ္စ)။

"ငါ့ အဖေနဲ့ ငါ့အဒေါ်နဲ့ ကြိုက်နေတယ် ပြည့်ဝ"

"ဟော့ကောင်။ ရဲမာန်။ ဘာတွေ . . .ပြောနေတာလဲ"

"ဘယ်သူ့မှ၊ ပြောစရာမရှိလို့၊ မင်းကို၊ ငါ. . .ပြောတာကွ"

(အဲဒီတုန်းက၊ ကျွန်တော် ရှစ်တန်း။ တိတိကျကျပြောရရင်၊ ရှစ်တန်းကို နှစ်ခါဖြေရတာဆိုတော့၊ ရှစ်တန်း ပထမနှစ်ပေါ့)။

www.burmeseclassic.com

www.burmeseclassic.com



"မင်း. . .၊ မဖွယ်မရာတွေ ပြောနေသလား. . .လို့ပါကွာ"

"မဖွယ်မရာမြင်။ မဖွယ်မရာသိလို့၊ မဖွယ်မရာ ကိစ္စ၊ ငါ့ရင်ဖွင့်တာပေါ့ကွ"

"ဒုက္ခပါပဲ"

"ငါ. . .အိမ်မှာ မနေချင်တော့ဘူး။ ဘယ်မှာနေရမှန်းလည်း မသိဘူး"

"မင်း အမေသိလား"

"သိတယ်။

ငါ, လုပ်လိုက်လို့၊ အစ်ကိုရော၊ အစ်မ,တွေရော . . .သိသွားပြီ"

"မင်းက၊ ဘယ်လိုလုပ်လိုက်တာလဲ"

"အိမ်က နံရံမှာ. . .၊ ဘဝ ဆိုတာ၊ တိုက်ပွဲ။ ခယ်မ, ဆိုတာ၊ လိုက်ပွဲ. . .လို့၊ ရေးလိုက်တာ။

အစ်ကိုရော၊ အစ်မ,တွေရော၊ ငါ့ကို၊ ပေါက်ကရတွေရေးတယ်ဆိုပြီး၊ ဝိုင်းဆူကြတာ။





ပေါက်ကရရေးတာလား . . . တကယ့်အဖြစ်အပျက်ကို ရေးတာလား သိချင်ရင်၊ ကာယကံရှင်တွေကို မေးကြည့် . . .လို့၊ ငါ ပြောချလိုက်တာ။ အိမ်ထဲမှာ လက်ပစ်ဗုံးပေါက်သလို၊ ဖြစ်သွားပြီ။

အမေက,တော့၊ ထိန်းထိန်းသိမ်းသိမ်း၊ သိုသိုသိပ်သိပ်၊ နေနိုင်တာပေါ့။ ကျန်တဲ့သူတွေက,လည်း၊ ကိုယ့်မိသားစု အရှက်ကွဲမယ့် ကိစ္စဆိုတော့၊ အသံမထွက်ဘဲ၊ ကြိတ်ခံစားကြတယ်။

ကြိတ်ခံစားလို့၊ မရဘဲ၊ အဖေကို၊ ကြည့်လို့မရတော့တာ . . .ငါ"

"ရဲမာန်။ အဲလိုမပြောကောင်းဘူးလေ"

"အေး။ အဲဒါပဲကွ။ သားသမီးတွေ၊ ခံနေရတာ။

ငရဲကြီးမယ်နော်. . .၊ ဘုရားနဲ့ တစ်ဂိုဏ်းတည်းနော် ဆိုတဲ့၊ စကားနဲ့၊ ကိုယ်ကျင့်တရားမကောင်းတဲ့ မိဘတွေရဲ့၊ သား



www.burmeseclassic.com

www.burmeseclassic.com



သမီးတွေ . . .၊ အကုသိုလ်ကြီးနေကြရတာ။ ကြိတ်မှိတ်ခံစားနေကြရတာ။

အမေ့ကိုတော့၊ ငါ. . .ပြောပြခဲ့တယ်။ လင်ကိုဘုရား. . .၊ သားကို သခင်ဆိုတာ။ ကိုယ်ကျင့်သီလကောင်းတဲ့ လင်ကို ဘုရားလိုရှိသေဖို့ ပြောတာ။ လိမ္မာရေးခြား ရှိတဲ့ သားကို၊ သခင်ကို၊ စောင့်ရှောက်သလို စောင့်ရှောက်သင့်တယ်လို့၊ ဆိုလိုတာ။

အမေ့မှာ. . .၊ လင်ကောင်းလည်း မရှိဘူး။ သားကောင်းလည်း . . .ရှိမှာ၊ မဟုတ်ဘူး. . .လို့၊ ပြောခဲ့တယ်။

မိဘကို ရှိသေချင်တာ၊ ဘယ်နေရာကို၊ ကြည့်ပြီးရှိသေရမှန်းမသိ၊ ဖြစ်သွားတယ်ကွာ"

"ရဲမာန်။ ရှိသေစရာ ဘာမှ မရှိရင်တောင်၊ ဂုဏ်ကျေးဇူးကို၊ ရှိသေရတယ်နော် သူငယ်ချင်း။

အဖေ နေရာမှာ၊ တခြားဘယ်သူမှ၊ ဝင်ယူလို့မရတဲ့၊ အဖေဆိုတဲ့၊ ဂုဏ်ကြီး





ရှိတယ် သူငယ်ချင်း။

စိတ်ခုရင်တောင်၊ မပြစ်မှားမိစေနဲ့နော်။ နော်. . .ရဲမာန်"

"အေးပါ။ ငါ, မင်းကို၊ ရင်ဖွင့်တာပါ။

ဖအေကို၊ လက်သီးလက်မောင်း တန်းရလောက်အောင်တော့၊ ငါ. . .မမိုက်ရိုင်းပါဘူး။

ဒါပေမဲ့. . .၊ မကြည်ညိုတော့တာတော့၊ အမှန်ပဲ"

"အနန္တ . . .ဆိုတာ။ ရေတွက်လို့မရတဲ့၊ ကိန်းဂဏန်းပဲ။

အနန္တဂိုဏ်းဝင်ဆိုတာ၊ ရေတွက်လို့ မရနိုင်လောက်အောင် ဂုဏ်အရှိန်အဝါကြီးမားလွန်းတယ်. . .ဆိုတဲ့၊ အဓိပ္ပာယ်ပဲ။

ဘုရားက၊ အနန္တဂိုဏ်းဝင် . . .လို့၊ သတ်မှတ်ပေးထားတဲ့၊ မိဘကို၊ ဘာချွင်းချက်ရှိရှိ၊ မပြစ်မှားမိစေနဲ့"

"ငါ. . .၊ အဓာတသတ် မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



. . .ပြည့်ဝ။ ဒါပေမဲ့. . .

အခေါင်. . ., မိုးမလုံရင်၊ တစ်အိမ်လုံး၊ မိုးစိုတတ်တယ်ဆိုတာလောက်တော့၊ ငါ့ အဖေ သိသင့်တာပေါ့ကွာ။

ဘုရားရှင်က၊ သက်ရှိထင်ရှားရှိရင်၊ ငါ. . .မေးလိုက်ချင်တယ်။

ကြည်ညိုစရာမကောင်းတဲ့. . . မိဘ၊ ကြည်ညိုစရာမကောင်းတဲ့ . . .ဆရာ။ ရိုသေစရာမကောင်းတဲ့ . . .သူတော်ယောင် . . .တွေကို၊ အနန္တဂိုဏ်းဝင်ဆိုပြီး၊ ဘာကြောင့် . . .မပြစ်မှားရတာလဲ"

"အနန္တဂိုဏ်းဝင်တွေကို၊ ပြစ်မှားရင်၊ ဆင်းရဲမှုကြီးမားတတ်တယ်လို့ပဲ၊ ငါ . . .သိတယ် ရဲမာန်။

ဘုရားရဲ့ အသိဉာဏ်နဲ့၊ သတိပေးထားတဲ့၊ စကားကို၊ ငါတို့ အသိဉာဏ်နဲ့၊ ဘယ်နားလည်ပါ့မလဲ။

ငါက,တော့၊ ရှင်းရှင်းပဲ။ ကိုယ်. . ရှိခိုးနေတဲ့ ဘုရားစကားကို၊ နောက်မှ





တဖြည်းဖြည်း၊ နားလည်အောင်ကြိုးစားမယ်။

လတ်တလော၊ လိုက်နာကျင့်သုံးတာ အကောင်းဆုံးပဲ။ ကိုယ့်ဘုရား စကားမှ၊ ကိုယ်မလိုက်နာရ င်းက. . .ဘယ်ဘုရားစကားကို၊ လိုက်နာချင်လို့လဲ. . ."

"ဘုရားစကားတော့၊ ငါ, နားမလည်ဘူး။ မင်းပြောတဲ့ စကားတော့၊ ငါကြိုက်တယ်။

ကိုယ့်ဘုရားစကားမှ၊ ကိုယ်, မလိုက်နာရင်၊ မင်းက. . ., ဘယ်ဘုရားစကားကို၊ လိုက်နာချင်လို့လဲ. . .ဆိုတဲ့၊ မင်းရဲ့. . .စကား။

ငါ. . .လိုက်နာတဲ့အနေနဲ့၊ ငါ . . မိဘ,ကို၊ မပြစ်မှားတော့ပါဘူးနော် . . . ပြည့်ဝ"

"သာဓုပဲ"

"ဘာလဲ . . .သာဓု"

"မသိဘူး။ အဘွားက၊ သင်ပေး



www.burmeseclassic.com

www.burmeseclassic.com



ထားတယ်။ သူတစ်ပါးကောင်းတာလုပ်
နေရင်ပဲဖြစ်ဖြစ်၊ အမျှဝေရင်ပဲဖြစ်ဖြစ်၊ သာဓု
ခေါ်ပါ. . .တဲ့။
အဲဒါ. . .ဒါန ပြုခြင်းတစ်မျိုးပဲ .
. .တဲ့"

(ကျွန်တော် မကြားဘူးသမျှတွေ. . .၊ ပြည့်ဝ, ဆီကသာ၊ ကြားနာနေရသလိုပါပဲ)။



( ၇ )

အဖေ့ ပြဿနာကို၊ စိတ်ထဲမှာသာထားပြီး စကားထဲ ထည့်မပြောတော့ဘဲ၊ မေ့မေ့ပျောက်ပျောက် နေပစ်လိုက်တယ်။ ရင်နာ ကြေကွဲရမယ့်,

ကာယကံရှင် အမေတောင်မှ၊ အဖေ့ကို၊ ဘာအပြစ်ဒဏ်မှ၊ မပေးတဲ့ . . .ကိစ္စ။ ကိုယ်က, ဘာလို့ဝင်ခံစားနေတော့မှာလဲလို့၊ တွေးပစ်လိုက်တယ်။

ပြီးတော့ . . .

ဒီတစ်သက်၊ ကျွန်တော် သားကောင်းရတနာ တစ်ယောက်ဖြစ်တော့မှာ မဟုတ်ဘူးလို့ပါ၊ တွေးပစ်လိုက်ပါ သေးတယ်။

သားသမီးဆိုတာ၊ မိဘ,ရဲ့နောက်လိုက်လေဗျာ။ အိမ်

www.burmeseclassic.com

www.burmeseclassic.com



ထောင်ရေး စည်းကမ်း ဖောက်ဖျက်တဲ့ အဖေ့ကို၊ ကြည့်ပြီး၊ ကျွန်တော် မလိမ္မာချင်တော့ဘူး။

လင်ကို . . .ဘုရား၊ သားကို . . .သခင် . . .တဲ့။ ရှေးလူကြီးတွေ၊ သုံးနှုန်းတတ်လိုက်ကြတာ။

ကဲ ငါးပါးတောင်၊ မလုံခြုံတဲ့၊ လင်ယောကျ်ားကို၊ ဘယ်ဇနီးမယားက၊ ဘုရားလို၊ ကိုးကွယ်ချင်ပါ့မလဲ။ လိမ္မာရေးခြားမရှိတဲ့သားကို၊ ဘယ် မိခင်က၊ သခင်လို ပြုစုချင်ပါ့မလဲ။

ဘဝ ကို၊ ဘာနဲ့ တည်ဆောက်ရမှန်း၊ ဘယ်လိုတည်ဆောက်ရမှန်း. . ., မသိခင်အရွယ်မှာ၊ ကျွန်တော်က . . .ဘဝ, ပျက်သွားပြီလို့ပဲ၊ ကိုယ့်ကိုယ်ကို၊ ယူဆ,ပစ်လိုက်မိတယ်။

ဒီလိုနေ . . .ဒီလိုကြိုးစား . . .ဆိုတဲ့၊ အဖေမျိုးကို၊ ကျွန်တော် လိုချင်တာလေဗျာ။

ရှစ်တန်း (ဒုတိယနှစ်) တက်နေချိန်။

အိမ်ရှေ့မှာ၊ ကားတစ်စီးရပ်ထားတာကိုတွေ့။ တွေ့တွေ့ချင်း၊ အစ်ကို အကြီးဆုံး (ကိုရန်မင်းအောင်)ရဲ့၊ ပြဿနာလို့ သိလိုက်တယ်။





ပြည့်ဝ,က၊ အိမ်ထဲကို၊ မဝင်ဖို့ တားထားလို့၊ မဝင်ဖြစ်တော့ဘဲ၊ ခြေရင်းအိမ်ကြားထဲကိုဝင်ပြီး၊ အိမ်ထဲကိုပဲ ချောင်းကြည့်လိုက်တယ်။

အိမ်ထဲမှာ၊ အမျိုးသမီးကြီး တစ်ယောက်နဲ့၊ အသက်အစိပ်ကျော်ကျော်အရွယ်၊ အမျိုးသမီးတစ်ယောက်။

"ဘာဖြစ်တာလဲ"

ပြည့်ဝ,က၊ တီးတိုးမေး။

"ငါ့ အစ်ကို၊ မနေ့က၊ မိန်းမ, ခိုးလာတယ်။

သူ့ မိန်းမ,ရဲ့၊ အမေနဲ့ အစ်မ ထင်တယ်"

အိမ်ကြားထဲက,နေ၊ အိမ်နောက်ဘက်ကို ပတ်သွားတော့၊ အစ်မလတ် (မကြော့ကြော့) နဲ့ တွေ့တယ်။

"မမလတ်။ ဘယ်သူတွေလဲ"

"အစ်ကို့ မိန်းမ,ရဲ့၊ အမေနဲ့ အစ်မနဲ့"

"ဘာပြောကြလဲ"

"သူတို့သမီးကို၊ ပြန်လာခေါ်တာ"

"သဘောမတူဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မတွေ့ဘူးပေါ့။ ဒါပေမဲ့ . . . မတွေ့လို့

မရတော့ဘူးဆိုပြီး၊ စကားပြောတွေ၊ တင်စီး

နေတယ်။

နင်. . ., ဘာမှ၊ ဝင်မပါနဲ့နော်။

ပြောတာ ကြားလား"

"အင်းပါ"

ပြည့်ဝ, ရှိရာ၊ အိမ်ကြားထဲပြန်လာ။ အကျိုးအကြောင်း ပြောပြ။

"ဒယ်ဒီ နေမကောင်းဖြစ်နေတာကို၊

နင် . . . ခဏတောင်၊ လိုက်မကြည့်တော့ဘူး

လား . . . သင်းသင်းဝေ"

အစ်ကို့၊ မိန်းမက၊ ခေါင်းခါ။

"နင့် သဘောနဲ့ နင်၊ ဒီမှာ နေခဲ့တာ

နော်။ ငါတို့ပြန်ပြီးတာနဲ့၊ ငါတို့ အသိုင်း

အဝိုင်းနဲ့ နင်. . . လုံးဝ . . . မပတ်သက်ရ

တော့ဘူးနော်"

အစ်ကို့ မိန်းမ,က၊ ခေါင်းညိတ်ပြန်တယ်။

"ဒီလို၊ စုတ်ပြတ်သတ်နေတဲ့အထဲ

မှာ၊ နင်. . . နေနိုင်လို့လား"





"နေနိုင်ရမှာပေါ့"

"နင်၊ ဦး တော်တော်ရူးသလား"

အဲဒီ စကားကို၊ ကြားကြားချင်း . . .

"ဟာ . . .။ ကောင်မ,ကြီး၊

မိုက်ရိုင်းတယ်"

ထုံးစံအတိုင်း၊ ပြည့်ဝက၊ ကျွန်တော့်ကို၊ လွယ်ထားတဲ့ လွယ်အိတ်နဲ့ သူ့လက်နဲ့ ရောချိပြီး၊ အိမ်ကြားထဲက၊ မထွက်နိုင်အောင်၊ တားထားတယ်။

"မိဘတွေတောင်၊ ငုတ်တုတ်ကြီး၊

ထိုင်နားထောင်နေတာ။

မင်းအစ်ကိုတောင်၊ ငြိမ်နေတာ။

မင်း . . . ဘာမှ ဝင်မပါနဲ့"

"စီးလာတဲ့ ကားက၊ အပျံစား။

ပါးစပ်က၊ ပြည့်တန်ဆာပါးစပ်"

"မင်း မှားတယ်၊ ရဲမာန်။ ပြည့်တန်

ဆာထဲမှာတောင်၊ မဆဲမဆိုတတ်တဲ့၊

ပြည့်တန်ဆာ ရှိနိုင်ပါတယ်ကွ။

မကောင်းတာတွေ့တိုင်း၊ ပြည့်တန်

ဆာနဲ့၊ မနှိုင်းစမ်းပါနဲ့။ ပြည့်တန်ဆာထက်၊



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဓာတ်အောက်တန်းကျတဲ့၊ ဂုဏ်ကြီးရှင်

တွေလည်း၊ ရှိနိုင်တာပဲကွ။

အဲလို၊ လူမျိုးတွေကို၊ ပြည့်တန်ဆာ

နဲ့ နှိုင်းရင်၊ ပြည့်တန်ဆာ သိက္ခာကျတယ်"

"အေး . . . ဟုတ်တယ်"

ပြည့်ဝ၊ ကျွန်တော်၊ အိမ်ထဲမဝင်အောင်၊ စကားပရိယာယ် ဆင်နေမှန်း၊ ကျွန်တော် သိပေမယ့်၊ သူ့စကားကိုပဲ၊ ဆက်နားထောင်နေလိုက်တော့တယ်။ စိတ်ကို၊ ပြောင်းပစ်လိုက်တာပေါ့။

"တချို့ လူတွေ၊ တစ်ယောက်နဲ့

တစ်ယောက် အဆင်မပြေရင်၊ ရန်ဘက်ပြု

ရင်၊ ပြောတတ်ကြတယ်။

မင်း . . .,

ခွေးကျင့် ခွေးကြံ . . .ကြံတယ်

ဆိုတာမျိုး။

လူတိုင်း . . .ခွေးကျင့်ခွေးကြံသာ၊

ကြံလို့ရှိရင်၊ တို့ နိုင်ငံမှာ၊ ရာဂ, ဖောက်ပြန်

မှုတွေ၊ တော်တော်နည်းသွားမယ်ကွ"

"ဘာလို့လဲ"





"ခွေးတွေက၊ တော်သလင်းလ,

တစ်လ,ပဲ၊ မိတ်လိုက်တာလေ. . .။

လူတွေက . . . . .။ ဟားဟား

ဟား . . . . . .ဟား . . ."

အတူ ရယ်မိကြတယ်။ ကျွန်တော့် ဒေါသစိတ်လျော့သွားတယ်။

အိမ်ထရံ အပေါက်ကနေ၊ စောစောက၊ "နင် . . .၊ ဦး ရှားသလားလို့ မေးတဲ့၊ အမျိုးသမီးကို၊ ကျွန်တော် မှတ်မိအောင် သေသေချာချာ၊ ကြည့်ပစ်လိုက်တယ်။

(တစ်ကွေ့ကွေ့မှာ၊ ကြုံမှာပေါ့ . . .လို့၊ တေး မှတ်ပစ်လိုက်တယ်)။

အဲဒီ . . .အစ်ကို့ဇနီး (မသင်းသင်းဝေ)ရဲ့ အစ်မနာမည်က၊ မဝေဝေစမ်း . . .ပ.။



www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်လောက်နေတော့။ အစ်ကိုက၊ သူ့ယောက္ခမအိမ်မှာ၊ သွားနေတယ်။ သူက,ဘာမှ၊ အမှတ်အထေး မထားဘဲ နေနိုင်စွမ်းပေမယ့်၊ ကျွန်တော်က,တော့၊ အဲဒီအမျိုးသမီးကို၊ လုံးဝ. . .မမေ့ဘူး။ လုံးဝ . . .ခွင့်မလွှတ်ဘူး။



( ၈ )

အစ်မလတ် (မကြော့ကြော့) ကိစ္စ။

ကျွန်တော် (ဆယ်တန်း – ပထမနှစ်) တက်နေတဲ့ အချိန်။

ခြေရင်းအိမ်မှာ၊ ဒေါ်အိမ်မိ ဆိုတဲ့၊ မုဆိုးမ,ကြီး၊ တစ်ယောက်ရှိတယ်။ သူ့မှာ. . .သမီးနှစ်ယောက်ရှိတယ်။ သမီးအကြီးမက. . .၊ မအေးအေးသန်း။ သမီး အငယ်မ နာမည်က မိုးမိုးသန်း။

အစ်မလတ် (ကြော့ကြော့) နဲ့၊ မအေးအေးသန်းနဲ့က ရွယ်တူ။ သူငယ်ချင်း။

အဲဒီ ဒေါ်အိမ်မိရဲ့ မောင်၊ အသက်လေးဆယ့်ငါးနှစ်လောက်ကြီးနဲ့၊ ကျွန်တော့် အစ်မလတ် (ကြော့ကြော့) အသက်–နှစ်ဆယ့်နှစ်နှစ်လောက်အရွယ်၊ ညားသွားကြသတဲ့။

အဲဒီ ဒေါ်အိမ်မိရဲ့ မောင်(ဦးမြ)က၊ နယ်က,နေ၊ သူ့ အစ်မ

www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ၊ မျက်စိလာကုတာ တဲ့။

အသက်နှစ်ဆ,လောက်ကြီးတဲ့၊ တစ်ဖက်လပ်နဲ့ ကိုယ့်အစ်မ အိမ်ထောင်ကျတာ၊ နှမြောတာပေါ့။

ဒါပေမဲ့ . . .အဲဒီ လောက်နဲ့တော့၊ ကျွန်တော်ဘယ်သူ့ကိုမှ၊ ဘာစိတ်မှ၊ နာစရာ မရှိပါဘူး။ ဒါ. . .အစ်မ,လတ်ရဲ့၊ ကံပဲလို့၊ နှလုံးသွင်းနိုင်ပါတယ်။ သို့သော် . . ၊ ဒါပေမဲ့. . .,

လျှောင်နောက်ဆုံးပါ၊ သူ့ခင်ပွန်း တစ်ဖက်လပ်နောက်လိုက်သွားပြီး၊ နှစ်လ အကြာ။ အစ်မ,လတ်၊ အိမ်ပြန်ရောက် လာ တယ်။

ကျွန်တော့်ကို၊ တိုက်ရိုက်ပြောတာမဟုတ်ပေမယ့်၊ ရက်ပိုင်းအတွင်း၊ အစ်မငယ် (နွဲ့နွဲ့) ဆီက၊ စကားအစ်ရင်း၊ သိလာရတာက၊ ဟိုမှာ . . .အစ်မလတ်ရဲ့ခင်ပွန်းက၊ သားကြီးမယားကြီးရှိတယ် . . .တဲ့။

အဲဒီ တစ်ဖက်လတ်ကြီးရဲ့ ဇနီးကြီးနဲ့ အစ်မလတ်က၊ တစ်အိပ်ရာထဲ၊ အိပ်ရတာ . . .တဲ့။





"ဒေါ်ဒေါ်အိမ်က၊ အဲဒီလူကြီးဆီမှာ၊ မယားကြီးရှိတာ၊ ကျွန်တော့် အစ်မ,ကို၊ မပြောဘူးလား။

အသိမပေးဘူးလား"

"အို။ ကျုပ်တို့နဲ့ မဆိုင်ပေါင်တော်။ ကိုယ့်ကိစ္စ၊ ကိုယ်ရှင်းကြ။

မြေကြ၊ ငါ့ မောင်ဆိုပေမယ့်၊ တို့က၊ ခပ်ကင်းကင်း နေတာ။

ခဏတဖြုတ်မို့၊ ဒီမှာ. . .တည်းခွင့်ပေးလိုက်တာ။

တို့က. . .ကင်းကင်း နေပေမယ့်၊ မကင်းတဲ့သူတွေ. . .၊ ကိုယ့်ပြဿနာကိုယ်ရှင်း။

ပိန္နဲပင်၊ လာဆွဲ မထည့်နဲ့"

ကျွန်တော် ဘယ်လောက်မိုက်မိုက်၊ သူများအိမ်ထဲမှာ . . . ဆိုတဲ့ အသိ၊ နောက်ပြီး . . .ဒေါ်အိမ်မိက၊ မိန်းမသားဆိုတဲ့ အသိကြောင့်၊ သူ့အိမ်ထဲက၊ အသာလေး ပြန်လာခဲ့ပါတယ်။

(သူ့သမီးနှစ်ယောက်ထဲက၊ တစ်ယောက်ယောက်တော



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့နေ့ တွေ့ပြီသာ . . .မှတ်)။

အစ်မငယ် – (မန္တဲ့နွဲ့) ကိစ္စ။

ကျွန်တော်၊ ဆယ်တန်း (ဒုတိယနှစ်) ဖြေခါနီး အချိန်။

အစ်မလတ်က,တော့၊ ထားလိုက်တော့။

ငတုံးမို့၊ သူများလှော်တာ ခံလိုက်ရတယ်။

အစ်မငယ် (နွဲ့နွဲ့) က,တော့၊ တုံးတာမဟုတ်ဘူး။ မိုက်မည်းတာဖြစ်မယ်။ ဒါမှမဟုတ်၊ မိန်းမယုတ်သွေးပါနေတာ ဖြစ်မယ်။

အစ်မလတ်က၊ မသိလို့ ခံလိုက်ရတာ။

အစ်မငယ်က၊ သိသိခြည်းနဲ့၊ ကျူးလွန်တာ။ ရှေ့မှာ အစ်မလတ် သစ်န်းစာလည်း ရှိလျက်နဲ့၊ ဟိုဘက်ရပ်ကွက်က၊ အိမ်ထောင်သည်၊ ကိုကုလား ဆိုတဲ့လူနဲ့ လိုက်ပြေးတာ။

ရပ်ကွက်ထဲ၊ လူ. . .သိပ် မဲသိလိုက်ခင်၊ အမေ ပြန်အုပ်နိုင်ပေမယ့်၊ သူက,တော့၊ နဂိုရည် ပျက်ခဲ့ပေါ့ဗျာ။





ဒီကိစ္စမှာတော့၊ ကျွန်တော်. . .၊ ခါးကြားထဲ၊ ဓားထိုးပြီး၊ ကိုကုလားကို၊ လိုက်ရှာမိတော့တာပဲ။

"မင်းက၊ ကုလားကို ဘာလို့ သတ်ချင်တာလဲ"

ကိုညီထွေး အမေး။

"မိသားစု ကိစ္စပါဗျာ။ မပြောပြ ချင်ဘူး"

"ထားတော့။ မပြောနဲ့။ ငါကို အစ်ကို၊ ကိုဖိုးထောင် အခု. . .ထောင်ထဲမှာ။ သူ . . .ပြောနေကျစကား တစ်ခွန်း ရှိတယ်"

"ဘာ စကားလဲဗျ"

"သူက. . .၊ လူကို၊ အလကား၊ မသတ်ဘူး။

ငွေရမှ သတ်တယ်တဲ့။ နောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရဲ့အသက်အိုးအိမ် စည်းစိမ်ကို၊ ထိခိုက်တော့မယ်ဆိုရင်၊ သတ်တယ်. . .တဲ့။

အခု. . .၊ မင်းက . . .ကုလားကို သတ်မှာ၊ ဘာကြောင့်လဲ။

ငွေကြောင့်လား။ မင်းအသက်ကို ရန်ရှာနေလို့လား။

ငွေကြောင့် မဟုတ်ဘူး။ မင်း အသက်ကိုထိခိုက်နိုင်တယ်ဆိုရင်၊ မင်း သတ်ဖို့မလိုဘူး။ ငါတို့၊ ကျိမ်းပေးလိုက်တာနဲ့၊ မင်းကို၊ အဝေးက,တောင်၊ မော် မကြည့်စေရဘူး။

ပြော. . .။

ကုလားကို၊

မင်း. . .ဘာကြောင့် သတ်မှာလဲ"

"ငွေကြောင့်လည်း မဟုတ်ဘူး။ အသက်ရန်ရှာလို့လည်း၊ မဟုတ်ဘူး။ အရှက်ကိစ္စ . . .ဆိုပါတော့ဗျာ။ သေသေချာချာတော့၊ ပြောမပြချင်ဘူး"

ကိုညီထွေးက . . .၊





"အရှက်နဲ့ အသက်ကိုလဲတယ် ဆိုတာ၊ ရှက်စရာနဲ့ ကြုံတဲ့ လူက၊ သူ့ကိုယ် သူ. . .အရှက်ကွဲ မခံဘဲ၊ အသက် အသေခံတာမျိုးကွ။

သူများက၊ ကိုယ့်ကို၊ အရှက်ရစေတယ်ဆိုရင်၊ အဲဒီအရှက်ရစေတဲ့ လူကို၊ ဘာလို့. . .သတ်ရမှာလဲ။

သူ့ကို၊ အရှက်ပြန်ခွဲရမှာပေါ့ကွ။ ကိုယ့်ကို၊ အရှက်ခွဲတဲ့လူကို၊ ကိုယ်က. . . သွားသတ်ရင်၊ သူ . . .သေတာပဲ ရှိမယ်။

သူ . . .အရှက်ပြန်မကွဲဘူး။ သူ့ကြောင့်၊ သူများတကာ၊ အရှက်ကွဲရတယ်ဆိုတာ၊ သူသိအောင်၊ သူ့ကို၊ အရှက်ပြန်ခွဲတာက,မှ၊ သူ့ကို သတ်တာထက် ပိုထိရောက်တယ်ကွ၊ ငါ့ညီရ။

အဲဒီလို အရှက်ပြန်ခွဲလိုက်လို့၊ သူ . . .မကျေမနပ်ဘူးဆိုမှ၊ သူသတ်ကိုယ်သတ်၊ သတ်ရမှာ. . ."

ပြောမထွက်ပေမယ့်၊ ဆန္ဒဇောကြောင့်၊ ပြောထွက်ရတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဗျာ။ အဲဒီ . . .ကုလားဆိုတဲ့ လူက၊ ကျွန်တော့်အစ်မ,ကို၊ အိမ်ထောင်ရှိရှိ ခြည်းနဲ့၊ ခိုးပြေးတယ်ဗျာ။ အခု. .ကျွန်တော့် အစ်မ၊ အိမ်မှာ ပြန်ရောက်နေပါပြီ။

ဒါပေမဲ့၊ အဲဒီ ဘကြီးကို၊ ကျွန်တော်. . .တွတ်ချင်တယ်"

ကိုမင်းဇော်က . . .

"ဟာ။ လွယ်လွယ်လေးပါ ရဲမာန် ရာ။

သူ့ နမ၊ သူ့ သမီး၊ တစ်ယောက် ယောက်ကို၊ သူ လုပ်သလို မင်း . . . ပြန် လုပ်ပေါ့။

ဘာလို့ . . . သတ်စရာလိုမလဲ"

"အို–ကေ"

(ကျွန်တော် လိုချင်တဲ့ အဖြေကို၊ ရလိုက်တယ်လို့၊ သတ် မှတ်ထားဖြစ်တယ်။ ကုလား သမီး . . .သေပြီသာ. . .မှတ်)။



( ၉ )

"ငါ. . .ဦးမြဆိုတဲ့ ကောင်ကြီးရဲ့ ရွာကို၊ ငါ သွားတယ်ကွ။ မတွေ့ဘူး။ ရှောင် နေတယ် ထင်တယ်"

ပြည့်ဝ,က . . .

"မင်း. . အစ်ကို၊ ကိုရန်မင်းအောင်။ အဲဒီကိစ္စအပါအဝင်၊ အိမ်မှာ ဖြစ်သမျှကိစ္စ တွေကို၊ သိသလား"

"သိတာပေါ့"

"မင်း အဖေရော . . ."

"သိတယ်"

"သူတို့ . . .ဘာလုပ်နေကြသလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မင်း. . .ဘာကို မေးတာလဲ ပြည့်ဝ"

"သြော်. . .။ မင်းလို. . .၊ အဲဒီ လူတွေကို၊ ပြန်လုပ်ဖို့ ဘာတွေ စီစဉ်နေကြ သလဲမေးတာ"

"ဘာမှ မစီစဉ်ပါဘူး။ နေမြဲ အတိုင်း၊ နေနေကြတာပဲ။

အစ်ကို ကြီးဆို ရင်၊ အိမ်ကို၊ တစ်လ, တစ်ခေါက်တောင်၊ မလာပါဘူး"

"အေး။ သူတို့. . .လူကြီးတွေ တောင်၊ နေစိမ့်နိုင်ရက်နဲ့။ မင်းက . . .ဘာ ဖြစ်လို့၊ အငြိုးအတေးတွေ ထားနေရတာလဲ"

"မသိဘူး။ ငါ့အိမ်က, လူတွေကို လည်း၊ ငါ မကျေနပ်ဘူး။

ငါ့ မိသားစုကို၊ စော်ကားတဲ့ သူတွေကိုလည်း၊ ငါ. . .တစ်ခုခုပြန်လုပ်ရမှ၊ ကျေနပ်မယ်"

"ငါ့အမေ၊ ငါ့ကိုပြောပြဖူးတယ် ရဲ့မာန်။





လူတစ်ယောက်ယောက်ဟာ၊ မိဆိုး ဘဆိုး။ ဆရာဆိုး။ ဝန်းကျင်ဆိုး။ သားဆိုး သမီးဆိုး။ မင်းဆိုး . . .နဲ့၊ တွေ့ရ ကြုံရတာ ဟာ၊ အတိတ်ဘဝ, သံသရာတွေတုန်းက၊ ကိုယ်. . .ကိုယ်တိုင်၊ ပြုမူကျူးလွန်ခဲ့တဲ့ အကုသိုလ်ကံအဟောင်းတွေကြောင့်ပဲ. . . တဲ့။

မင်းလည်း . . .၊ မင်း, ပြုမူခဲ့ဖူးတဲ့၊ အ,ကုသိုလ်ကြောင့်လို့ပဲ၊ နှလုံးသွင်းပြီး၊ ကိုယ့်စာပဲ၊ ကိုယ်ကျက်နေပါလားကွာ"

"ငါ. . .၊ ဘယ်တော့မှ ပညာတတ် ဖြစ်မှာမဟုတ်ဘူး ပြည့်ဝ။

ဒီ တစ်သက်လုံးလည်း၊ သူတော် ကောင်းတရား၊ ပွားများဖြစ်မှာ မဟုတ်ဘူး။

လူယုတ်မာတွေ ရှိနေတဲ့နေရာ တိုင်းမှာ၊ သူတော်ကောင်းတရား၊ ပွားများရ တာ၊ လွယ်ပါ့မလား"

"ရွှေ. . .ဆိုတာ၊ မစင်ထဲပြုတ်ကျ နေရင်တောင်၊ ရွှေဟာ ရွှေပါပဲကွာ။



www.burmeseclassic.com

www.burmeseclassic.com



သူတော်ကောင်းဆိုတာလည်း၊ လူယုတ်မာတွေကြားထဲ၊ ရောက်နေပေမယ့်၊ သူတော်ကောင်းအဖြစ်၊ တင့်တယ်နေစမြဲပါကွ။

သူတော်ကောင်းဆိုတာ လူမိုက်တွေကြားထဲမှာ။ ကျီးမည်းတွေကြားထဲ ရောက်နေတဲ့၊ ရွှေဟင်္သာလို၊ နေနိုင်စွမ်းတယ်ကွ"

"ငါးပိနဲ့ . . .လောက်၊ ရွှေနဲ့ . . . ကျောက်. . .တဲ့။

ရွှေနဲ့ ကျောက်သံပတ္တမြားနဲ့၊ လိုက်ဖက်တင့်တယ်သလို၊ လောက်နဲ့ ငါးပိနဲ့လည်း. . .တင့်တယ်တယ်လို့ နှလုံးသွင်းပြီး၊ ငါ. . .ရဲမာန်အောင်နဲ့၊ အကုသိုလ်တွေနဲ့ လိုက်ဖက်နေတယ်လို့သာ၊ မင်း ယူဆ၊ လိုက်ပါတော့ ပြည့်ဝ,ရာ"

"ငါ . . .မင်းကို၊ လူတော် လူကောင်း ဖြစ်စေချင်နေတာလေကွာ။

မင်းက. . .တော်လည်း မတော်





ဘူး။ ကောင်းအောင်လည်း မနေဘူး။ အသောက်အစားအပြင်၊ ဖဲရိုက်တာက၊ ပါသေးတယ်။ မင်းအရွယ်က၊ ကျောင်းသားအရွယ်ကွ"

"ကျောင်းသားအရွယ်တွေ. . . ကျောင်းသားလို၊ မနေဘူးဆိုမှတော့၊ အဲဒီ ကျောင်းသားရဲ့. . .မိသားစု. . .၊ ဝန်းကျင် . . .၊ အခြေအနေ။ တစ်ခုခု ယိုယွင်းနေလို့ပေါ့ကွ"

"အေးဝန်းကျင် ယိုယွင်းတိုင်း၊ ကိုယ် . . .လိုက်ပြီး ယိုယွင်းရမှာမှ၊ မဟုတ်ဘဲ။

မင်းက . . .

လူမိုက်တောင်မဟုတ်ဘူး။ လူရွှံ့ကွ။ လောက,ကို၊ အရွဲ့တိုက်နေတဲ့ကောင်"

"အဲဒါ. . .အမှန်ပဲ ပြည့်ဝ။ Right . . . Right . . ."

♡ ♡ ♡



www.burmeseclassic.com

www.burmeseclassic.com

( ၁၀ )

ကိုဖိုးထောင်နဲ့ မသိကျွမ်းခင်၊ (သူ . . .ထောင်က၊ မလွတ်ခင်) အထိတော့၊ ကျွန်တော့်ရဲ့ ရပ်တည်မှုက၊ ကိုညီထွေး နဲ့ ကိုမင်းဇော်တို့ရဲ့၊ နောက်လိုက်ပေ့ါ။

သူတို့ ဖဲဝိုင်းသွားရင်၊ ဖဲဝိုင်းလိုက်။ ကြက်ဝိုင်းသွားရင်၊ ကြက်ဝိုင်းလိုက်။ လမ်းဘေး အံစာဝိုင်းတောင်၊ မကျန်ပါဘူး။ ရပ်ကွက်နဲ့ အနီးတဝိုက်မှာ၊ ကိုညီထွေးနဲ့ ကိုမင်းဇော်တို့ရဲ့၊ ငွေရှာတဲ့ အလုပ်က၊ သိပ် မပင်ပန်းဘူး ဆိုပါတော့။

ဆေးခြောက်လည်း၊ သိုသိုသိပ်သိပ်၊ ရောင်းလိုက်တာပဲ။ တရားမဝင် ထီအလောင်းအစားသမားတွေဆီမှာလည်း၊ ရှယ်ယာ ဝင်ထားလိုက်ကြတာပဲ။ ဆေးခြောက်အရောင်းအဝယ်က,လွှဲရင်၊ ကျန်တဲ့ကိစ္စ တော်တော်များများကို၊ ကျွန်တော် . . .၊ ပါဝင် ပတ်သက်ခဲ့တယ်ဆိုပါတော့။

www.burmeseclassic.com

www.burmeseclassic.com



ဆယ်တန်းလည်း သုံးခါကျအပြီး။ ကိုဖိုးထောင်ကြီးနဲ့လည်း၊ ဆရာတပည့်ဖြစ်အပြီးမှာတော့၊ ကျွန်တော် ပါမွှားမဟုတ်တော့ဘူး ဆိုပါတော့။

ရပ်ကွက်အနီးအနားမှာ၊ သီရိမင်္ဂလာဈေးကြီးက,လည်းရှိ၊ ဆိုတော့. . .၊ ကျွန်တော်တို့ရဲ့၊ စားကျက်ကြီးက၊ ကျယ်ကျယ်ပြောပြောပေါ့။

တစ်ခါတစ်ရံ ကိုဖိုးထောင် မအားတဲ့အခါမျိုးမှာ၊ လောင်းကစားဝိုင်းကို၊ သူ့ကိုယ်စား (လောင်းကစားမယ့် လူရဲ့၊ ကိုယ်ရံတော်အဖြစ်) ခါးကြားမှာ၊ ဓားမြှောင်ဆောင်ပြီး၊ လိုက်သွားပေးရတာမျိုးလည်း ရှိတာပေါ့။

"ဈေးထဲက၊ လူမိုက်ပေါက်စ,လေး
တွေဆီက,လည်း၊ ငွေရတယ်။
ဈေးထဲက၊ ပြည့်တန်ဆာခေါင်း
တွေ. . .ဆီကလည်း၊ ငွေရတယ်။
လောင်းကစားဒိုင်တွေ . . .လက်ခွဲ
တွေဆီကလည်း၊ ငွေရတယ်။
ဒီ ဝင်ငွေတွေအားလုံး၊ တရားဝင်
တဲ့ ဝင်ငွေတွေ၊ မဟုတ်ဘူး။
အလုပ်အကိုင် မယ်မယ်ရရ မပြနိုင်





ဘဲ၊ မင်း. . .ရွှေဆွဲကြိုးလက်သန်းလောက်
ဝတ်ပြီး၊ လက်မ,လောက်၊ ဟမ်းချိန်းကြိုး၊
ပတ်လိုက်ပြီ . . .ဆိုတာနဲ့။
မင်းဟာ. . .ဒုစရိုက်သမားပါ . .
လို့၊ ရဲကို လက်ကမ်းကြော်ငြာ ဝေသလိုဖြစ်
သွားမယ်။ ကြားလား"
"ဟုတ်ကဲ့"
"အဲဒါကြောင့်၊ ငါ. . .နေသလို .
. .နေ။
ကိုယ့်ကို၊ လူသိပ်မ[illegible]ိစေနဲ့။ လူ
တွေကိုတော့၊ ကိုယ်က . . . သိနေပေစေ"

ကိုဖိုးထောင်က၊ လုံချည်ကို နိုင်နိုင်ဝတ်ပြီး၊ အင်္ကျီကို၊ လုံချည်အပြင်ဘက် ထုတ်ဝတ်လေ့ရှိတယ်။ ကျောမှာ၊ ဒါမှမဟုတ်၊ ခါးပုံစ, နားမှာတော့၊ ဓားမြှောင်တစ်ချောင်း၊ အမြဲပါတယ်။ ဦးထုပ်ကို ဇိုက်စိုက်စောင်းလေ့ရှိတယ်။

ကျွန်တော်က,တော့၊ အားကစားဘောင်းဘီ (ဒါမှမဟုတ်) တန်လို့ကျောက်လို့ လွယ်ကူတဲ့ဘောင်းဘီမျိုးကို၊ အမြဲတမ်းဝတ်တယ်။ ကိုဖိုးထောင်လိုပဲ၊ ဦးထုပ်ဇိုက်စိုက်ဆောင်းတယ်။

ဓားမြှောင်ကိုတော့၊ အရေးမကြီးတဲ့အခါ၊ ညာဘက်



www.burmeseclassic.com

www.burmeseclassic.com



ခြေသလုံးမှာ၊ ကပ်ချည်ထားဖြစ်တယ်။

ကိုဖိုးထောင်နဲ့ တွေ့ပြီးတဲ့နောက်ပိုင်း၊ လွယ်အိတ်ထဲမှာ ဓားမြှောင်ဆောင်တဲ့ အလေ့အထမရှိတော့ဘူး။

ပြဿနာ ရှိတဲ့နေရာနဲ့ နီးနေရင်တော့၊ ခါးကြားထဲပဲ၊ ဓားထိုးထည့်ခဲ့တာပေါ့။

"လူမိုက်တော်တော်များများ၊
ဓာတ်သိမ်း မလှဘူးနော် ရဲမာန်"

ကျူရှင်ဆရာ ပေါက်စွလေး၊ ပြည့်ဝရဲ့၊ သတိပေးစကား။

"ငါ. . .လူမိုက်လုပ်စားဖို့၊ မဆုံး ဖြတ်ရသေးပါဘူး။

ငါ ပျော်သလို နေနေတဲ့ သဘော ပါ"

"အချိန်အတက် တစ်ခုခုကို၊ အမြဲ ဆောင်ထားပြီးမှ၊ ရှင်သန်နေထိုင်လို့၊ အဆင် ပြေတယ်လို့၊ ယုံကြည်နေတဲ့၊ မင်းကိုယ် . . .မင်း။ အခုထိ . . .လူမိုက်လို့၊ မယူဆ၊





သေးဘူးလား"

ကျွန်တော်က၊ ပြုံးပြီး၊ ခေါင်းခါလိုက်တယ်။ ပြီးမှ . . .

"ငါတွင် မဟုတ်ဘူး။ မင်းပါ ဓား ဆောင်သင့်တယ်။

လူ သူ ပြတ်လပ်တဲ့၊ နေရာတစ်ခုခု မှာ၊ မင်းဆီက၊ တစ်ခုခုကို၊ အလစ်သမား တစ်ယောက်ယောက်က၊ လုယူသွားတာမျိုး။ ဒါမှမဟုတ်၊ မင်းကို၊ ဓားထောက်ပြီး. . . အနုကြမ်းစီးသွားတာမျိုးနဲ့၊ ကြုံရင်၊ မင်း . . . ဘာလုပ်မလဲ"

"ရဲစခန်း သွားတိုင်မှာပေါ့"

"တိုင်ပြီ . . .ဆိုပါတော့။ မင်းဆီက အလုခံရတဲ့၊ ပစ္စည်း၊ ပြန်ရဖို့၊ သေချာပေါ့ မလား"

"လုတဲ့၊ တရားခံကို၊ ဖမ်းမိရင် တော့၊ ပြန်ရမှာပေါ့"

"ဖမ်း မမိရင်ရော. . ."

"......

..........



www.burmeseclassic.com

www.burmeseclassic.com



. . . . . . . ."

ပြည့်ဝ မဖြေနိုင်။

"အမှုကျူးလွန်ပြီးတော့မှ၊ တရားခံလိုက်ဖမ်းကြတာထက်၊ ကျူးလွန်တဲ့သူ၊ မရှိအောင်၊ ကြိုတင် ကာကွယ်ပေးနိုင်တာကိုမှ၊ လုံခြုံတယ်. . .လို့၊ ခေါ်တယ်ကွ။

ကိုယ့်ကိုသူများ အနိုင်ကျင့်တာခံရပြီးမှ၊ ရဲ. . .သွားတိုင်ရတာထက်၊ ကိုယ့်ကိုယ်ကို ကာကွယ်တဲ့အနေနဲ့၊ ကိုယ့်လက်နက်နဲ့. . .ကိုယ်။ ဆောင်ထားလိုက်တာက,မှ၊ ပို စိတ်ချရတာကွ"

"လက်နက်ကိုင်တယ်ဆိုတာ၊ ဥပဒေနဲ့ မညီဘူး . . .ရဲမှာန်"

"လက်နက်နဲ့ထောက်ပြီး၊ အလုခံရလို့၊ ပစ္စည်းတွေဆုံးရှုံးကြရတဲ့၊ အနိုင်ကျင့်ခံလူတွေ. . .၊ အများကြီး၊ ရှိနေသေးသမျှ၊ ကိုယ့်ကိုယ်ကို ကာကွယ်ဖို့၊ လက်နက်ဆောင်ထားဖို့ လိုတယ်ကွ။

ဘယ်နိုင်ငံမှာပဲ ဖြစ်ဖြစ်၊ လူတန်း





စား အားလုံးအပေါ်၊ နေရာ . . .ဒေသ . . . အချိန်အခါမရွေး၊ လုံခြုံမှုမပေးနိုင်သေးသမျှ၊ အဲဒီ နေရာဒေသမှာ၊ ပြီးပြည့်စုံတဲ့၊ တရား ဥပဒေ၊ မရှိသေးဘူး၊ မစိုးမိုးသေးဘူး . . . လို့၊ အဓိပ္ပာယ်သက်ရောက်တယ် ပြည့်ဝ။

ငါလိုလူတောင်၊ "ဘယ်နေရာမှာ၊ လူမိုက် . . .လူဆိုးရှိတယ်၊ ဘယ်နေရာမှာ အလောင်းအစားဒိုင်တွေ ရှိတယ်။

ဘယ်နေရာမှာ၊ ဒုစရိုက်လုပ်ငန်း ရှိတယ်ဆိုတာ၊ သိနေသေးတာပဲ။

ငါ့ထက် ပိုပြီး၊ တန်ဘိုးရှိတဲ့၊ ဥပဒေ ဘက်တော်သားတွေလည်း၊ အဲဒါတွေကို၊ သိနေကြရမှာ၊ အမှန်ပဲ။

သိနေရုံနဲ့၊ မပြီးဘူးလေ။ အများပြည်သူလုံခြုံဖို့၊ ရှင်းလင်းသုတ်သင်ရမှာ၊ မဟုတ်ဘူးလား"

"ဟုတ်တယ်လေ. . .၊ အဲဒါ . . . ဘာဖြစ်လဲ"

"ဪ. . .။ လူဆိုး . . .လူမိုက်



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသေးတယ်ဆိုတာ။ သူ . . .ရပ်တည်ဖို့၊ အခြေအနေမျိုးတွေ၊ ရှိနေသေးလို့ပဲ . . .လို့၊ မင်းကို ပြောပြနေတာပါ။

လက်နက်လည်း၊ မကိုင်ဆောင်ရဘူး။

အလုအယက် ခံရတဲ့အခါမျိုးမှာလည်း၊ ထိရောက်တဲ့၊ ကာကွယ်မှု မပေးနိုင်ဘူးဆိုရင်၊ အဲဒီနေရာ . . .ဒေသ,ကို၊ မလုံခြုံဘူး. . .လို့၊ ခေါ်တယ်. . .သူငယ်ချင်း"

"မင်း. . .၊ ဒီလိုတွေတောင်၊ သိနေတာပဲ ကွာ။

မင်း . . .လူမိုက် မလုပ်ပါနဲ့လား။ မင်း. . .လူမိုက်လုပ်စားသလို ဖြစ်နေတယ် . . .ရဲမာန်"

"အလုပ်အကိုင် မည်မည်ရရ မရှိတဲ့လူချင်း အတူတူ၊ အာဏာရှိသူကို၊ ဖားယားပြီး၊ ပြည်သူ့ချဉ်ဖတ်ဖြစ်ရတာမျိုးတွေထက်၊

လူမိုက်အချင်းချင်း၊ မိုက်ကြေးခွဲ





စားတာက,မှ၊ ယောကျ်ားပီသ,ပါသေးတယ်ကွာ။

အလိုတော်ယိတော့၊ လုပ်မစားဘူး သူငယ်ချင်း။ လူမိုက်ပဲ လုပ်စားမယ်"

"မင်းတို့၊ သီရိမင်္ဂလာဈေးထဲမှာ၊ မိုက်ကြေးသွားသွားခွဲနေတာကျတော့ရော၊

အဲဒါ . . .

ပြည်သူ့ချဉ်ဖတ် မဟုတ်ဘူးလား"

"ကောင်းရောင်းကောင်းဝယ် ရောင်းချနေတဲ့၊ သူတွေဆီမှာ၊ ငါတို့. . . ကွမ်းရွက်တစ်ရွက်တောင်၊ အလကား သွားမတောင်းဖူးဘူး။

အေး။ ဈေးကိုမှီပြီး၊ ဒုစရိုက်လုပ်စားနေတဲ့သူတွေရှိရင်တော့၊ သူတို့တွေ၊ သူတို့ကြောက်တဲ့ အဖွဲ့အစည်းတိုင်းကိုလည်း၊ နှုတ်ပိတ်ခ, ပေးရမှာပဲ။

ငါတို့ကိုလည်း၊ ပေးရမှာပဲ။ ဈေးကိုမှီပြီး၊ တရားမဝင်၊ ထီအလောင်းအစား လုပ်နေတာမျိုး. . .ဆိုရင်။ ငါတို့



www.burmeseclassic.com

www.burmeseclassic.com



မိုက်ကြေးသွားခဲ့တော့တာပေ့ါ။

အဲဒီလို လူမျိုးတွေရဲ့ ချဉ်ဖတ်ဖြစ်ရတာ၊ ငါ့, လိပ်ပြာသန့်ပါတယ်"

♡ ♡ ♡



မြက်ကြိုက်တဲ့ နွားက၊
ပဏ္ဍာမြားရဲ့တန်ဖိုးကို၊ မသိဘူး။

www.burmeseclassic.com

www.burmeseclassic.com

( ၁၁ )

"ဪ . . . မိုးမိုးသန်း။ ဘာဖြစ်နေတာလဲ . . ."

မိုးမိုးသန်း ဆိုတာက၊ ကျွန်တော့် ခြေရင်းအိမ်က၊ ဒေါ်အိမ်မိရဲ့၊ သမီး အငယ်လေ။

"အလုပ်က၊ ပြန်လာတာ. . ."

ပြင်ပ သူနာပြုအလုပ်ကို၊ လုပ်နေတယ်နဲ့ တူပါရဲ့။ အလုပ်နဲ့သက်ဆိုင်တဲ့ ဝတ်စုံကို၊ ဝတ်ထားတယ်။

"နင်က၊ သူနာပြု လုပ်နေတာလား"

"လူနာစောင့် လုပ်နေတာပါ။ နိုက်ဂျူတီပြီးလို့၊ ပြန်တာ။

www.burmeseclassic.com

www.burmeseclassic.com



ခုနက. . .ကောင်၊ ရည်းစား စကား
လိုက်ပြောနေတာ။ နေ့တိုင်းပဲ။
တော်သေးတယ်။ ကိုရဲမာန် လှမ်း
ခေါ်လိုက်လို့”
“အင်း။ ဒုက္ခပဲ။ အိမ်က လာမကြို
ကြဘူးလား”
“ဟင့်အင်း”
“နင် . . .ဘတ်(စ)ကားနဲ့ ပြန်ရ
မှာလား”
“ဟုတ်တယ်”
“ငါ . . .လိုက်မပို့တော့ဘူး။ ငါ.
. ., ကားငှားပေးလိုက်မယ်။ နင့်ဘာသာ၊
ပြန်လိုက်ပေါ့. . .။ နော်. . .”
“ဪ. . .။ ရပါတယ်။ ဘတ်(စ)
နဲ့ပဲ၊ ပြန်ပါ့မယ်။
ကိုရဲမာန် လှမ်းနှုတ်ဆက်ပေး
လိုက်တာကိုပဲ၊ ကျေးဇူးတင်လှပါပြီ”
“ကဲပါ။ ငြင်းမနေနဲ့။ ကြုံလို့ ကူညီ
တာ။ တက္ကစီနဲ့ပြန်။





ငါက . . .လိုက်ပို့ချင်ပါတယ်။
ဒါပေမဲ့. . .၊ ရပ်ကွက်က၊ သိတဲ့အတိုင်းပဲ။
တက္ကစီပေါ်က၊ အတူဆင်း
လိုက်တာနဲ့၊ စပ်စုကြဦးမယ်။
အဲဒါကြောင့်, လိုက်မပို့တာ”
ပြောပြီး၊ အငှားကားလာမည့်ဘက်ကို၊ မျက်နှာမူရင်း .

“အဲဒီ ဘဲလေးက၊ နေ့တိုင်း လိုက်
နေတာလား”
ခေါင်းညိတ်တယ်။
“သွားတာ. . .လာတာ . . .သတိ
ထားပေါ့ဟာ။
နင့်မှာ. . .အစ်ကို, မောင် ရှိတာ
မဟုတ်ဘူး။ နေတာလည်း အမေနဲ့ အစ်မနဲ့။
ငါ့နှမ အရင်းဆိုလည်း၊ ငါ. .
.နေ့တိုင်း၊ လာကြိုပေးပါတယ်။ သူငယ်ချင်း
ရှိလည်း၊ သူငယ်ချင်းနဲ့ အတူပြန်ပေါ့”
“အလုပ်ချိန် မတူကြဘူး”
“ဪ. . .”



www.burmeseclassic.com

www.burmeseclassic.com



ကားတစ်စီးကို၊ လက် လှမ်းပြ။

မိုးမိုးသန်း ပြန်မည့်နေရာ၊ ကားသမားကို ပြော။ ကားခ၊ ကို၊ ကျွန်တော် ထုတ်ပေး။

"ရတယ်. . .၊ ကျွန်မ ပေးမယ်"

ကျွန်တော် လက်ကာ။

ကားစက်နှိုး။

"မနက်ဖြန်ရော။
ဂျူတီက၊ ဒီ အချိန်ပြီးမှာပဲလား"
"ဟုတ်"

ခေါင်းညိတ်ပြပြီး၊ လက်ကို အနည်းငယ် လှုပ်ယမ်းပြလိုက်တယ်။ (ဒါ. . .မနက်ဖြန်၊ ဒီနေရာကို၊ ကျွန်တော် မလာချင့် လာချင်နဲ့ လာဦးမယ်. . .လို့၊ မသိမသာ၊ အသိပေးလိုက်တဲ့ . . . အမူအရာပေါ့)။

အခွင့်အရေးကို၊ ချောင်းမြောင်းနေတဲ့သူဟာ၊ လူဆိုး လူမိုက်ပဲ ဖြစ်ဖြစ်၊ လူကောင်းပဲဖြစ်ဖြစ်၊ (အနည်းဆုံး) အခွင့်အရေး တစ်ခုခုတော့၊ တွေ့ကိုတွေ့တာပါပဲ။ တွေ့တဲ့အခွင့်အရေးကို၊ သေသေချာချာ အသုံးချတတ်ဖို့တော့၊ လိုတာပေါ့။

ကားကို၊ အငမ်းမရ . . .ငှား။ ပြီးတော့ . . ., ကားပေါ် အတူတက်ထိုင်။ လိုက်ပို့။ ရမ်ကွက်ထိပ်အတူဆင်း . . .ဆိုရင်၊





မိုးမိုးသန်းကို၊ သေသေချာချာ ချဉ်းကပ်တဲ့အခွင့်အရေး၊ ဒီ. . . တစ်မနက်ပဲ၊ ရတော့မှာပေါ့။

သူ့ကိုငဲ့တဲ့အနေနဲ့၊ အတူမလိုက်ဘဲ၊ တမင် အကူအညီ ပေးပြီး၊ တမင် နေကျန်ရစ်ခဲ့တဲ့ ပုံစံဟာ၊ မိုးမိုးသန်းအဖို့၊ ကျွန်တော့်အပေါ်၊ အများကြီး စိတ်ချယုံကြည်စရာ ကောင်းတဲ့သူ . . .လို့၊ တွေးမြင်စေပါလိမ့်မယ်။

သည်းကြီးမည်းကြီး အရမ်းကာရော . . .အကူအညီ ပေးမိရင်၊ အတင်းဝင်ရောမိရင်၊ ကျွန်တော် သူ့ကို ချဉ်းကပ်တာ၊ သိသာသွားမှာအမှန်ပဲ။

ရတဲ့အခွင့်အရေးကို၊ အငမ်းမရယူမိရင်၊ အဲဒီအခွင့်အရေး ကို၊ ရေရှည်အသုံးပြုဖို့ဆုံးရှုံးရတတ်တယ်လေ။ ဒါကြောင့် . . ကိုယ်, လိုချင်တဲ့အခွင့်အရေးကို၊ တကယ်ရနေရင်တောင်၊ တည်တည်ငြိမ်ငြိမ်၊ လက်ခံကျင့်သုံးဖို့၊ လိုမယ်. . .လို့၊ ကျွန်တော်က,တော့၊ ထင်တာပဲ။



www.burmeseclassic.com

www.burmeseclassic.com

## ( ၁၂ )

"မင်း နာမည် ဘယ်သူလဲ"

"ဘာလုပ်မလို့လဲ"

ချီကြည့် ကြည့်လို့၊ ကျွန်တော် နားရင်း အုပ်ပစ်လိုက်တယ်။

"ဖောင်း"

"ဟာ . . ."

ခုနက၊ မိုးမိုးသန်းကို စကားလိုက်ပြောခဲ့တဲ့ ကောင်လေးဆီကို၊ ပြန်လာပြီး၊ ကျွန်တော့် လုပ်ထုံးလုပ်နည်းအတိုင်း၊ ကျင့်သုံးနေတယ်ဆိုပါတော့။

"မဟာနဲ့။ ငါ ပြောတာကို သေသေ

www.burmeseclassic.com

www.burmeseclassic.com



ချာချာ နားထောင်"

အကျီရင်ဘတ်ကို၊ စုဆွဲထားပြီး . . .

"မင်း . . ., ဒီနားက၊ ဇာပျံ

သိလား"

"သိတယ်"

"ဘာလို့ သိတာလဲ"

"ကိုဇာပျံက၊ ဒီနားမှာ ဖိုက်တာ"

"အဲဒီ ဇာပျံဆိုတဲ့ ကောင်ကို၊ မင်း

ရှေ့မှာ၊ ငါ . . ., ခေါ်ပြီး ပါးရိုက်ပြရမလား"

ခေါင်းခါတယ်။

အကျီရင်ဘတ်ကို၊ လွှတ်ပြီး စောင့်တွန်းလိုက်တယ်။

"မလောက်လေး မလောက်စားနဲ့၊

လမ်းပေါ်မှာ ဂေါ်လီမလုပ်နဲ့။

ငါ . . .ဘယ်သူလဲဆိုတာ သိချင်

ရင်၊ မင်း, ဖိုက်တာလို့ပြောတဲ့၊ ဇာပျံကို

သွားမေးကြည့်လိုက်"

"မမေးတော့ပါဘူး အစ်ကို၊

ကျွန်တော် သဘောပေါက်ပါပြီ"

"ပေါက်ရင်၊ ပြီးရော။ မင်း. . .





နာမည် . . .ပြော"

"သန်းနိုင်ပါ"

"သန်းနိုင် ပါ. . .လား။

မောင်သန်းနိုင်လား"

"မောင်သန်းနိုင်"

"ဟုတ်ပြီ။ ငါ့နာမည်. . .ရဲမာန်။

အပြည့်အစုံက၊ ရဲမာန်အောင်။ ငါ. . .ဘာလဲ

. . .လို့၊ အသေးစိတ် သိချင်ရင်၊ သိရီမင်္ဂလာ

ဈေးမှာ၊ လာ စုံစမ်း။ နည်းနည်းပါးပါး

သိချင်ရင်၊ ဇာပျံ့ကိုမေး၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့"

"ခုနက၊ မင်း . . ., စကားလိုက်

ပြောတဲ့ ကောင်မ,လေးကို၊ မင်း. . .သိလား"

"ဟုတ်ကဲ့ သိပါတယ်"

"ဘယ်လို သိတာလဲ။ ဘယ်

လောက် သိတာလဲ"

"ကျွန်တော်က၊ ဆယ်တန်းကျ

ကျန်ခဲ့တာ။ သူက. . .အောင်ပြီး. . .၊

တက္ကသိုလ် ဆက်တက်သွားတာ။



www.burmeseclassic.com

www.burmeseclassic.com



စတိတ်ကျောင်းမှာ၊ တစ်ကျောင်းတည်း၊ တက်ခဲ့ဖူးတယ်။ နာမည်က မိုးမိုးသန်း။

အခု . . .၊ လူနာစောင့်လုပ်နေတယ်"

"တစ်ကျောင်းတည်း၊ တက်ခဲ့ဖူးတယ်ဆိုတာ၊ သူ . . .သိလား"

"မသိသေးဘူး။ ကျွန်တော်. . . အခုမှ၊ လိုက်နေတုန်းပါ"

"ကောင်းပြီ။ လိုရင်းပြောမယ်"

"ဟုတ်ကဲ့။ ပြောပါ. . .အစ်ကို"

"အခု အချိန်က, စပြီး၊ နောက်ထပ် ခြောက်လ, အတွင်း၊ အဲဒီ မိုးမိုးသန်းရဲ့၊ ကိုက်တစ်ရာ ပတ်ဝန်းကျင်မှာ၊ မင်းကို၊ ငါ . . .မမြင်ချင်ဘူး။

ဘယ်လိုလဲ။ ငါ့ဆန္ဒကို၊ မင်း . . . လိုက်နာဖို့ အခက်အခဲရှိလား"

"မရှိပါဘူး"

"ခြောက်လ, ကျော်သွားရင်၊ မင်း





. . .ကြိုက်သလို. . .နေ။ အို–ကေ လား"

"ဟုတ်ကဲ့"

"မောင်သန်းနိုင်"

"ဟုတ်ကဲ့။ ပြောပါ"

"မင်းကို၊ နားရင်းအုပ်လိုက်လို့၊ မင်း စိတ်ထဲမှာ၊ အစာမကျေရင်၊ မင်း ကြိုက်သလိုရှင်းလို့ရတယ်နော်။

ဓာပျံ့ကို အားကိုးပြီး၊ ရှင်းချင်လည်း၊ မင်း. . .သွားခေါ်လိုက်။ ငါ. . .ဒီက, စောင့်နေပေးမယ်"

ကျွန်တော့်ရဲ့ မိုက်ရိုင်းရမ်းကားမှု အခြေအနေကို၊ သူ. . ရိပ်စားမိလောက်ပြီထင်ပါရဲ့။

"ကျွန်တော့် စိတ်ထဲမှာ၊ ဘာမှ၊ မရှိပါဘူး အစ်ကို။ ကျွန်တော် နားလည် ကျေနပ်ပါတယ်"

"အို–ကေ"



www.burmeseclassic.com

www.burmeseclassic.com

( ၁၃ )

"အစ်ကိုက၊ ရပ်ကွက်လူမိုက်. . .
တဲ့။ အမေ ပြောတယ်။ ဟုတ်လား"

"ဩော် . . .။ ဟုတ်လား. . .လို့၊
မေးစရာလား။ ကိုယ့်ဘာသာ၊ ခန့်မှန်းပေါ့"

မိုးမိုးသန်းက၊ စောင့်ငဲ့ကြည့်ရင်း . . .

"အင်း. . .။ လူမိုက်ပုံတော့
မပေါက်ပါဘူး"

ကျွန်တော်က . . .,

"ယောကျ်ား ပီပီသသ၊ အထိုး
အကြိတ်၊ အသတ်အပုတ်တော့၊ ဝါသနာ
ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားဖြစ်ပြီး၊ ဆံပင်သ, လိုက်၊ အလှပြင်လိုက်လုပ်တဲ့၊ ကိုရီးယား ကြောင်တွေထဲမှာလည်း၊ ငါ မပါဘူး။

ကိုယ့်အဝတ်အစား၊ ကိုယ်ဝယ် ဝတ်တာတောင်၊ နိုင်ငံခြားစတိုင်လိုက် ကြည့်ပြီး၊ ဝတ်တဲ့ကြောင်တွေထဲလည်း၊ ငါ မပါဘူး။

ယောက်ျား ပီပီသသ, တုတ်တုတ် ချင်း. . .ဓားဓားချင်း၊ ချရတာတော့၊ စိတ်ဝင် စားတယ်။

အဲဒါကို၊ လူမိုက်လို့၊ ယူဆ,ရင် လည်း၊ နင့် သဘောပေါ့"

"မယူဆ,ပါဘူး။ အမေ ပြောတာ၊ ပြန်ပြောပြတာပါ။

မိုးက. . .ကိုရဲမာန်၊ မိုးတို့အမေကို၊ စိတ်ဆိုးနေတယ်. . .လို့၊ ထင်ထားတာ"

"ဘာကို၊ စိတ်ဆိုးရမှာလဲ"

"ဟို. . .၊ ဟို. . .၊ ကိုရဲမာန်ရဲ့ အစ်မ၊ မကြော့ ကိစ္စ"





"အာ. . .။ အဲဒါ. . .ငါ့ ကိစ္စမှ မဟုတ်တာ။ ငါ့ အစ်မ. . .သူ့ဘာသာ၊ ကံ မကောင်းလို့ ဖြစ်တာပဲ။

ဖြစ်ဖြစ်ချင်းတော့၊ မောင် တစ်ယောက်အနေနဲ့၊ နည်းနည်းတော့ ရှက်မိ တာပေါ့။

နင့်အမေ၊ ဒေါ်ဒေါ်အိမ်ကိုတောင်၊ ငါ, လာမေးဖူးပါသေးတယ်။ . . .အခု၊ အဲဒီ ကိစ္စ၊ ငါ့ခေါင်းထဲမှာ၊ မရှိတာ၊ ကြာပြီ။

ပြီးတော့၊ ငါ. . .အိမ်မှာ၊ မနေတာ ကြာလှပြီ"

"သြော်. . .၊ အဲဒါကြောင့် သိပ်, မတွေ့မိတာကိုး"

"အိမ်မှာ၊ သိပ်မနေချင်ဘူးဟ။ အဲဒါကြောင့်၊ အပြင်မှာပဲ၊ သူငယ်ချင်းတွေနဲ့ နေတယ်"

"ဘယ် နားမှာနေတာလဲဟင်"

"ဘယ် ပြောမလဲ။ နင့်ကို ပြောပြ လိုက်ရင်။ တခြားသူတွေ သိကုန်မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ငါက. . .အေးအေးဆေးဆေးပဲ၊ နေချင်လို့၊ ငါ ဘယ်မှာနေတယ်ဆိုတာ အမေ့ကိုတောင်၊ မပြောဘူး"

"မိုး . . .ဘယ်သူ့မှ၊ ပြန်မပြောပါဘူး။ သိချင်လို့၊ မေးကြည့်ရုံပါ"

"နောက်မှ၊ ပြောပြမယ်"

"ဩော်. . ၊ တစ်ခု ပြောပြရဦးမယ်"

"ဘာများလဲ"

"အမေ့ မောင်၊ ဦးမြ။ သူ့နယ်မှာ၊ အရိုက်ခံရတာ၊ အဲဒါ. . .ကိုရဲမာန် စနက် . . .တဲ့။ အမေ . . .အဲလို၊ ထင်နေတယ်"

(အဲဒါ အမှန်ပဲ. . .လို့၊ ကျွန်တော် ပြောပြလိုက်ချင်ပါရဲ့)။

"အင်း။ အထင်လွဲခံရမယ့်၊ ကံပါလာတယ်ပဲ၊ ယူဆ, လိုက်ပါဟာ။ ငါ . . မဖြေရှင်းတော့ပါဘူး။

ငါက . . .မိသားစုထဲမှာတောင်၊ နေလို့၊ သိပ် အဆင်ပြေတဲ့သူ မဟုတ်တော့၊ သူစိမ်း အထင်လွဲတာ၊ သိပ်, မထူးဆန်းတော့ပါဘူး"





"မိုးက၊ အထင်မလွဲပါဘူး။ အိမ်က . . .ထင်နေကြတာကို၊ ခင်လို့၊ ပြောပြတာပါ"

"ပြောပြတာကို၊ ကျေးဇူးတင်တယ်။ ဒါနဲ့. . .မနေ့က၊ ကားငှားပေးလိုက်တာ၊ အိမ်ကို၊ ပြောပြသေးလား"

"အမလေး။ မပြောရဲပါဘူး။ အမေနဲ့အစ်မနဲ့က၊ ကိုရဲမာန်ကို၊ လူမိုက်လို့၊ ထင်နေတာပါဆို"

"ကံဆိုးလိုက်တာ"

"ဘာကို၊ ကံဆိုးတာလဲ"

"ဩော် . . .၊ သူများ၊ အထင်လွဲတာ ခံရတာ။ ကံဆိုးတာပေါ့"

"ဟွန့်။ မိုးမှ. . .အထင်မလွဲတာ" (သက်ပြင်းတမင်ချ)။

"ဟင်း"

"ဘာဖြစ်လို့လဲဟင်"

"နေ့တိုင်းလည်း၊ အခုလိုလာကြို ချင်တယ်။ ဒါပေမဲ့. . .သင့်တော်ပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



လည်း စဉ်းစားရတယ်။

သူတစ်ပါးနှောင့်ယှက်မှာကိုလည်း၊ စိတ်ပူတယ်။ ဘာလုပ်ရမှန်း၊ မသိဘူး။ စိတ်မောတယ်"

(ရယ်သံလေး တလွင်လွင်ဖြင့်)

"မမောပါနဲ့။ အခုလို . . .လာစောင့်ကြိုပေးတာ၊ သိပ် ကျေးဇူးတင်တယ်။

. . အိမ်နားအထိတော့၊ လိုက်မပို့နဲ့ပေါ့။ ရပ်ကွက်နဲ့၊ အနီးဆုံးအထိ၊ လိုက်ပို့ပေးလေ"

"အင်း။ တော်ပါသေးရဲ့"

"ဘာကိုလဲ"

"ကာယကံရှင်၊ ခွင့်မပြုမှာ ပိုစိုးရိမ်နေတာလေ"

"သြော်. . .။ ဘာများလဲ. . .လို့။ ဒါနဲ့။ မနေ့က၊ ဟိုကောင်လေးကို၊ တစ်ခုခုသွားပြောလိုက်သေးတာလား"

"အင်း"

"ဟင်။ ဘာသွားပြောတာလဲ။





ရန်ဖြစ်ခဲ့သေးတာလား"

"ရန်မဖြစ်ပါဘူး။ သွားတောင်းပန်လိုက်တာပါ"

"ဘယ်လိုတောင်းပန်လိုက်တာလဲ"

"မင်း လိုက်နေတဲ့၊ ကောင်မ,လေးက၊ ငါ ငယ်ငယ်ကတည်းက၊ တစိမ့်စိမ့်ငေးကြည့်နေခဲ့ရတဲ့၊ ငါ့ အိမ်နားက၊ ငါတို့ရပ်ကွက်ရဲ့. . .သဇင်ပန်းလေးပါ။

ငါတို့ . . .တစ်ရပ်ကွက်လုံး၊ မထိရက် . . .မတို့ရက်နဲ့၊ မြတ်မြတ်နိုးနိုး၊ အဝေးက,နေ၊ ငေးကြည့်နေကြရတဲ့. . .တော်ဝင်သဇင်လေးကို၊ လိပ်ပြာလေးတစ်ကောင်၊ ခဏနားပြီး . . .ပျံပြေးသွားတဲ့အခါ၊ သဇင်ပန်းလေး၊ လှုပ်ယိမ်းသွားခဲ့ရင်တောင်၊ ငါ. . .ရင်ကွဲမတတ် ခံစားရမှာ။

အဲဒါကြောင့်၊ မင်း. . .၊ သူ့ကို မသနားတတ်ရင်တောင်၊ ငါ့ကိုသနားတဲ့အနေနဲ့၊ သူ . . .စိတ်အနှောင့်အယှက်ဖြစ်အောင်၊ မလုပ်ပါနဲ့ကွာ. . .လို့၊ တောင်းပန်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာပေါ့။ ကာယကံရှင်က၊ မင်းကို. . လိုလားတယ်. . .ဆိုရင်တော့၊ ငါ. . .မင်းကို၊ ပြန်လာခေါ်ပါ့မယ်. . .လို့၊ မှာခဲ့တယ်။ မနေ့က. . ."

"အန်။ မလိုလားပါဘူး။ ကိုရဲမာန် နော်။

မိုး. . .အဲဒီကောင်လေးကို၊ တကယ်မသိဘူးနော်။ ပေါက်ကရတွေ. . . သွားမပြောနဲ့"

"ခွင့်ပြုချက် မရရင်၊ ဘယ်လိုမှ၊ အစီရင်ခံစာ၊ မတင်သွင်းပါဘူး"

ပြုံးသော . . .မျက်စောင်း။



## ( ၁၄ )

"သိန်းနှစ်ဆယ် အစိပ်လောက် တန်တဲ့ ဆယ်လူလာဖုန်းကိုတောင်၊ ကိုရဲမာန် ကိုင်နိုင်တယ်ဆိုတော့၊ ကိုရဲမာန် သူဌေးဖြစ်နေပြီလားဟင်။ သူဌေးဖြစ်သွားလို့၊ ရပ်ကွက်ထဲ၊ မလာတော့တာလား"

"ဒီ. . .ဆယ်လူလာဖုန်းက၊ ငှားကိုင်တာပါ။ ကိုယ်ပိုင်မဟုတ်ပါဘူး။

ဘာလဲ. . .။ သူဌေး. . .လို့၊ ထင်ပြီး . . .စကားလက်ခံပြောနေတာလား"

"အာ . . .။ အဲလို မဟုတ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



မိုးက . . .၊ ဝမ်းသာချင်လို့၊ မေးတာပါ။

ဒါနဲ့ . . .၊ ကိုရဲမာန်က၊ ဘာအလုပ် လုပ်တာလဲဟင်"

"ပုဂ္ဂလိက၊ လုပ်ငန်းလုပ်တာ။ တော်ရုံတန်ရုံလူ၊ သိမှာမဟုတ်ဘူး"

"ဘာလုပ်ငန်းမို့လို့လဲ"

"ပုဂ္ဂလိက၊ အကောက်ခွန်ဦးစီး ဌာန"

"ပုဂ္ဂလိက၊ အကောက်ခွန်ဦးစီးဌာန ရှိတယ်။ ဟုတ်လား"

"ရှိတယ်။ ဒါပေမဲ့ . . .၊ ဒါ . . ., လျှို့ဝှက်အဖွဲ့အစည်း။

ဂျင်ဝိုင်း . . .ဖဲဝိုင်း . . .နှစ်လုံးထီဒိုင် . . .သုံးလုံးထီဒိုင် . . .ဘောလုံးပွဲဒိုင် . . .။

အဲဒီ ဒိုင်ပွေ . . .၊ လက်ခွဲတွေဆီ ကနေ၊ ငါတို့က၊ အခွန်ကောက်ရတာ။ အဲဒီ ဒိုင်တွေက . . .တခြား တော်ကြီးကျတဲ့ အဖွဲ့ အစည်းတွေကိုလည်း၊ ပေးရတာပေါ့"

"တော်ကြီးကျတဲ့၊ အဖွဲ့အစည်း





ဆိုတာ၊ ဘာကိုပြောတာလဲ"

"သြော် . . .။ တော်နေတဲ့ အဖွဲ့ အစည်းတွေကို၊ ပြောတာပါ။ အဲဒီအဖွဲ့ အစည်းတွေ . . .၊ နင် . . .,သိမှာ၊ မဟုတ်ဘူး။

တရားမဝင် . . .ရောင်းတဲ့၊ အရက် ဆိုင် . . .ဘီယာဆိုင်တွေက,လည်း၊ အဲဒီ . . . တော်နေတဲ့အဖွဲ့အစည်းတွေကို၊ လိုင်းကြေး လို့၊ ခေါ်တဲ့ အခွန်ပေးရတယ်။

ငါတို့၊ ပုဂ္ဂလိက၊ အခွန်ဦးစီးဌာန က,လည်း၊ အဲဒီအခွန်ကို၊ ကောက်ရတာပဲ။

ပြီးရင် . . .ဆင်းရဲနွမ်းပါးတဲ့ မိသားစုတွေကို၊ စေတနာရှိသလောက် ထောက်ပံ့တယ်။

ဟိုး . . .အလုံမြို့နယ်က၊ ကိုစိုးမြတ် . . .ဆိုတဲ့၊ ငါတို့အသိ၊ အစ်ကိုကြီးတစ် ယောက်ဆိုရင်၊

ဆင်းရဲတဲ့၊ မိသားစုတွေကို အများ ကြီး၊ ထောက်ပံ့တယ်။ ဒါပေမဲ့ . . . ဟိုတလောက၊ သူ . . .သေသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား။ ဘာဖြစ်လို့ သေသွားတာလဲ"

"ပုဂ္ဂလိက၊ လုပ်ငန်းရှင်တချို့နဲ့ မသင့်မြတ်လို့၊ အစိုးရမဟုတ်သော ပုဂ္ဂလိက လုပ်ငန်းရှင်၊ ကာကွယ်ရေးအဖွဲ့ဝင် တစ်ယောက်က သတ်လိုက်တယ်. . .လို့၊ ကြားတယ်"

"အစိုးရမဟုတ်သော. . ၊ ပုဂ္ဂလိက၊ လုပ်ငန်းရှင်၊ ကာကွယ်ရေးအဖွဲ့၊ ဟုတ်လား . . .ကိုရဲမာန်"

"အင်း။ ဟုတ်တယ်"

"မကြားဖူးဘူး"

"အခု. . .၊ နင် ကြားဖူးအောင်၊ ငါ. . .ပြောပြနေတယ်လေ။

ငါက. . .အဲဒီ အစိုးရမဟုတ်သော၊ ပုဂ္ဂလိက၊ လုပ်ငန်းရှင် ကာကွယ်ရေးအဖွဲ့ရဲ့၊ အဖွဲ့ဝင်. . .တပ်သား။

နောက်ပြီး. .ပုဂ္ဂလိက၊ အကောက်ခွန်ဦးစီးဌာနရဲ့၊ နယ်မြေတာဝန်ခံ။





အဲဒါကြောင့်. . .၊ ငါက. . .နီးစပ်ရာ၊ မြို့နယ်တွေကို၊ လျှောက်သွားနေရတာ"

"ကိုရဲမာန်ကြီးက မိုးမှကို. . . ပေါက်ကရတွေ၊ လျှောက်ပြောနေတာ မဟုတ်လား"

"မယုံလို့လား"

"ယုံတော့ ယုံချင်ပါတယ်။ ဒါပေမဲ့ . . .၊ မကြားဘူးလို့ပါ"

"ဒုစရိုက်လုပ်ငန်းရှင်တွေဆီက၊ လိုင်းကြေးတောင်းစားနေရတဲ့၊ အဖွဲ့အစည်းတွေ. . .အများကြီး ရှိတယ်. . .ဆိုတာ၊ နင် ကြားဖူးလား"

"ဟင့်အင်း. . ."

"အခု ကြားဖူးပြီ၊ မဟုတ်လား"

(မိုးမိုးသန်း၊ ခေါင်းညိတ်တယ်)။

"အေး။ တချို့. . .မကြားဘူးပေမယ့်၊ ရှိနေတာတွေ. . .၊ အများကြီးပဲ။

နင်. . .တက္ကသိုလ်ကျောင်းတက်လို့၊ ပြီးသွားပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



"ပြီးသွားပြီလေ"

"အခု. . .နင်လုပ်နေတဲ့အလုပ်က၊ နင်. . .ရတဲ့ ဘွဲ့နဲ့၊ ဆိုင်ရဲ့လား"

"ဆိုင်တော့၊ မဆိုင်ဘူးပေါ့။ ဒါပေမယ့်. . .ရရာလုပ်နေတဲ့သဘောပေါ့"

"အေး. . .။ တက္ကသိုလ်ကျောင်းသားတချို့။ ကျောင်းပြီးလို့၊ အလုပ်မရှိလို့၊ အလောင်းအစားလက်ခွဲဒိုင်လုပ်မိပြီး၊ ထောင်ကျသွားရတာတွေ. . .အများကြီးပဲ။ အဲဒါရော. . .နင်ကြားဖူးလား"

"မကြားဖူးဘူး"

"အေး. . .၊ နင်၊ ငါ့ကြောင့် ကြားဖူးတာ။ ငါ့ကို ကျေးဇူးတင်။ နင်. . .ဗဟုသုတတွေ အများကြီးရလာမယ်"

"အိမ်လည်ခေါ်မယ်ဆို"

"ငါ. . .မအားသေးဘူး။ နင်လည်း. . .အကြာကြီး၊ အားတဲ့. . .နေ့။ ငါလည်း. . .အလုပ်ပါးတဲ့နေ့၊ ခေါ်ပါ့မယ်။

အဲဒီနေ့ကျရင်၊ ဟင်းတွေ. . .





အများကြီး ချက်ကျွေးမယ်"

"ကိုရဲမာန်က၊ ချက်တတ်လို့လား"

"ဆိုင်က ဝယ်တဲ့ဟင်းကို၊ ပန်းကန်ထဲထည့်မွေလိုက်မှာပေါ့။ ဟဲ ဟဲ"

(ကျားတစ်ကောင်ရဲ့၊ ရင်ထဲက ဟိန်းသံကို၊ သူ. . .မကြား။ ဝံပုလွေတစ်ကောင်ရဲ့၊ စိတ်ထဲက ယုတ်မာမှုကို၊ သူ. . .မမြင်။ ဆင်ရိုင်းတစ်ကောင်ရဲ့အငြိုးကြီးမားမှုကို၊ သူ. . .မသိ။ ဒါပေမဲ့. . .သူ. . .ပြုံးပျော်နေတယ်)



www.burmeseclassic.com

www.burmeseclassic.com

( ၁၅ )

မိုးမိုးသန်းကို၊ ခေါ်လာတဲ့ တိုက်ခန်းက၊ ကိုဖိုးထောင်တို့၊ ညီအစ်ကို၊ သုံးယောက်နဲ့ကျွန်တော်နဲ့ ခိုအောင်းတဲ့၊ နေရာပေါ့။

မိဝေး. . .ဘဝေး. . .၊ ကိုယ်လုပ်ချင်ရာ လုပ်ဖို့၊ စီစဉ်ဖန်တီးထားတဲ့၊ နေရာဆိုပါတော့။

"ဒါ. . .ကိုရဲမာန် တစ်ယောက်တည်းနေတာလား"

"သူငယ်ချင်းတွေနဲ့၊ နေတာ။ သူတို့ အလုပ်သွားတယ်"

မိုးမိုးသန်းက၊ တိုက်ခန်းအနှံ့၊ လျှောက်ကြည့်လေ့လာနေတာပေါ့။

"လိုက်သာ၊ လာရတာ၊ စိတ်ထဲမှာ၊ တစ်မျိုးကြီးပဲ။ ကြောက်သလိုပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကို၊ ကြောက်တာလဲ"

"သိဘူး"

"ကဲ. . .လာ။ နင့်ကို ငါ. . . ပြန်ပို့မယ်"

"ဟင်။ ဘာဖြစ်လို့လဲ"

"ကြောက်တယ်. . .ဆိုတာ၊ စိတ်ချင်း. . .မရင်းနှီးတာဘဲ။

စိတ်ချင်းမရင်းနှီးဘဲနဲ့တော့၊ ငါ. . , ဘယ်သူနဲ့မှ၊ မပတ်သက်ချင်ဘူး။

အဲဒါကြောင့်၊ ငါ. . .ပြန်လိုက်ပို့မယ်။ နင့်ကို"

"ဟုတ်ဘူး။ ကြောက်တယ်ဆိုတာ ရင်တွေခုန်နေတာကို၊ ပြောတာ။

ပြီးတော့. . .ပြန်လို့လည်း၊ မဖြစ်ဘူး။ အိမ်ကို၊ အလုပ်ရှိတယ်. . .လို့၊ လိမ်ပြောခဲ့မိတာ"

"သြော်. . ."

"မပြန်ဘူးနော်။ မကြောက်တော့ဘူး။ သိလား"





အကြည့်ချင်းဆုံအောင်၊ တမင်ကြည့်ပစ်လိုက်တယ်။ သူ့ကလည်း၊ ပြန်ကြည့်။ ကိုယ်ကလည်း. . .ပြန်ကြည့်။ သူ . . .မျက်လွှာချ။ ကိုယ်က. . .သူ့ပါးလေးကို မထိတထိ။ ဟန်ဆောင်မြတ်နိုးမှုနဲ့ ဖွဖွရွရွ။

ရင်ခွင်ထဲကို၊ သူ. . .ခိုဝင်။ ခိုဝင်သူကို၊ ယုယပိုက်ထွေး။ (အာရုံထဲမှာ၊ တောခွေးအူသံကြားလိုက်တယ်)။

တစ်ရက်၊ နှစ်ရက်၊ သုံး,. . .လေးရက်။ တစ်ပတ်၊ နှစ်ပတ်၊ သုံး, . . .လေးပတ်။ တစ်လ၊ နှစ်လ၊ သုံး,. . .လေးလ, ကြာတော့၊ မိုးမိုးသန်းဆိုတာ၊ ကြောင်တစ်ကောင် ဆော့ချင်သလို ဆော့ကစားလို့ရတဲ့၊ ကြွက်သေလေးတစ်ကောင်လို၊ ဖြစ်နေရတော့တာပေါ့။

ကျွန်တော်. . .,

သူ့ အလုပ်ကို သွားပြီး ကြိုစရာမလိုတော့ဘူးလေ။ သူနဲ့ နှစ်ယောက်တည်း၊ ဆုံတွေ့နေကျ၊ တိုက်ခန်းက,ပဲ၊ သူ့အလာကို၊ စောင့်နေရုံပဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ရှော့. . .။ ဒါ. . .ကျုပ်နေတဲ့၊ တိုက်ခန်းရဲ့. . .သော့။ အဲဒီသော့ကို၊ အခု သွားဖွင့်လိုက်။ အိပ်ရာပေါ်မှာ၊ ခင်ဗျားသမီး မိုးမိုးသန်း အိပ်ပျော်နေလိမ့်မယ်"

"ဘာ"

ဒေါ်အိမ်မိ လက်ထဲကို၊ သော့တံ သေသေချာချာ ထည့်လိုက်ပြီး. . .

"ကျုပ်အစ်မ၊ ကြော့ကြော့ခမြာ၊ ဘယ်ဟာ၊ လူပျို၊ လူလွတ်။ ဘယ်ဟာ မလွတ်မကင်းဆိုတာကို၊ ခွဲခြားတတ်အောင်။ ကျုပ်၊ မိဘ. . .သင်မပေးနိုင်ခဲ့လို့၊ ဘဝ၊ နစ်မွန်းပြီးပြီ။ ရပ်ကွက်ထဲမှာ၊ အရှက်ကွဲပြီးပြီ။

အခု. . .ခင်ဗျားသမီးအငယ်၊ မိုးမိုးသန်း။

ဘယ်ဟာ၊ လူကောင်း၊ ဘယ်ဟာ၊ လူဆိုး။ ဘယ်ဟာ. . .လူလိမ်မှာ၊ ဘယ်ဟာ၊ လူမိုက်ဆိုတာ၊ မခွဲခြားတတ်လို့၊ ကျုပ်နဲ့ ပတ်သက်ပြီးပြီ"





"နင်. . ., နင်။ ယုတ်မာလှချည်လား"

"ခင်ဗျားက၊ မဆိုးမ,မို့လို့၊ ကျုပ် . . .ဒီလောက်ပဲ၊ ယုတ်မာလိုက်တာ။

ကျုပ်အစ်မ, အရှက်ကွဲတာ၊ ဒီ. . . တစ်ရပ်ကွက်လုံး၊ နီးပါးသိတယ်။

အခု. . .ခင်ဗျားသမီးက၊ နစ်မွန်းရုံပဲ ရှိသေးတယ်၊ လူသိ,ရှင်ကြား၊ အရှက်မကွဲသေးဘူး။

လူသိ,ရှင်ကြား ဖြစ်ချင်ရင်၊ ကြိုက်တာ . . .လုပ်။ ကြိုက်တဲ့နေရာ . . .တိုင်။ ကျုပ်က, သေဖို့လည်း၊ ဝန်မလေးဘူး။ သတ်ဖို့လည်း၊ ဝန်မလေးဘူး။ ထောင်ထဲဝင်ဖို့လည်း၊ အဆင်သင့်ပဲ။

ကျုပ်, ထောင်ထဲဝင်ရပြီဆိုတာနဲ့၊ ခင်ဗျားတို့မိသားစုကို၊ ကိုဖိုးထောင်၊ လာသတ်မှာပဲ။ ဒါကြောင့်၊ ကြိုက်တာ လုပ်ခွင့်ရှိတယ်။

ဒီ. . .အခန်းက၊ နောက်,နှစ်ရက်

www.burmeseclassic.com



ဆို၊ ငှားထားတဲ့. . .လ, ပြည့်ပြီ။ ခင်ဗျား သမီးကို, ခင်ဗျား၊ သွားခေါ်လိုက်တော့။

သူ. . ., ကိုယ်ဝန်ရှိနေပြီလို့တော့၊ ပြောတယ်။ လင်ကောင်ဖော်ခိုင်းဖို့တော့၊ ကျုပ်ဆီမလာနဲ့၊ ထောင်အကျခံဖို့ပဲ၊ ကျုပ် ဆုံးဖြတ်ထားတယ်"

"ဟယ်. . .၊ ဘုရား. . .ဘုရား။ ရဲမာန်. . .၊ နင်. . .ပက်စက်လှချည်လား ဟင်"

"ကျုပ်အစ်မ ကြော့ကြော့ ကိစ္စ တုန်းက၊ ခင်ဗျား ဘာပြောထားလဲ။

ကိုယ့်ပြဿနာကိုယ်ရှင်းလို့၊ ပြောခဲ့တာ မဟုတ်လား။ ကျုပ်အစ်မ. . . ကျုပ်အမေ. . .ပြီးတော့. . .ကျုပ်။ ဘယ်လို ခံစားရမလဲဆိုတာတောင်၊ ခင်ဗျား စာနာ ပေးခဲ့ရဲ့လား။ သမီးချင်း စာနာတဲ့ စိတ်မျိုး ရောရှိခဲ့ရဲ့လား။

ကျုပ် ပက်စက်တာ၊ ခင်ဗျား





တစ်ယောက်တည်းသိရုံလောက်ပဲ၊ ပက်စက် တာပါ။ ဘယ်. . .ပတ်ဝန်းကျင်မှ၊ မသိသေး ပါဘူး။

ကဲ. . .၊ ကျုပ် သွားပြီ။ ကိုယ့်သမီး ကိုယ်၊ အမြန်သွားခေါ်လိုက်တော့။

သမီး မိန်းကလေးမွေးထားပြီး၊ ဘဝ,လုံခြုံအောင်၊ ဘာမှလည်း၊ သင်မပေး ထားကြဘူး။

ထွီ. . ."

(သိပ် မကြာခင်၊ ဒေါ်အိမ်မိတို့၊ အိမ်ပြောင်းသွားကြတယ်၊ ကြားတာပဲ။ တခြား ဘာပြဿနာမှတော့၊' မရှိလောက်ဘူး ထင်ပါရဲ့။ ကျွန်တော့်ကို ဘယ်လို၊ ဆက်သွယ်မှုမျိုးနဲ့မှ၊ မိုးမိုးသန်း မဆက်သွယ်ရှာတော့ဘူး။ တကယ်တော့၊ သူက. . . မြေစာပင်ပါ)။



www.burmeseclassic.com

www.burmeseclassic.com

( ၁၆ )

(ပြည့်ဝ,ကိုတော့၊ မိုးမိုးသန်း ကိစ္စ၊ ကျွန်တော် လုံးဝ. ., မဟ,ခဲ့ပါဘူး။ ဒါပေမဲ့. . .၊ သ ရိပ်မိမှာပါ)။

"မင်းတို့ ခြံရင်းအိမ်က၊ ဒေါ်အိမ်မိ တို့၊ မိသားစု အိမ်ပြောင်းသွားကြတာ၊ မင်း သိလား"

"ပြည့်ဝ။ ငါတို့ ခြံရင်းအိမ်လို့ မသုံးနှုန်းစမ်းပါနဲ့။ အဲဒါ ငါ့အိမ် မဟုတ် ဘူး။ အဲဒါ. . .ငါ့ အဖေ အိမ်။

ငါ. . .၊ အမေ့ကို၊ တွေ့ချင်ရင် ခဏလာတဲ့အိမ်ပဲ"

"မင်းက,တော့၊ ဖခင်ကို၊ အခုထိ

www.burmeseclassic.com

www.burmeseclassic.com



ပြစ်မှားတုန်းပဲ နော်"

"ပြစ်မှားမိမှာစိုးလို့၊ ငါ. . .အိမ်မှာ မနေတာလေကွာ"

"ကဲပါ။ ငါ. . .စကားမှားသွားတယ်ပဲထားပါ။ ငါ မေးတာက. . .၊ ဒေါ်အိမ်မိတို့၊ မိသားစု အိမ်ပြောင်းသွားတဲ့ ကိစ္စ။ မင်း သိလား. . .လို့၊ မေးတာကွ"

"ငါ ဘယ်သိမလဲ"

"မင်း. . .အဲဒီ့အိမ်ထဲ၊ ဝင်သွားပြီး။ နောက်, ရက်ပိုင်းလောက်မှာ၊ သူတို့အိမ်ပြောင်းသွားကြတာ။ သတိထားမိတဲ့သူတွေ. . .၊ ရှိတယ်"

"ငါ. . .ငါ့အမေဆီလာရင်း၊ သူတို့အိမ်ကို၊ ကြုံလို့ ဝင်သွားတာပါ"

"မင်း. . .အဲဒီ့၊ ဒေါ်အိမ်မိကြီးကို မကျေနပ်ထားဘူးလေကွာ"

"မင်းက၊ ငါ့ကို၊ အမှုစစ်သလို၊ စစ်နေတာလား. . .ပြည့်ဝ"

"မင်း. . .ပြောမပြချင်လည်း၊ နေပါရဲမာန်ရယ်။ အမှုစစ်သလိုတော့၊ ငါ, မစစ်ပါဘူး။

မင်းနဲ့ မိုးမိုးသဲန်းနဲ့၊ အငှားကားပေါ် အတူတူတက်သွားတာကို၊ ငါ. . .မြင်ထားဖူးလို့, မေးတာပါ။

အဲဒီလို၊ မြင်လိုက်ကတည်းက၊ အဲဒီ့မိသားစုကို၊ မင်း. . .တစ်ခုခုလုပ်တော့မယ်ဆိုတာ၊ ငါ ခန့်မှန်းမိပါတယ်။

မင်း ဘယ်မှာ၊ ကျင်လည်နေမှန်း မသိလို့၊ အခုလို တွေ့တုန်းမေးရတာပါ။

ဒေါ်အိမ်မိတို့၊ ရုတ်တရက်ကြီး အိမ်ပြောင်းသွားကြရတာ၊ မင်း. . .ပယောဂလို့၊ ငါ. . .ခန့်မှန်းနိုင်တယ် သူငယ်ချင်း"

"အဲဒီလို ခန့်မှန်းနိုင်တော့၊ မင်း. . .ဘာအကျိုးရှိလို့လဲ"

"ငါ့ အကျိုးမပါ,ပါဘူး။ မင်း အကျိုး မယုတ်အောင်ဘဲ၊ ငါ, အာရုံထားတာပါ။

သူငယ်ချင်း အချင်းချင်း၊ တားလို့မရလို့၊ မင်း. . ., လူမိုက်လုပ်နေတာ၊ ငါ







www.burmeseclassic.com

www.burmeseclassic.com



သိပေမယ့်၊ ငါ. . .မတားနိုင်ပါဘူး။

တားလို့မရမယ့်အတူတူ၊ တစ်ခုတော့ ပြောချင်တယ်။ လူမိုက်လုပ်ချင်. . . လုပ်။ လူယုတ်မာတော့၊ မလုပ်ပါနဲ့ကွာ”

“ဟား . . .။ ပြည့်ဝ။ မင်း . . . တကယ့် ကျောင်းဆရာလေသံပဲ။

ဟောဒီ လူ့လောက၊ကြီးထဲမှာ၊ လူကောင်းယောင်ဆောင်ပြီး၊ ယုတ်မာနေတဲ့၊ လူယုတ်မာတွေ. . .၊ ဘယ်နှစ်ယောက်လောက်ရှိမယ်လို့၊ မင်းထင်သလဲ။ ဟင်. . ပြည့်ဝ။ မင်း ခန့်မှန်းကြည့်စမ်းပါ”

“ငါ မခန့်မှန်းတတ်ဘူး။ ဒါပေမဲ့ . . .၊ မင်း ရှေ့မှာ ရှိနေတဲ့၊ ငါ. . .ပြည့်ဝ။ လူယုတ်မာ မဟုတ်ဘူးလေ”

“မင်း. . .ကိုယ်တိုင်၊ လူယုတ်မာ မဟုတ်ရုံနဲ့၊ မပြည့်စုံဘူး ပြည့်ဝ။

မင်း ဘေးနားမှာ၊ မင်း . . .ခပ်ဝေးဝေးမှာ၊ လူယုတ်မာဘယ်နှစ်ယောက်ရှိနေနိုင်သလဲဆိုတာ၊ မင်း. . .လေ့လာထား။





ငါက . . .လူဆိုး၊ လူမိုက်။ လိုအပ်ရင်၊ ယုတ်မာဖို့လည်း၊ အဆင်သင့်ပဲ။

ဒါပေမဲ့. . .လူကြီးလူကောင်းယောင်ဆောင်ပြီး၊ ငါ. . .မယုတ်မာဘူး။

အိမ်မှာ၊ သမီးမိန်းကလေးမွေးထားတဲ့၊ လူ အကြီးကြီးတွေ၊ မီးရောင်မှိန်မှိန်အောက်က၊ ကိုယ့်သမီးအရွယ်လောက်လေးတွေနဲ့၊ လူမသိ. . .သူမသိ၊ နပမ်းလုံးနေကြတာမျိုးကိုရော။ အဲဒီလို၊ လူတွေကို . . . လူယုတ်မာလို့၊ မထင်ဘူးလား။

အိမ်က. . .ကိုယ့်သမီးမှ သမီးလို့ယူဆ။ တခြားက သမီးအရွယ်တွေကိုတော့၊ ထိကပါး ယိကပါးလုပ်။ အချောင်ရှာ အပိုကပ်။ အမြှောင်လုပ်။ လုပ်ခွင့်မရရင်တောင်၊ အကြည့်လောက်နဲ့ ပြစ်မှား

အဲဒီလို၊ လူမျိုးကြီးတွေကိုရော မင်း. . .လူယုတ်မာကြီးတွေလို့၊ မထင်ဘူးလား. . .ပြည့်ဝ။

ငါက၊ တကယ့် . . .လူဆိုး။



www.burmeseclassic.com

www.burmeseclassic.com



တရားဝင်. . .လှုမိုက်။ တရားဝင်. . . လှုယုတ်မာ။

ကဲ. . .၊ မင်းတို့ရှင်သန်နေတဲ့ နေရာ အစုံစုံမှာ၊ ငါ့လို ကြေညာပြီး. . . ယုတ်မာရဲတဲ့လူ၊ ရှိလား။

ဆိတ်ကွယ်ရာ၌ပင်၊ မကောင်းမှုကို၊ ပြုကျင့်တော် မမူသော မြတ်စွာဘုရား . . .လို့၊ ဆိုပြီး . . .

သားမယားရှေ့၊ သားသမီးရှေ့မှာ၊ ဘုရားရှိခိုးနေတတ်ကြတဲ့၊ လူအကြီးကြီးတွေ . . .။ လူမသိ သူမသိ။ မိသားစု မသိနိုင်တဲ့ . . .ဆိတ်ကွယ်ရာ၊ အရပ်တွေမှာ၊ သူတို့ သမီးအရွယ်လောက်တွေနဲ့၊ ရာဂ. . .ဝယ်နေကြတာတွေ. . .မင်း. . .မြင်ဖူးရဲ့လား. . . ပြည့်ဝ။

ကိုယ့်သမီးကျတော့၊ သူများစိုက်ကြည့်တာတောင် မကြိုက်တဲ့ လူတွေ။ သူများသမီးကျတော့၊ ရသလောက်. . . ပြစ်မှားချင်ကြတဲ့၊ လူတွေ. . .၊ ဘယ်လောက်





များနေမယ်. . .လို့၊ မင်း ရေတွက်ဖူးသလား"

"ငါ. . .မင်းလို၊ စုံရာမပါဘူး ရဲမာန်"

"အေး။ စုံရာမပါရင်. . .၊ မင်း အစုံသိမှာ၊ မဟုတ်ဘူး။ အစုံမသိရင်, မင်း သိတာလေးပဲ၊ မင်း. . .မှန်တယ်ထင်နေတတ်တယ်။

ဒါပေမဲ့. . .မင်းပြောတာတွေ. . . အားလုံး၊ မှန်တာများပါတယ်။

ဒါပေမဲ့. . .သူငယ်ချင်း။ အမှန်သိရုံတစ်ခုတည်းနဲ့၊ မပြည့်စုံဘူးကွ။ မင်းဘေးနားမှာ၊ မှန်ချင်ယောင်ဆောင်နေသူတွေ၊ ဘယ်လောက်ရှိသလဲ. . .ဆိုတာလောက်တော့၊ သိထားဖို့လိုမယ်။

ငါက. . .အမှားကို၊ သိတယ်။ ဆက်မှားဖို့လည်း၊ အစီအစဉ်ရှိတယ်။

မှန်ချင်တဲ့တစ်နေ့ကျရင် မှားတဲ့ လုပ်ရပ်တွေကို၊ ပြောင်းပြန်၊ ပြန်လှန်လိုက်ရုံပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဟကယ်တော့. .

အမှန်တရားဆိုတာ. . .၊ အမှား တစ်ရာလောက်ကို ပြောင်းပြန်လှန်ပြီး၊ ကျင့်သုံးလိုက်တာမျိုးပါကွာ။

မင်းလည်း. . .၊ မင်းတပည့်တွေ ကို၊ လူယုတ်မာ မဖြစ်အောင်လည်း. . . သင်။ ဘယ်ဟာ. . .လူယုတ်မာလဲ . . . ဆိုတာကိုပါ၊ သိမြင်တတ်အောင် . . .သင်။

အဲလိုမှ၊ သင်မထားရင်၊ စာတတ် ပါရက်နဲ့၊ လူယောင်ဆောင်ထားတဲ့၊ လူယုတ်မာတွေဆီမှာ၊ အမှုထမ်းနေရတတ် တယ်။

ငါက,တော့. . .၊ ဆက်မှားရဦး မယ်. . .သူငယ်ချင်း။ အားရပါးရ . . . မှားပြီးရင်၊ အမှားတွေကို ပြောင်းပြန်လှန်ပြီး၊ အမှန်ကို၊ မျက်နှာမူပါမယ်"

"နောက်မကျစေနဲ့ပေါ့. . .ရဲမာန် ရယ်။

မနက်ဖြန် ပြင်မယ်လို့ စိတ်ကူးတဲ့





. . .လူ။

ဒီနေ့. . .သေသွားရင်၊ ပြင်ချိန်မရ တော့ဘူးကွ။ မင်း. . .နောက်မကျစေနဲ့ပေါ့"

"အေး. . .။ ဟုတ်တယ်။ အဲဒါ အမှန်ပဲ။

ပြင်ချိန်မရောက်ခင် . . .သေသွား ရင်၊ ဒုက္ခ။

ဒီတော့. . .၊ မကောင်းတာကို၊ များများလုပ်။ မြန်မြန်လုပ်။ ကုန်အောင် လုပ်။ ပြီးရင်. . .မြန်မြန်ပြင်မှပဲ။ ဟားဟား"

"တတ်သိနားလည်တဲ့၊ ဆရာဝန်ရဲ့ စကားကို၊ နားမထောင် မလိုက်နာတဲ့လူနာ ဟာ၊ ရောဂါအဖိအစီးခံရသလိုပဲ. . .၊

ကမ္ဘာခြားပြီး. . .ရှုမြင်သုံးသပ်နိုင် တဲ့၊ အနန္တဉာဏ်တော်ရှင်၊ ဘုရားရဲ့၊ စကား ကို၊ နားမထောင်ဘဲ၊ ဆန့်ကျင်တဲ့သူဟာ လည်း၊ ဒုက္ခအဖိအစီးတိုင်းက၊ မလွတ် မြောက်နိုင်ဘူး. . .သူငယ်ချင်း။

မင်း . . . ပေါ့သေးသေး၊ မထင်နဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ငါ. . .မလိုက်နာတာတဲ့ရှိတယ်။
မဆန့်ကျင်ပါဘူးကွ"

"မလိုက်နာ. . .မကျင့်သုံးတာဟာ၊
ဆန့်ကျင်တာပဲပေါ့။ လောက,ဥပဒေကို၊
ဆန့်ကျင်ရင်၊ ထောင်,အကျဉ်းကျတတ်
သလို၊ ဘုရားရဲ့ဒေသနာတော်တွေကို၊
ဆန့်ကျင်နေထိုင်တဲ့သူဟာလည်း၊ အပယ်
ကျမှာအမှန်ပဲ။ ဘုရားကို၊ ပြစ်မှား . . .
စော်ကားနေမှ၊ ဆန့်ကျင်တာ မဟုတ်ဘူး။
ဘုရားအဆုံးအမကို၊ မလိုက်နာတာလည်း .
. .ဆန့်ကျင်တာပါပဲ"

(မနက်ဖြန်၊ ဘုရားသွားဖူးဦးမယ်. . .လို့၊ စိတ်ကူးမိပါ
ရဲ့)။



( ၁၇ )

အကုသိုလ်နဲ့ အကျိုးပေးတဲ့သူတွေများ၊ အကုသိုလ်
ကျူးလွန်ဖို့ အခြေအနေကို၊ ပက်ပင်းတိုးတော့တာပါပဲ။

မနေ့က၊ ပြည့်ဝနဲ့ပြောကြဆိုကြ၊ ငြင်းခုန်ကြတဲ့စကား
တွေထဲမှာ၊ ဘုရားအကြောင်းပါပြီးတဲ့နောက်၊ တတ်သလောက်
မှတ်သလောက် အသိဉာဏ်နဲ့၊ အကုသိုလ်နည်းရာနည်းကြောင်း
အတွက်၊ ရွှေတိဂုံစေတီတော်ကြီးပေါ် တက်ရောက်ဖူးမျှော်
ဖြစ်ချိန်မှာ၊ အကုသိုလ်ကျူးလွန်ဖို့၊ အခြေအနေတစ်ခုက၊
ကျွန်တော့်ရှေ့ကို၊ ဖြုန်းကနဲ ကျရောက်လာတော့တာပါပဲ။

"မောင်ငယ်လေး။ မမကို၊ ကူညီ
ပါ။ ဒီ. . .စပယ်ပန်းကုံးလေးကို၊ ကြိုဟ်တိုင်

www.burmeseclassic.com



မှာချိတ်ပေးပါလား"

"ဟုတ်ကဲ့"

လူက,လည်း. . .များ၊ ဗုဒ္ဓဟူးနံ့ထောင့်၊ ဂြိုလ်တိုင်က ဘုရားဆင်းတုတော်နဲ့၊ ဂြိုလ်တိုင်ကိုရော၊ အောက်က. . . အကောင်ဗလောင်ကိုရော၊ ရေတွေဝိုင်းလောင်းနေကြတာ၊ အနား ဝန်းကျင်တစ်ခုလုံး၊ ချော်လဲ မတက်။

သူ့အနေနဲ့ မမီမကမ်း။ ချော်လဲမှာလည်း၊ စိုးရိမ်ဘယ် ထင်ပါရဲ့။ အဲဒါကြောင့် . . .သူကမ်းပေးတဲ့၊ စံပယ်ကုံးလေးတွေ ကို. . .ယူ။ ကြိုးပေဘ့. . .ကိုယ်က,လည်း၊ လက်မအားတဲ့၊ ပုံ ဖမ်းပြီး၊ လဂ ယဲ့က၊ ဆယ်လူလာဖုန်းကို၊ သူ့လက်ထဲ၊ တမင် . . .ထည့်လိုက်တယ်။ သူ . . .ဂြိုဟ်တိုင်ကို၊ ကျောအပေး။ စံပယ်ကုံးကို၊ ကျွန်တော် အမြန်ချိတ်အပြီး။ လူတွေနဲ့ကွယ်ပြီး၊ အဲဒီ ဗုဒ္ဓဟူးထောင့်က၊ အမြန်ပြေးထွက်ခဲ့ပါတယ်။ (သူ. . . ဘယ်သူလဲ၊ သိလား)။

ကိုဖိုးထောင်တို့ ညီအစ်ကိုတွေအပါအဝင်၊ ဒီနေ့အဖို့၊





ကျွန်တော့်ဆီကို၊ ဖုန်းဆက်မယ့် လူတိုင်းဆီကို၊ ကျွန်တော် . . လမ်းဘေးဖုန်းနဲ့ အဆက်အသွယ်လုပ်ပြီး၊ ကျွန်တော့်ဆီကို၊ ဖုန်းမဆက်ဖို့၊ မှာကြားထားလိုက်တယ်။

"အစ်မက၊ ဘယ်သူလဲ ခင်ဗျ။

ဩော်. . .၊ ဖုန်း ကောက်ရထားတာလား။

အန်၊ ကောက်ရထားတာ၊ မဟုတ် ဘူးလား။

သူ. . .ဖုန်းမဆက်သေးဘူးလား။

ဩော်. . .ဟုတ်ကဲ့။ သူ ဆက်ရင်၊ ကိုညီထွေး ဆီ ပြန်ဆက်ပေးပါလို့၊ ပြောပေးပါလားဗျာ။

သူ့ကို၊ ငွေ သိန်းတစ်ရာကျော် ပေးစရာရှိလို့။ အဲဒါ. . .လာလည်းမယူဘူး။

ဒီကောင်က၊ ငွေကို၊ စက္ကူလို သဘောထားတဲ့. . .ကောင်။ စည်းကမ်း လည်း မရှိဘူး။ ကျွန်တော်တို့က၊ သူ. . . မမက်မှန်းသိပေမယ့်၊ ပေးစရာရှိတာ ပေး



www.burmeseclassic.com

www.burmeseclassic.com



ရမှာပဲလေ။

ဖုန်းဝင်လာရင်၊ ပြောပေးပါနော် . . .အစ်မ။ ဟုတ်ကဲ့။ ကျွန်တော်. . . ညီထွေးပါ"

"ဟာ။ ရဲမာန်အောင်ဖုန်းက၊ အစ်မဆီ၊ ဘယ်လိုလုပ်၊ ရောက်နေတာလဲ။

ဩော်. . .။ ဟုတ်ကဲ့။ ဟုတ်ကဲ့။ တစ်ခုလောက်တော့၊ ကူညီပါဗျာ။

မင်းဇော်ဆီမှာ၊ ငွေ. . .သိန်းငါးဆယ်၊ အမြန်လာယူပါလို့ ပြောပေးပါနော်. . .အစ်မ။

သူဆက်မှာပါ။ အလုပ်က၊ အရမ်းများတဲ့. . .ကောင်။ အလုပ်သာ အရမ်းလုပ်တာ၊ လောဘ,က၊ မရှိဘူး. . .။

ဩော်. . .။ ဟုတ်ကဲ့. . .ဟုတ်ကဲ့။





မသိဘူး။ အစ်မနဲ့၊ ရဲမာန်အောင်နဲ့၊ ရင်းနှီးတယ်ထင်လို့။

ဩော်။ ဟုတ်ကဲ့။ ကျွန်တော်နဲ့ တွေ့ရင်လည်း၊ ပြောလိုက်ပါ့မယ်။ အဲဒီ ဆယ်လူလာဖုန်း တစ်လုံးစာ၊ သိန်းနှစ်ဆယ် အစိပ်ကို၊ ဒီကောင်က၊ ကွမ်းတစ်ရာဖိုးလောက် ထင်တဲ့ကောင်။

ဟုတ်ကဲ့။

ကျေးဇူးပဲနော် . . . အစ်မ"

"ကဲ. . .။ မင်း ပြောခိုင်းတဲ့၊ ပေါက်ကရစကားတွေ၊ အကုန်ပြောပြီးပြီ။

အဲဒီ. . .မဝေဝေစမ်းကို၊ မင်းအစ်ကို၊ ရန်မင်းအောင်ရဲ့ညီ ရဲမာန်အောင် အဖြစ်နဲ့ ဝင်မှာလား။ တခြား ရဲမာန်အောင် အဖြစ်နဲ့၊ ဝင်မှာလား"

"အခြေအနေအရပဲ။ သူ မှတ်မိရင်၊ အစ်ကို့ညီအဖြစ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



မမှတ်မိရင်၊ တခြားရဲမာန်အောင်ပေါ့"...လို့၊ ကိုညီထွေးကို၊ ကျွန်တော် ပြောလိုက်တော့၊ ကိုမင်းဇော်က ...

"နေရင်းထိုင်ရင်း၊ မင်း...မိန်းမ၊ ရနေဦးမယ်နော်"

"ကျွန်တော် အလုပ်,လုပ်မှာ၊ ကိုမင်းဇော်။ ခလုတ်မတိုက်စေရဘူး။

အဲဒီကောင်မ,ကြီးကို၊ ကျွန်တော် ရေရေလည်လည်၊ တင်းထားတာ။

ကျွန်တော့်အစ်ကိုရှေ့၊ ကျွန်တော့် မိဘ,ရှေ့မှာ၊ သူ့ညီမ,ကို၊ သူ့...အပျိုတန်မဲ့နဲ့၊ မေးတဲ့စကားက၊ သိပ်ရိုင်းလွန်းအားကြီးတယ်။

အဲဒါ...၊ ကျွန်တော့်အစ်ကို၊ မနာတတ်ဘူး။ အဲဒီအိမ်မှာ၊ သွားနေတယ်။ အဲဒီ အိမ်ရဲ့၊ ကားပြင်လုပ်ငန်းကို၊ ဦးစီးပေးနေတယ်။ သူ့ရှေ့မှာ၊ ပက်ပက်စက်စက်၊ "....." ရှားသလား မေးတဲ့စကားကို၊ သူ မနာတတ်ရင်တောင်၊ မိဘ,ရှေ့မှာပြောထွက်တာကို တော့၊ နာဖို့ကောင်းတယ်။





ကာယကံရှင်၊ မနာတတ်တော့၊ ကျွန်တော်က၊ ဝင်...နာရတော့တာပေါ့။ အကုသိုလ်အမှုကို၊ ကျူးလွန်ရတော့မှာပေါ့"

"သူက၊ ဘယ်မှာ၊ အလုပ်လုပ်တာ လဲ"

"ကုမ္ပဏီတစ်ခုရဲ့၊ စာရင်းစစ်။ ဘယ်ကုမ္ပဏီလဲတော့၊ မသိဘူး"

"ဒါဆို။ မင်း...ဝယ်ထားတဲ့ တိုက်ခန်းကို၊ ဖွင့်ပွဲလုပ်တော့မှာပေါ့၊ ဟုတ်လား"

"ထင်တာပဲလေ။ အမှည့်လွန်နေရင်၊ အညှာလွယ်တတ်တယ်...တဲ့"

"ဟား ဟား ဟား ဟား ...."

ရမ်းသန်းမှန်းသမ်း ထင်မြင်ချက်နဲ့၊ တစ်ပတ်တိတိပြည့်တဲ့၊ ဗုဒ္ဓဟူးနေ့ မနက်စောစောမှာ၊ ရွှေတိဂုံစေတီတော်ကြီးရဲ့၊ ဗုဒ္ဓဟူးထောင့်မှာ ကျွန်တော် စိတ်ရှည်ရှည်နဲ့၊ လာစောင့်နေလိုက်တယ်။

လက်ထဲမှာတော့၊ စံပါယ်ပန်းကုံးတွေကို၊ ကိုင်ထား



www.burmeseclassic.com

www.burmeseclassic.com



လျက်ပေါ့။ ကျွန်တော့် ခန့်မှန်းချက်၊ ကွက်တိ။ ဒေါ်ဝေဝေစမ်း၊ ခြေတစ်လှမ်း၊ ကုဋေတစ်သန်းနှုန်းနဲ့၊ ကျွန်တော် ထိုင်နေရာ၊ နေရာတည့်တည့်ကို၊ လာနေပြီ။

"မင်း . . . "

'မှတ်မိတဲ့ အကြည့်။

ကြည်နူးတဲ့. . .အပြုံး။

ကျေနပ်သွားတဲ့. . .မျက်နှာထား။ ရင်းနှီးမယ့် . . . အခြေအနေ။ (သူ့လက်ထဲမှာလည်း၊ စံပါယ်ပန်းကုံးတွေနဲ့)။

"ဒီ တစ်ပတ်တော့၊ မမ ကိုယ်တိုင်၊
ဂြိုဟ်တိုင်မှာ၊ ပန်းလှူပါနော်။ ကျွန်တော်
မမကို၊ ကူ . . .တွဲပါ့မယ်"

ကျွန်တော့်လက်ထဲက၊ ပန်းကုံးတွေကို၊ သူ့လက်ထဲထည့်၊ သူ့ပန်းကုံးတွေကို၊ ကျွန်တော်ယူ။ ပန်းအတူ၊ လှူ မခွဲ၊ အလှူပွဲလေးတစ်ခုပေါ့။

ရေတွေ မျှားလွှန်းနေတဲ့နေရာ၊ သူ့လက်မောင်းလေးကို၊ တရိုတသေတွဲ။ သူ့လက်ဖျားလေးကို၊ ညင်ညင်သာသာ . . . ကိုင်။ (သူ . . .ဘာခံနိုင်မှာတဲ့လဲဗျာ။ သူ. . .ဘာသားနဲ့ ထုထားတာမို့လို့လဲ)။





"အိပ်မက် မက်တာ မမရဲ့။ မင်းရဲ့၊ မွေးနံထောင့်မှာ၊ ဘုရားရေသပ္ပါယ်။

မင်းနဲ့ သက်ဆိုင်တဲ့ သူ၊ ဘဝ၊ ဟောင်းက အဆက်အနွယ်၊ ရောက်လာလိမ့်မယ်. . .လို့၊ မက်တာနဲ့၊ ဒီကိုလာ။

ဘုရားရေသပ္ပါယ်အပြီး၊ မမက . . . ဂြိုဟ်တိုင်မှာ၊ ပန်းချိတ်ဖို့၊ အကူအညီတောင်းတော့၊ စိတ်ထဲမှာ၊ တစ်မျိုးဖြစ်သွားတယ်။

ဖုန်းကို၊ မမ လက်ထဲ ထည့်မိတာ မသိလိုက်ဘူး။

ပန်းချိတ်ပြီး၊ ဝမ်းနာလှာတာနဲ့၊ သန့်စင်ခန်းသွား။ ပြီးတော့ . . .အိမ်ပြန်။ အလုပ်ကိစ္စနဲ့ ဖုန်းဆက်မယ်လုပ်တော့မှ၊ ဖုန်းမပါမှန်းသိတာ။

အလုပ်ကိစ္စတချို့ကို၊ အိမ်ဖုန်းနဲ့ပဲ၊ လုပ်လိုက်တယ်။ မမ. . .ဆီမှာ၊ ဖုန်းအပ်ထားခဲ့မိတာကို၊ ညနေလောက်မှ စဉ်းစားမိတာ"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ဖုန်းနဲ့၊ မင်း. . .ဆယ်လူလာကို၊ ဆက်ကြည့်လိုက်၊ ရတာပဲဟာ"

"အဲဒီဖုန်းထက်၊ ပို. . .အရေးကြီးတာတွေ၊ လုပ်နေရတာ မမရဲ့။ ပြီးတော့ . .

ဖုန်းတစ်လုံး၊ ဘာရှိမှာလဲ။ မသကာ၊ နှစ်ဆယ်၊ အစိပ်ပေါ့။

နောက်ပြီး. . .မမလို၊ လူမျိုးဆီမှာ၊ ကျန်ခဲ့တာပဲ။ မပျောက်ပျက်ပါဘူး။.

လူချင်း၊ မရင်းနှီးပေမယ့်၊ တရင်းတနှီးပြောပြရရင်၊ ပြီးခဲ့တဲ့. . .ဗုဒ္ဓဟူးနေ့၊ မနက် သုံးနာရီလောက်မက်တဲ့၊ အိပ်မက်၊ ဟုတ်မဟုတ်၊ သိချင်တယ်။

အဲဒါကြောင့်. . .မမဆီကို၊ ဖုန်းမဆက်ဘဲ၊ ဒီ. . .ဗုဒ္ဓဟူးနေ့၊ ဗုဒ္ဓဟူးထောင့်မှာ၊ လာစောင့်ကြည့်နေတာ။

စံပယ်ပန်းကုံးတွေက,တော့၊ မမနဲ့၊ အတူလှူဖို့၊ မမကို လက်ဆောင်ပေးဖို့ ဝယ်လာတာ"

"မောင်လေးရယ်၊ နားထောင်ရ





တာ၊ ကြက်သီးထ,လိုက်တာ"

"ကျွန်တော်က၊ ကြက်သီးမထ,ဘူး။ ဒီမနက်၊ မမကို၊ တွေ့လိုက်ရတော့၊ စိတ်ထဲမှာ၊ ငိုချင်နေတယ်"

"ဟယ်. . ."

"ကွေကွင်းနေတဲ့၊ သိဟောင်းကျွမ်းဟောင်းနဲ့၊ ပြန်တွေ့ရသလိုပဲ၊ ခံစားရတယ်။ စိတ်ထဲမှာ။

ကျွန်တော်က၊ မိုက်မိုက်ကန်းကန်းနေတဲ့သူပါ။ အတိတ်ဘဝ,က၊ အဆက်တို့. . .ဘာတို့ကို၊ လုံးဝ. . .လက်ခံတဲ့သူလည်း၊ မဟုတ်ပါဘူး။

အိပ်မက်မက်လို့,သာ၊ ဟုတ်မဟုတ်၊ သိချင်လို့၊ ဘုရားပေါ်၊ တက်လာတာပါ။

မမ အနေနဲ့၊ ကျွန်တော် ပွင့်ပွင့်လင်းလင်း၊ ပြောပြတာကို၊ တစ်မျိုးထင်ချင်လည်း၊ ထင်ပါ။

ယုံပါ. . .လို့၊ ကျွန်တော်၊ မတိုက်



www.burmeseclassic.com

www.burmeseclassic.com



တွန်းဝံ့ပါဘူး။ ဒီ မနက်, မမကိုသာ၊ ဒီမှာ. . .မတွေ့ရင်၊ ကျွန်တော် . . . ဖုန်းကိုလည်း၊ ဆက်မှာ မဟုတ်သလို၊ ဟိုတစ်ပတ်က. . .၊ မက်တဲ့အိပ်မက်ကိုလည်း၊ သွေးလေချောက်ခြားပြီး မက်တဲ့၊ ကြောင်တောင်တောင် အိပ်မက်လို့လဲ၊ ယူဆ,ဖြစ်မှာပါ။

ဒါပေမဲ့. . .အခု. . .။

ဒီမှာ. . .။ မမကို တွေ့ရတော့၊ ကျွန်တော်အရမ်းဝမ်းသာသွားပြီး၊ သိပ်ပြီး . . .ငိုချင်တယ်။

ဒါ. . .ဒီလောက်ပဲ၊ ပြောလို့၊ ကောင်းမယ်ထင်ပါတယ်. . .မမရယ်။

စိတ်ခံစားမှုဆိုတာ၊ ကိုယ်တစ်ယောက်တည်း၊ ခံစားရပြီး၊ ဆားလူက၊ မခံစားရဘူးဆိုရင်၊ အဲဒါ. . .တစ်ကိုယ်တော် . . .ရူးသွပ်မှုပဲ။

ဒါကြောင့်. . .၊ ကျွန်တော့်ကို၊ ခွင့်ပြုဦးနော်. . . မမ။ ပြောချင်တာ ပြောပြခွင့်ရတာ၊ သိပ်ကျေးဇူးတင်ပါတယ်"





ထိုင်ရာမှ အထ။

"ဟဲ့။ ခဏနေဦး"

ခြေလှမ်းအရပ်။

"ရော့. . .၊ ဖုန်း ယူသွားဦး"

"သြော်. . .။ ဟုတ်ကဲ့။

သိမ်းထားပေးတာ၊ ကျေးဇူးပါ . . . မမ"

သူ. . .ထိုင်ရာမှ အထ။ ကျွန်တော် (တမင်) ဖေးမ, ကူတွဲ။

"မင်းဆီဆက်တဲ့၊ ဖုန်းတွေ. . . အများကြီးပဲ။

မင်းက၊ ကုလသမဂ္ဂ အတွင်းရေးမှူးထက်များ၊ အလုပ်များနေသလား မသိဘူး။ . . .

. . . . . . . .

. . . . . . . . . . . ."

ကိုညီထွေး၊ ကိုမင်းဇော်တို့၊ ဖုန်းဆက်သည့်အကြောင်း၊ ပြောပြတယ်။

"မမက၊ ရုံးတက်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး။ အဲ. . .အစိုးရရုံး တက်တာမဟုတ်ဘူး။ ကုမ္ပဏီအလုပ်။ စာရင်းစစ်"

ကုမ္ပဏီအမည်ကို ပြောပြပြီး . . .

"အဲ. . .။ မင်း ဖုန်းနံပါတ်ကို၊ မမ မသိသေးဘူး"

ကျွန်တော်က . . .

ကျွန်တော့်ဖုန်းနံပါတ်ကို၊ ပြောပြပြီး. . .

"မမ နာမည်ကိုလည်း၊ ကျွန်တော် မသိသေးဘူး"

"ဝေဝေစမ်း. . .တဲ့။ အသက်က၊ မင့်ထက်၊ ဆယ်နှစ်လောက်ကြီးမယ် ထင်တယ်"

"ဟင့် အင်း။ ကျွန်တော်က၊ လေးစားလို့၊ မမ. . .လို့ ခေါ်တာ။ အရွယ်က၊ ကျွန်တော့် အရွယ်လောက်ပဲ. . .လို့ ထင်တာ။ အလွန်ဆုံးကွာ။ နှစ်နှစ်. . . သုံးနှစ်ပေါ့"

"မုန့်ဝယ်ကျွေးမယ်"





"မမ. . .အလုပ်ချိန်. . ., လိုသေးတယ်ဆိုရင်၊ ကျွန်တော် ထမင်းကျွေးပါရစေ။

ဖုန်းကို၊ သိမ်းထားပေးတဲ့. . . အတွက်"

"မင်းက၊ ဖုန်းကောက်ရတဲ့ လူတွေ၊ တုံ့ပြန်မှု၊ ပြန်လိုချင်ကြတဲ့လူတွေကို၊ ပြုစုသလိုမျိုး၊ ထမင်းကျွေးမှာလား။

ဖုန်းက၊ မင်း. . .ပျောက်တာမှ၊ မဟုတ်တာ။ မင်း၊ မမဆီမှာ၊ အပ်သွားတာပဲဟာ။

ပြီးတော့. . .ပျောက်တဲ့ပစ္စည်း၊ ပြန်ပေးတဲ့အခါ၊ အခ,ကြေးငွေနဲ့တုံ့ပြန်မှုကို၊ မျှော်လင့်တာ၊ အဲဒါ. . .ကောင်းတဲ့စရိုက် မဟုတ်ဘူးကွ"

"ဟာ . . .၊ အဲဒီလို ကျွေးတာ မဟုတ်ပါဘူး"

လက်က၊ နာရီကို ကြည့်။

"အချိန်တော့၊ ရသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့. . .ဒါ, ထမင်းစားချိန် မဟုတ်ဘူး။

ဒီတော့ . . .ထမင်းစားချိန်ကျမှ၊

မမကို လာခေါ်ရင်၊ ပိုမကောင်းဘူးလား"

"အဲဒါ. . .၊ ပိုကောင်းတာပေါ့။

ခွင့်ပြုတာကို၊ သိပ်ကျေးဇူးတင်ပါတယ်

နော်. . .မမ"

"မင်း နာမည် ပြောဦးလေ"

လိမ်ဖို့စဉ်းစားမိသေးပေမယ့် . . ..,

"ရဲမာန်အောင်ပါ . . .မမ"

"နောက်တစ်ခါကြုံရင်၊ မမက၊

ပြန်ကျွေးမှာနော်"

"ကျွန်တော်က . . .အစားကြီးတယ်

. . .မမရဲ့"

ရယ်သံလေးနှင့် ဆည်းလည်းသံများ၊ ရောထွေးသွားတယ်။ (ဘုရားရင်ပြင်တော်ပေါ်မှာ၊ ဘီလူးတစ်ကောင် ရောက်နေတာကို၊ သူ . . .မသိရှာ)။



( ၁၈ )

သူ . . . ကျွန်တော့်ကို၊ တကယ် မသိ။ သူက, ဗုဒ္ဓဟူးနေ့ မနက်တိုင်း၊ ဘုရားတက်တဲ့သူ။ ကျွန်တော်က, သူ့ကို၊ လာကြို စောင့်နေသူ။

နောက်ပိုင်း . . .နောက်ပိုင်း. . .၊ ရုံးပိတ်ရက်တိုင်း၊ ဘုရားမှာ. . .ချိန်းကြ။ ဟို. . .ဒီ လျှောက်သွားကြ။

မဝေဝေစမ်း၊ နယ်မှာ စာရင်းသွားစစ်ပြီး၊ အပြန်၊ ကျွန်တော်က, သွားကြို။ အခါအခွင့်ကြုံတဲ့တစ်နေ့၊ ရန်ကုန်မြို့ရဲ့ အထင်ကရ ဟိုတယ်ကြီးရဲ့အပေါ်ထပ်ကို၊ ကျွန်တော်. . . သူ့ကိုခေါ်သွားတော့ . . .။

www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်ကြီးရဲ့၊ အမြင့်ဆုံးအထပ်က,နေ၊ ရွှေတိဂုံစေတီတော်ကြီးကို၊ ဖူးမြင်ရတာ၊ သူ. . .သိပ်သဘောကျနေတာပေါ့။

"မင်းက၊ ဒီမှာ. . .အခုလိုပဲ၊ လာနေကျလား"

"အလုပ်ပင်ပန်းပြီး၊ အနားယူချင်ရင်တော့၊ လာနေကျပေါ့။ ဒါပေမဲ့. . .ဒီနေ့က၊ ခရီးပန်းလာတဲ့၊ မမကို၊ အမောပြေစေချင်လို့၊ အလည်ခေါ်တာလေ"

မွေ့ရာထူထူကြီးပေါ်ကို၊ သူ . . .ပစ်လှဲချ။ ကျွန်တော်သူ့ နံဘေးမှာ၊ ငြိမ်ငြိမ်လေး၊ ဝင်လှဲ။

"မမ ခရီးသွားနေတဲ့၊ နှစ်ရက်၊ ကျွန်တော် ဘယ်မှာရှိနေသလဲ. . .၊ မမသိလား"

"အိမ်မှာ ရှိမှာပေါ့"

"မှားတယ်။ ဘုရားမှာ။ မမနဲ့အတူတူထိုင်ခဲ့တဲ့နေရာလေးမှာ၊ တစ်နေကုန်သွားထိုင်နေတာ"

"ဟယ်. . .တကယ်"

"တကယ်ပေါ့။ မမက. . .လိမ်ပြော





တာကြိုက်လို့လား"

"မဟုတ်ပါဘူး။ မမက၊ အံ့သြလို့၊ တကယ်လား မေးတာပါ။

မမလည်း. . .မင်းကို၊ သတိရတယ်သိလား"

"တကယ်"

"ဘာလဲ။ မင်းက၊ လိမ်ပြောစေချင်လို့လား"

ခွေးလိမ္မာလေးတစ်ကောင်လို၊ သူ့ဘေးနားမှာ၊ ကျွန်တော်ငြိမ်ငြိမ်လေး၊ ခွေအိပ်လိုက်တယ်။

မထိ . . . မတို့။

ကျွန်တော့် ကိုယ်ပိုင်တိုက်ခန်းမှာ၊ သူ. . .လာလည်တုန်းက,လည်း၊ ကျွန်တော်၊ မခုတ်တတ်တဲ့ကြောင်လေးတစ်ကောင်၊ သခင့်အနားမှာ၊ အမြီးလေးထောင်ပြီး၊ ပျော်သယောင်သာ၊ ပြုဖြစ်ခဲ့တယ်။

ပြီးတော့ . . . အဆိပ်ထုတ်ထားတဲ့၊ မြွေတစ်ကောင်၊ ပါးပျဉ်းထောင်ပြီး က,သလိုပဲ၊ ကျွန်တော် နေပြခဲ့တယ်။

"ခေါင်းကိုက်လိုက်တာကွာ. . ."

"ခရီးပန်းလာတာ၊ ဖြစ်မယ်။ မမ



www.burmeseclassic.com

www.burmeseclassic.com



ရေသွားချိုးလိုက်ပါလား။

ပြီးရင် . . .ကျွန်တော် ဇက်ကြော နှိပ်ပေးမယ်။ ရေမချိုးရသေးဘဲနဲ့တော့၊ မနှိပ်စေချင်ဘူး"

"အင်း. . .။ ခဏအိပ်ဦးမယ်။ ပြီးမှ . . .၊ ရေချိုးမယ်"

သူ . . .အိပ်မယ်ပြောတော့၊ ကျွန်တော်က. . .သူ့ကိုယ်ပေါ်ကို၊ စောင်ခြုံပေးလိုက်တယ်။

ပြီးတော့. . .၊ ခပ်လှမ်းလှမ်းက၊ စားပွဲခုံမှာထိုင်ပြီး၊ ရွှေတိဂုံစေတီတော်ကြီး၊ တည်ရှိရာဘက်ကို၊ မျက်နှာမူထားလိုက်ပါတယ်။

သူ့ ဘေးနားမှာ၊ ဝင်ပြီးခွေအိပ်ရင်တော့၊ ရတာပေါ့။ ဒါပေမဲ့. . .ကျွန်တော်၊ အဲဒီလို၊ ဘယ်လုပ်ပါ့မလဲ။ ဘာဖြစ်လို့လဲ . . .ဆိုတော့၊ ကျွန်တော့်မှာ၊ ကိုယ်ပိုင်ညွှန်ကြားချက်ရှိပြီးသားလေ။ အဲဒီ. . ., ညွှန်ကြားချက်က,တော့. . .၊ (တစ်စုံတစ်ဦးကို၊ အယုံသွင်းချင်ရင်၊ ရတဲ့အခွင့်အရေးတိုင်းကို၊ အကုန်မယူပါနဲ့)။

တချို့က, ပြောမယ်။ အခွင့်အရေးဆိုတာ နှစ်ခါ မရဘူး . . . တဲ့။ ဒါပေမဲ့. . ., ကျွန်တော်တို့၊ အတွေ့အကြုံအရက, တော့၊ အခွင့်အရေး အကြီးကြီး၊ တစ်ခုလိုအပ်နေသေးရင်၊





အခွင့်အရေးသေးသေးလေးတွေကို၊ လုံးဝ. . .မယူရပါဘူး။ အဲ. . .၊ အဲဒီအခွင့်အရေးလေးတွေကို၊ လှေခါးထစ်လိုတော့၊ အသုံးချတတ်ရပါမယ်။

သူ. . .အိပ်ရာနိုးတော့၊ အဝေးကိုငေးနေတဲ့ ကျွန်တော့် ပခုံးပေါ်ကို၊ သူ. . .လက်လာတင်တယ်။

သူ့ လက်အတင်ကို၊ သတိ မမူမိသလိုဘဲ၊ ကျွန်တော် နေပြီး၊ ရေချိုးဖို့အကြံပေးတယ်။

သူ. . .ရေချိုးပြီး၊ အဝတ်အစားလဲလှယ်ပြီးတဲ့ အခါမှာ၊ ကျွန်တော် တကယ်နှိပ်နယ်ပေးခဲ့တယ်။

ဒါပေမဲ့. . .၊ အဲဒါဟာ၊ လှေခါးထစ်ပဲ။ အဲဒါဟာ. . . အလုံးစုံမဟုတ်ဘူး။ (လူဆိုတာ၊ သူ မျှော်လင့်တဲ့အချိန်မှာ၊ မျှော်လင့်တဲ့အတိုင်း၊ ဖြစ်မလာသေးရင်၊ အဲဒီ. . .ဖြစ်မလာသေးတဲ့ အခြေအနေကို၊ ပိုပြီးသတိပြုမိတတ်ကြတယ်လေ။ အဲဒီအခါ . . .ဒီ့ထက်ပိုတဲ့၊ အခြေအနေကို၊ သူတို့ . . .ဖန်တီးကြရတာပဲမဟုတ်လား)။

အိမ်မွေးခွေးတစ်ကောင်ဟာ၊ တစ်စုံတစ်ဦးက၊ သူ့ကို၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုတုံ့ပြန်မယ်လို့၊ ထင်မြင်နေချိန်မှာ၊ သူ့ကို၊ ဂရုမပြုဘဲ၊ နေနေလိုက်ရင်၊ အဲဒီ. . .ခွေးက၊ အနားကို၊ အမြီးနှံ့ပြီး၊ ရောက်လာတတ်တာကို၊ ကျွန်တော်. . .သတိထားဖူးတယ်လေ။

တချို့ပြိုင်ဆိုင်မှုတွေမှာ. . .၊ တရားမျှတ,စွာနဲ့၊ မျက်နှာချင်းဆိုင်တိုက်ကြတယ်။ တချို့တိုက်ခိုက်မှုတွေမှာ၊ ကလိန်ဉာဏ်သုံးပြီး၊ နောက်ကျောကို ဓားနဲ့ထိုးကြတယ်။

အကောင်းဆုံး၊ ပြိုင်ဆိုင်တိုက်ခိုက်မှုက,တော့၊ တရားမျှတစွာနဲ့၊ ရင်ဆိုင်ယှဉ်ပြိုင်ခြင်းပဲပေါ့။

ဒါပေမဲ့. . .၊ တချို့ တချို့သော၊ ယုတ်ညံ့တဲ့ရန်သူတွေကိုတော့၊ တရားမျှတ,မှုနဲ့၊ တိုက်ဖို့မလိုဘူး. . .လို့၊ ကျွန်တော်ထင်တယ်။

အကောင်းဆုံးက၊ တရားမျှတ,မှုဆိုပေမယ့်၊ (တကယ့်) အထိရောက်ဆုံးက,တော့၊ အလစ်အငိုက်တိုက်ခိုက်ခြင်းပါပဲ။

မြှုံးထဲဝင်နေတဲ့. . .ငါး၊ ပိုက်ထဲမိနေတဲ့. . .သားကောင်၊ ကျုံးထဲရောက်နေတဲ့. . .ဆင်၊ ထောင်ချောက်ထဲရောက်နေတဲ့၊ ဘယ်လို သတ္တဝါမျိုးမဆို၊ ကိုယ် လိုရာကို၊ ပုံသွင်းလို့၊ ရပြီလေ။





နောက်ပိုင်း. . .နောက်ပိုင်းရက်တွေမှာ. . .မဝေဝေစမ်းကို၊ ကျွန်တော့် ကိုယ်ပိုင်တိုက်ခန်းက,နေ၊ ထိုင်စောင့်နေရုံပါပဲ။

ကျွန်တော်က ဆိုးလိုက် . . .ချွဲလိုက်. . .။ သူက . . . ချော့လိုက် . . .နှဲ့လိုက်။

ကျွန်တော် တစ်ခါမှ၊ မခံစားဘူးတဲ့၊ အချစ်ဆိုတဲ့. . . စကားလုံးကြီးနဲ့၊ နေ့စဉ်ပစ်ပေါက်နေမိတော့တာပေါ့။

အချစ်ဆိုတာ၊ ကျွန်တော့အတွက်၊ စကားလုံးအသစ် အဆန်းတစ်ခုပါပဲ။

ကိုယ်. . .မယုံကြည် တဲ့၊ စကားလုံးနဲ့၊ တစ်ဖက်လူကို၊ မြှူဆွယ်ရတာ၊ အချစ်ကိုတော့၊ အားနာသား။



www.burmeseclassic.com

www.burmeseclassic.com

( ၁၉ )

ထီလောင်းကစားဒိုင် တစ်ဒိုင်နဲ့လက်ခွဲဒိုင်တစ်ဒိုင်က၊ ငွေပေးငွေယူကိစ္စ မမျှတလို့၊ ကာယကံရှင်ထိုးသားက၊ ကိုညီထွေးနဲ့ ကိုမင်းဇော်တို့ကို၊ လာအကူအညီတောင်းရာက၊ သက်လွန်ပြီး၊ လက်ခွဲဒိုင် သေသွားတယ်။

ကိုမင်းဇော်နဲ့ ကိုညီထွေး နှစ်ယောက်စလုံးထောင်ကျ။

သူတို့နှစ်ယောက် ထောင်ကျပြီး၊ မကြာခင်မှာ၊ ကိုဖိုးထောင်၊ သိရိမင်္ဂလာဈေးထဲမှာ၊ ဓားထိုးခံရ။ (အသက်သေ။ လက်သည် မပေါ်။)

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ဖိုးထောင်ဆိုတဲ့ကောင်၊
နာမည်ကြီးလွန်းလို့။ သီရိမင်္ဂလာဈေးထဲက
ဗလက်ချီပေါ်မှာ၊ အိပ်ပျော်နေ
တုန်း၊ ငါ. . ., ဓားနဲ့ထိုးပစ်ခဲ့တာ။ အူထွက်
သွားတယ်. . .လို့တော့၊ သတင်းကြားတယ်"

အရက်ဆိုင်ထဲဝင်ရင်၊ ခြေသလုံးမှာ ကပ်ချီထားတဲ့ ဓားကိုခါးကြားထဲ၊ ကျွန်တော် ပြောင်းထိုးနေကျ။ တခြားမြို့နယ်တစ်ခုရဲ့ အရက်ဆိုင်မှာ၊ ကိုဖိုးထောင်ကို၊ အလစ်ဝင်တွယ်သွားတဲ့သူကို၊ စုံစမ်းဖို့၊ ပြင်ဆင်နေတုန်းမှာပဲ၊ ကျွန်တော့် စားပွဲပေါ်ကို၊ လူတစ်ယောက် လာထိုင်တယ်။ အတူသောက်ခွင့်တောင်းတယ်။

သောက်ရင်းနဲ့၊ သူက၊ ရေကူးနည်းပြ ဆရာ . . .တဲ့၊ လူမိုက်တွေကို မုန်းလို့. . .တဲ့။ ကိုဖိုးထောင်ကို အိပ်ပျော်နေတုန်း ဓားနဲ့ထိုးခဲ့တာ . . .တဲ့။ (သူ့ခမျာ၊ ကျားရှေ့၊ မှောက်လျက်လဲတာပါပဲ)။

"အစ်ကိုကြီးက၊ ကျွန်တော့်ကို
ဘာဖြစ်လို့လာပြောပြနေတာလဲဗျ၊
ကျွန်တော်က၊ ရဲ. . .ဆိုရင်၊ အစ်ကိုကြီး
အဖမ်းခံရမှာပေါ့"





"ညီလေးက၊ ဥပဓိရုပ် ကောင်း
တယ်။ ရဲ မဖြစ်နိုင်ဘူး။
ပြီးတော့. . .မြို့နယ်ချင်းက၊ အဝေး
ကြီး။ ဖိုးထောင်လည်း မသိနိုင်ဘူး။ သူ့ညီ
နှစ်ယောက်လည်း၊ ထောင်ထဲမှာ။
သူ့တပည့်၊ ရဲမာန်ဆိုတဲ့ကောင်
တော့၊ သူ့ဆရာကို၊ ပြုစုနေလောက်ရောပေါ့"

ခါးကြားထဲက၊ ဓားကိုထုတ်မယ်ပြင်ပြီးမှ၊ ကိုဖိုးထောင်ဆီကို၊ ဖုန်းဆက်ရကောင်းမလား၊ စဉ်းစားတယ်။ အဲဒီနှစ်ခုလုံးကို၊ မလုပ်ဖြစ်တော့ဘဲ၊ ဆိုင်အပြင်ဘက်မှာ၊ ရပ်ထားတဲ့ ဆိုင်ကယ်ကို၊ တစ်ချက်၊ ကြည့်လိုက်တယ်။ (ဆိုင်ထဲမှာ၊ လူဘယ်နှစ်ယောက်ရှိသလဲဆိုတာတော့၊ ကြည့်ထားပြီးသား)။

"အစ်ကိုကြီးက၊ ရန်ငြိုးမရှိဘဲ၊
ကိုဖိုးထောင်ကို၊ တီးလိုက်တာပေါ့"

"အင်း။ ရန်ငြိုးမရှိဘူး။ နာမည်ကြီး
လို့၊ သွားလုပ်တာ"

"အရင်ကရော၊ အဲဒီလို၊ နာမည်
ကြီးတဲ့သူတွေကို၊ အစ်ကိုကြီး၊ ချတာပါလား"

"အင်း. . .။ မချဖူးဘူး။ ဈေးကို၊



www.burmeseclassic.com

www.burmeseclassic.com



မကြာ မကြာ ရောက်ရောက်နေတော့၊ ဖိုးထောင်ဆိုတာ၊ ဘယ်သူလဲ. . . မေးကြည့်ထားတာ၊ ကြာပြီ။

တွေ့နေမြင်နေတာလည်း၊ ကြာပြီ။ ဟိုညက. . ., အိပ်ပျော်နေတာတွေ့လို့၊ စားနဲ့ထိုးခဲ့တာ"

"သူ့ညီတွေ. . .သူ့တပည့်တွေရော . . .၊ အစ်ကိုကြီး၊ မြင်ဖူးလား"

"မမြင်ဖူးဘူး။ ဒီကောင်တွေက၊ သူ့ငွေးအိုက်တင်နဲ့နေတယ်. . .ကြားတယ်။ လူမိုက်ပုံမပေါက်ဘူး. . .တဲ့"

"ကျွန်တော်က၊ ကိုဖိုးထောင်ရဲ့တပည့်၊ ရဲမာန် ဆိုရင်ရော. . .၊ အစ်ကိုကြီး ဘာလုပ်မလဲ။ ဘယ်လိုဖြေရှင်းမလဲ"

"ဘယ်လိုမှ၊ မဖြေရှင်းဘူး။ ငါ့ညီ . . ., မင်းက၊ အရက်တောင်၊ သိပ် သောက်တတ်တဲ့ ပုံ၊ မပေါ်ပါဘူးကွာ။ လူမိုက်ပုံလည်း၊ မပေါက်ပါဘူး။ အစ်ကိုကြီး. . . ဒီလောက်တော့. . .အကဲခတ်တတ်ပါတယ်"





ကျွန်တော် ဆိုင်အပြင်ကို၊ ထွက်ခဲ့မိတယ်။

"ရဲမာန်။ မင်း. . .ဘာမှ မလုပ်နဲ့နော်။ ငါ. . .ကိုယ်တိုင်လုပ်မယ်"

"အရမ်းမူးနေတယ်၊ ကိုဖိုးထောင်။ ရင်ဘတ်ဆောင့်တွန်းရင်တောင်၊ ဖင်ထိုင်ကျသွားမှာ။

ကျွန်တော် အကွဲအပြဲလောက်ပဲ၊ လုပ်ခဲ့မယ်. . .လို့၊ လှမ်းအကြောင်းကြားတာ"

"ဟော့ကောင်။ မင်း. . .လက်ဖျားနဲ့တောင် မထိနဲ့။ မင်းကို၊ ငါ. . .စုံစမ်းခိုင်းတာ။ မင်း. . .တာဝန်ပြီးပြီ။ မင်း. . .ဆိုင်အပြင်မှာပဲ နေတော့။ ငါ. . ., အခု. . ., ရောက်တော့မယ်"

"အရမ်းမူးနေတယ်. .ကိုဖိုးထောင်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့. . .၊ လုံး၀. . .ဖိုက်တာ မဟုတ်ဘူး"

"ဒီကောင်က. . .မူးနေတာ။ ငါက၊ အိပ်ပျော်နေတာကွ။ မင်းက. . .မူးတဲ့ကောင်ကို၊ ပိုသနားနေတာလား"

"အစ်ကို၊ လက်လွန်မှာစိုးလို့"

"အေး. . .၊ မလွန်စေရဘူး။ ငါ. . .၊ သူ့လိုပဲ၊ တစ်ချက်တည်းထိုးမှာ"

ကိုဖိုးထောင်၊ ဖုန်းချ။ ကျွန်တော် ဆိုင်ထဲပြန်ဝင်လာတယ်။

"အစ်ကိုကြီးက၊ ဒီနားမှာနေတာလား"

"ဟုတ်တယ်။ ရေကူးနည်းပြ. . .မြတ်ဇော်ဆိုရင်၊ အားလုံးသိတယ်"

"အစ်ကိုကြီး၊ အခု. . .အိမ်ပြန်ပါတော့လား။ အရမ်းမူးနေပြီလေ"

"မပြန်ပါဘူး။ ဘာဖြစ်လို့၊ ပြန်ရမှာလဲ"

"ကျွန်တော်က၊ ကိုဖိုးထောင်ရဲ့ တပည့် ရဲမာန်။ အစ်ကိုကြီးကို၊ ကိုဖိုးထောင်





လာသတ်လိမ့်မယ်။

ကိုဖိုးထောင်က၊ ဖိုက်ပွင့်ပြီးထွက်လာတဲ့အူကို၊ ပလပ်စတစ်နဲ့ထုတ်ပြီး လျှောက်သွားနေတာ။ ဖိုက်ထဲ၊ ပြန်မသွင်းရသေးဘူး"

"ဟဲဟဲဟဲ။ ညီလေးက,လည်း၊ အစ်ကို့ကို၊ လာခြောက်နေပြန်ပြီ။

အစ်ကို့ကို၊ ဒီကောင်. . .ဘယ်လိုလုပ် သိမှာလဲ"

"ကျွန်တော် . . . ဖုန်းဆက်ပြီး ပြောလိုက်တာ"

ခေါင်းခါ။ မယုံကြည်။ ရယ်မော။

တီးတိုးသက်သာ၊ အသိပေးနေပါလျက်၊ သူ. . . ဘယ်လိုမှ၊ လက်မခံ။ အဲဒါကြောင့်. . .ကျွန်တော် ဆိုင်အပြင်ကို၊ ထွက်ခဲ့တယ်။

ခဏကြာတော့၊ ကိုဖိုးထောင်၊ ဆိုင်ကယ်နဲ့ရောက်လာတယ်။ ဆိုင်ကယ်ကို စက်မသတ်ဘဲနဲ့၊ ရပ်ထားခဲ့ပြီး၊ ကျွန်တော့်ကို၊ လူပြခိုင်းတယ်။ ကျွန်တော်. . .ပြလိုက်ရတယ်။

"မင်း. . . နေခဲ့။ ဆိုင်ကယ်ထွက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ပြင်ထား"

ကိုဖိုးထောင် ဆိုင်ထဲဝင်သွား။ ခဏနဲ့ ပြန်ထွက်လာ။ အရက်ဆိုင်ထဲမှာ၊ လူတွေ ရုတ်ရုတ်သဲသဲဖြစ်။

ကျွန်တော်တို့ဆိုင်ကယ်နှစ်စီး၊ မောင်းထွက်လာကြ။

"ငါ. . .တစ်ချက်ပဲ ထိုးခဲ့တယ်"



( ၂၀ )

ကျွန်တော့်ကို၊ မှာစရာရှိတာတွေ၊ မှာကြားပြီး၊ ကိုဖိုးထောင်၊ ရဲစခန်းထဲဝင်သွားလေရဲ့။

ကျွန်တော် . . .လူမိုက် လုပ်စားလို့ ဖြစ်ပါ့မလား. . . လို့၊ ကိုယ့်ကိုယ်ကို သံသယဝင်လာတယ်။ မတရားလုပ်တဲ့သူတွေကို၊ မတရားပြန်လုပ်ချင်တာမှန်ပေမယ့်၊ ကိုယ့်ကိုဘာမှ၊ မလုပ်ဘူးတဲ့သူကို၊ အနိုင်ကျင့်ရမှာ၊ အနိုင်ယူရမှာ၊ ဝန်လေးနေတတ်မှန်း၊ ကိုယ့်ကိုယ်ကိုယ် သတိထားမိတယ်။ ဒါပေမဲ့ .

www.burmeseclassic.com

www.burmeseclassic.com



. .၊ ပါရမီမြောက်လောက်တဲ့၊ သည်းခံစိတ်မျိုးတော့၊ ဘယ်သူ့အပေါ်မှာမှ၊ မထားနိုင်သေးတာလည်း၊ အမှန်ပဲ။

"ကျွန်တော် ထွေထွေထူးထူးတွေ၊ ပြောပြီး၊ လိမ်မနေချင်တော့ဘူး. . . မဝေဝေစမ်း။

ကျွန်တော်က၊ ကိုကြီးရန်မင်းအောင်ရဲ့ညီ၊ အငယ်ဆုံးရဲမာန်အောင်ပဲ။

အစ်မ. . .ကျွန်တော့် အိမ်ပေါ်မှာ ပြောခဲ့တဲ့၊ စကား။ ကိုယ့်ညီမ,ကိုယ်ပြောခဲ့တဲ့၊ စကား။

နင်. . .တော်တော်၊ ဝီး ရှားနေသလားဆိုတဲ့၊ စကားရိုင်းကို၊ ကျွန်တော် မကျေနပ်လို့၊ အစ်မ,ကို၊ ကျွန်တော် တမင်.





. .အညှန့်ချိုးဖို့၊ စီစဉ်ခဲ့တာပဲ။

အခု. . .၊ ကျွန်တော် လုပ်ချင်တာ လုပ်ပြီးပြီ။ အစ်မ, ဆက်ပြီး၊ အနှစ်မွှန်း မခံပါနဲ့တော့။

နောက်နောင်လည်း၊ လူသားအားလုံးဟာ၊ အတူတကွ၊ ခံစားမှုကိုယ်စီ၊ ရှိကြတယ်ဆိုတာကို၊ သတိပြုဆင်ခြင်ပြီးမှ၊ လူတွေကို ဆက်ဆံပါလို့၊ ကျွန်တော် အကြံ ပေးလိုက်ချင်ပါတယ်"

"မင်း. . .။ မင်း. . .ယုတ်မာတာပေါ့"

"အသိပေးဖွင့်ပြောမှ၊ ယုတ်မာတယ်လို့ စွပ်စွဲနိုင်ရလောက်အောင်၊ ခင်ဗျား ညံ့ဖျင်းရသလား။

အခု အချိန်မှာ၊ ခင်ဗျားကို၊ တစ်စုံတစ်ယောက်က၊ ခင်ဗျားညီမ,ကို၊ ခင်ဗျား ပြောတဲ့၊ စကားမျိုး၊ ပြောရင်၊ ခင်ဗျား. . . ဘယ်လိုနေမလဲ"

"ဟဲ့. . .။ ဒေါသ,ဖြစ်တုန်း ပြော



www.burmeseclassic.com

www.burmeseclassic.com



တာလေ။ အခု. . .သူတို့ကို၊ အိမ်ပေါ်မှာ တင်ထားတာပဲ"

"အသာစည်းရတုန်းပြောတဲ့. . . စကား. . .လို့ပဲ၊ ကျွန်တော်မှတ်ထားတယ်။ ထားပါတော့. . .ဒါတွေ။

အခု. . .အရေးကြီးတာက၊ ကျွန်တော်ခင်ဗျားကို၊ အဆက်ဖြတ်တယ်။ ခင်ဗျား ကျွန်တော့်ကို၊ အဆက်ဖြတ်ဖို့ပဲ"

"မင်း. . .,

အဲဒီလို၊ လွယ်လွယ် မပြောနဲ့လေ"

"လူသိရှင်ကြား၊ တရားစွဲချင်ရင်လည်း စွဲ။ ကျွန်တော်တို့က၊ အချိန်တိုင်း ထောင်ကို၊ မျက်စ,ပစ်နေတဲ့ကောင်တွေ။

လူမသိ. . .သူမသိ။ နောက်ဆုတ်သင့်တယ်ထင်ရင်. . .၊ တိတ်တိတ်လေး နောက်ဆုတ်။

ကျွန်တော့်ရည်ရွယ်ချက်က,တော့၊ ခင်ဗျား မိုက်မိုက်ရိုင်းရိုင်းပြောထွက်ခဲ့တာကို၊ ထိထိရောက်ရောက် တုံ့ပြန်ဖို့ပဲ။





အကွက်ချ စီမံထားတာ ဖြစ်တဲ့၊ အတွက်။ သေဖို့. . သတ်ဖို့ ဝန်မလေးသလို။ ထောင်အကျခံဖို့လည်း၊ ဝန်မလေးဘူး။

အရှက်အကွဲခံပြီး၊ တုံ့ပြန်ချင်တယ် ဆိုရင်တော့၊ အသက်လည်း အသေခံဖို့၊ ထည့်တွက်။

ခင်ဗျားကိစ္စ၊ ပြီးရင်. . .

နောက်ထပ်၊ ကျုပ်, မိသားစု အပေါ်၊ စော်ကားတဲ့. . .လူ မှန်သမျှကို၊ ပက်ပက်စက်စက်ပြန်လုပ်စရာတွေ. . .၊ ရှိသေးတယ်။ ဒါကြောင့် ခင်ဗျားကိစ္စကို၊ မြန်မြန်အသိပေးလိုက်တာ"

"မင်းက. . .၊ မင်းက။ မင်းသား ခေါင်းစွပ်ထားတဲ့၊ ဘီလူးပဲ"

"နယ်ပယ်တိုင်းမှာ၊ ခင်ဗျား . . . ပြောတဲ့မင်းသားခေါင်းစွပ်ထားတဲ့၊ ဘီလူး တွေ. . .အများကြီးပဲ။

ဟောဒီက၊ ဘီလူးလေးက၊ သနား တတ်လို့၊ စောစောစီးစီး၊ ဖွင့်ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



". . . . . . ။ . . . . .

. . . . . ။ . . . . . . . .

. . . . . . . . . . . ."

(လူတွေ . . .သနားဖို့အကောင်းဆုံးအချိန်က၊ သူတို့အနိုင်ယူထားမိတဲ့အကြောင်းအရာနဲ့ ပတ်သက်ပြီး၊ ပြန်လည်ခံစား၊ ရှုံးနိမ့်ပြီ. . .လို့၊ သိလိုက်ကြရတဲ့. . .အချိန်ပဲ)။

ကိုဖိုးထောင်၊ လူသတ်မှုနဲ့ ထောင်ကျ။

ကိုဖိုးထောင်ရဲ့ ဝန်ခံထွက်ဆိုချက်တွေထဲမှာ၊ ကျွန်တော့်အမည်နာမ၊ မပါ။

"မင်း. . .၊ ကံကောင်းလို့၊ ထောင်မကျသေးပေမယ့်၊ မင်း. . .ထောင်နုတ်ခမ်းပေါ်၊ လမ်းလျှောက်နေတယ်ဆိုတာ၊ ကိုယ့်ကိုယ်ကို၊ သိသင့်ပြီ. . .ရဲမာန်"





"ငါ. . ., နောက်ဆုတ်လို့၊ မရတော့ဘူး ပြည့်ဝ။ ငါ. . ., ဆက်စောင့်ရှောက်ရမယ့်၊ လက်အောက်ငယ်သားတွေလည်း၊ ငါ့မှာ. . .ရှိနေတယ်။

သူငယ်ချင်းကောင်း ပီပီသသ၊ မင်း,ငါ့ကို၊ သတိလာလာပေးတာ၊ ငါ. . .ကျေးဇူးတင်တယ်။

မင်း. . .ပြောသလို၊ ငါ. . .ကိုယ့်ကိုယ်ကို၊ ပြင်ချင်ပါတယ်ကွာ။ ဒါပေမဲ့. . .၊ ဘယ်ကိစ္စပဲဖြစ်ဖြစ်၊ အချိန်တန်မှ၊ ဖြစ်တာကွ။

မိခင်တစ်ယောက်က၊ ဗိုက်ထဲမှာ၊ ကလေးရှိမှန်းသိတိုင်း၊ သူ့ကလေးကို၊ ချက်ချင်းမွေးလို့၊ ရတာမဟုတ်ဘူး။ နေ့စေ့. . .,လစေ့။ မွေးချိန်တန်မှ၊ မွေးတာ"

ပြည့်ဝ,က . . .

"မွေးချိန်တန်ပါလျက်၊ မမွေးသေးရင်၊ အန္တရာယ်ကြီးတတ်တယ်ဆိုတာကိုရော. . .၊ မင်း . . . သိတယ် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



အေး . . .အဲဒီလိုပဲ။ ပြုပြင်ချိန်တန်ပါလျက်၊ မပြုပြင်တဲ့သူ၊ အန္တရာယ်ကြီးတတ်တယ် သူငယ်ချင်း။

မင်း. . .စိတ်ထားကောင်းကောင်းနဲ့ ကောင်းရောင်းကောင်းဝယ်၊ လုပ်စားဖို့၊ အချိန်မီသေးတယ်. . .ရဲမာန်"

"ဘဝပေးကုသိုလ်ချင်း၊ မတူဘူး . . . လို့ပဲ၊ မင်း. . .ယူဆ,လိုက်ပါကွာ။

မင်းက . . .ဘွဲ့ရ၊ ပညာတတ်။ ကျူရှင်ဆရာကြီး။ မင်းလို ဘွဲ့ရထားပါလျက်နဲ့, တရားမဝင်. . .အလောင်းအစား လုပ်ငန်းနဲ့ အသက်မွေးနေကြရတဲ့၊ လူတွေ . . .အများကြီးပဲကွ။

နောက်ပြီး . .ဘုရား ပညတ်ထားတဲ့၊ စီးပွားရေး၊ လုပ်ငန်းတွေ မင်း သိမှာပါ။

လက်နက်ရောင်းဝယ်ပြီး၊ စီးပွား မရှာရဘူး။ လူကိုကျွန်ပြုဖို့၊ မရောင်းဝယ်ရဘူး။ သားသတ်လုပ်ငန်းနဲ့၊ စီးပွားမလုပ်ရဘူး။ အဆိပ်. . .အရောင်းအဝယ် မလုပ်ရ





ဘူး။ မူးယစ်သေစာမရောင်းဝယ်ရဘူး. . . တဲ့။

ဘုရား . . .တားထားတဲ့၊ အဲဒီ စီးပွားရေးလုပ်ငန်းတွေ၊ ငါတို့ကိုင်းပြည်မှာ၊ လုံးဝ. . .မရှိတော့ဘူး ဆိုရင်။ ငါ. . .လူမိုက်လုပ်မစားနိုင်တော့ပါဘူး။

အရက်ဆိုင်မှာတောင်၊ ငါတို့. . . ဝင်ထိုင်လိုက်ရင်။ ဒါမှမဟုတ်၊ အာဏာပိုင် အဖွဲ့အစည်းက၊ လူတွေ. . .၊ ဝင်ထိုင်လိုက်ရင်. . .၊ သောက်ခ, စားခ, ပေးစရာမလိုဘူး။

ဒါ. . .ဂါရဝပြုတာ မဟုတ်ဘူး။ ဒါ. . .တံဆိုးလက်ဆောင်ပဲ။ ဒါ. . . ကြောက်လို့၊ ပေးကမ်းတာပဲ။ ကြောက်တယ်ဆိုကတည်းက၊ အဲဒီအရောင်းအဝယ်မှာ၊ တရားမဝင်တာ၊ တစ်ခုခုရှိနေလို့ပဲ။

အနည်းဆုံး. . .၊ အရက်ဖြူဆိုင် ဆိုပြီး၊ နိုင်ငံခြားအရက်၊ ရောင်းနေမိလို့ပဲ။

မတော် မတရားဆိုတာ၊ နေရာတိုင်းမှာ၊ ရှိတာပါကွ။ အလောင်းအစား



www.burmeseclassic.com

www.burmeseclassic.com



လုပ်တာတောင်၊ မလျော့နိုင်ရင် ထွက်ပြေးမယ်. . .လို့၊ တွေးပြီး၊ လုပ်တဲ့ကောင်တွေလည်း၊ ရှိတာပဲ။ အဲဒီလို. . .အယုတ်တမာတွေ၊ ကားစီး၊ တိုက်ဆောက်. နေကြတာလည်း၊ ငါ. . .မြင်နေရတာပဲ။ အဲဒီလိုကောင်တွေ. . .၊ အသတ်ခံရတာလည်း၊ ငါ. . .ကြားဖူးခဲ့တာပဲ။

သောင်းသိန်းချီတဲ့၊ လုပ်ငန်းကြီးတွေ. . .ထားလိုက်ပါဦးကွာ။ ရပ်ထဲရွာထဲက၊ အလေးချိန်ခွင်တောင်၊ တင်းပြည့်ကျပ်ပြည့်တကယ်ရှိကြရဲ့လား။ ငါ. . .ဆိုလိုချင်တာက၊ ငါတစ်ယောက်တည်းပဲ၊ လူမိုက်ကြီးဖြစ်နေတာလား. . .လို့၊ ငါ, မေးချင်တာပါ. . .ပြည့်ဝ"

"သူတစ်ပါး မစင်စားလို့၊ ကိုယ်ပါမစင်လိုက်စားနေတယ်. . .လို့၊ မင်း. . .ပြောနေတာပဲ. . .ရဲမာန်။

ဘယ်သူ ငါးရားပျက်ပျက်၊ ကိုယ်မပျက်ပါနဲ့ဆိုတာ၊ ပိုက်နာတတ်ရင်. . .





ဘဝ, အတွက်၊ အသုံးအဝင်ဆုံး၊ သူတော်ကောင်းစကားပဲ။

ငါ ထင်တယ်။ မင်း. . ., သူတော်ကောင်းနဲ့ မတွေ့ဘူးတာဘဲ ဖြစ်မယ်။ အဲဒါကြောင့်. . .၊ သူတော်ကောင်းစကား၊ သူတော်ကောင်းတရားကို၊ မင်း. . .လိုက်နာဖို့ ခက်နေတာပဲ"

"မင်းက၊ ငါ့ သူငယ်ချင်း။ သူတော်ကောင်းပါကွာ။

မြက်ကြိုက်တဲ့. . .နွားက၊ ပတ္တမြားရဲ့တန်ဘိုးကို၊ မသိဘူး။ အဲဒီလိုပဲ. . .၊ မိုက်မည်းဖို့ပဲ၊ ကြံစည်နေသေးတဲ့ ငါက၊ ပတ္တမြားနဲ့တူတဲ့၊ သူတော်ကောင်းတရားကို၊ ဘယ်. . .မက်မောခွင့်ရှိဦးမှာလဲကွာ. . ."



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ချစ်သူ၊ ဘာဖြစ်ဖြစ်၊

ဘယ်လိုလူ ဖြစ်ဖြစ်၊ ဆက်ချစ်နေတဲ့ သူကို၊

အရှုံး . . .လို့၊ စွပ်စွဲရက်သလား။ . . .

www.burmeseclassic.com

www.burmeseclassic.com

( ၂၁ )

သီရိမင်္ဂလာဈေး၊ နေရာ ရွှေ့ပြောင်း။ ကိုဖိုးထောင်၊ ထောင်ထဲမှာ. . .သေ။ ကိုညီထွေး၊ ထောင်ထဲက၊ ပါလာတဲ့ ရောဂါနဲ့ . . .သေ။ ကိုမင်းဇော် . . .၊ စံပြငါးဈေးထဲမှာ၊ အလုပ် . . .လုပ်။

ခေတ်ကာလ, အခြေအနေအရ၊ ကျွန်တော်လည်း၊ လူမိုက် အလုပ်ကို၊ ရပ်နား။ (ဟိုတုန်းက,လို၊ တရားမဝင် လောင်းကစား ကို၊ ကြီးကြီးကျယ်ကျယ်၊ မလုပ်ဖြစ်တော့ပေမယ့်၊ ဖုန်းအဆက် အသွယ်နဲ့တော့၊ တီးတိုးတိတ်တိတ်၊ ဆက်လုပ်နေရသေးတာ ပေါ့)။

လူမိုက်အပြောင်းဆိုပေမယ့်၊ လူမိုက် ပေါက်စ,လေးတွေ က,တော့၊ ရှိရှိသေသေပေါ့။ အဲဒီ လူမိုက်ပေါက်စ,လေးတွေကိုပဲ၊

www.burmeseclassic.com

www.burmeseclassic.com



စံပြငါးဈေးထဲက၊ ကိုမင်းဇော်ကြီးကို၊ ဇောင့်ရှောက်ဖို့၊ မှာရတာပေ့ါ။

လက်အောက်ငယ်သားတွေက၊ တရားမဝင် လောင်းကစားဒိုင်တွေဆီက၊ တရားမဝင်၊ တောင်းရမ်းပြီး၊ အထက်လူကြီးတွေဆီ၊ ဆက်သ,ဝေပေးရတဲ့. . .ခေတ်ကို၊ ကျော်လွန်ကာလ,မှာ၊ ကျွန်တော့်လို၊ မိုက်ကြေးခွဲစားမယ့်၊ လူအဖို့၊ နေထိုင်မှုပုံသဏ္ဍာန်၊ ပြောင်းပစ်ရတော့တာပေါ့။

သာမန် အိမ်လေးတစ်လုံး။ သာမန် ကားစုတ်လေးတစ်စီး၊ လက်ကိုင်ဖုန်းလေး နှစ်လုံးလောက်ကို၊ မထင်မရှားနေထိုင်အသုံးပြုနေရုံအပြင်၊ လူမျက်စိနောက်စေမယ့်၊ အနေအထိုင်၊ အပြောအဆိုမျိုးကို၊ တမင်ရှောင်ကြဉ်ပစ်လိုက်ရတာပေါ့။

သီရိမင်္ဂလာဈေးထဲမှာ၊ ဆိုင်ခန်းတစ်ခန်းလောက်ကို ဘမ်းပြထား။ လူယုံမွေး။ တစ်လုံး. . .နှစ်လုံး . . .သုံးလုံး. . .လို့၊ ခေါ်ဝေါ်နေကြတဲ့၊ အလောင်းအစားလုပ်ငန်းကို၊ ကိုယ်တိုင်





မဆောင်ရွက်တော့ဘဲ၊ လူယုံတွေနဲ့သာ လွှဲထားပြီး၊ ကိုယ်တိုင်က,တော့၊ ဈေးထဲက၊ ဝင်ငွေလေးနဲ့၊ ရပ်တည်နေသယောင်ပြုပြီး၊ ရပ်ကွက်ထဲက၊ ဘာသာရေးကိစ္စတိုင်းမှာ၊ ကမကထလုပ်။ အလှူငွေများများထည့်။ တကယ့်လူကောင်းပုံစံနဲ့, နေနေရတော့တာပေါ့။

သီလပျက်ပြားချင်လို့၊ ဒီလိုနေတာမျိုး၊ မဟုတ်ပေမယ့်၊ ဒီလိုနေမှ၊ အန္တရာယ်ကင်းမှာမို့၊ နေရတာပေါ့နော်။

ရပ်ကွက်ထဲ၊ လှူတာတန်းတာ၊ သိပ်များသွားတဲ့အခါ၊ ကျွန်တော့်နာမည်ကို၊ လော်စပီကာကြီးနဲ့၊ အော်ဟစ်ကြေညာနေလိုက်ကြတာများ၊ ကြက်သီးထ,စရာ။

ဘာ. . .တဲ့။ "ဘုရား ဒကာကြီး၊ ဦးရဲမာန်အောင်". . . တဲ့။ ဟီး ဟီး။ နတ်ပြည်က၊ ကြားသွားရင်၊ မိုးကြိုးပစ်မှာ သေချာတယ်။ (မိုးကြိုးလေကြီးများ၊ ကျနေရင်၊ အိမ်ရှေ့မထွက်ရဲဘူး။ ဟဲဟဲ. . .၊ ဘုရားဒကာကြီး၊ မိုးကြိုးထိမှာစိုးလို့)။



www.burmeseclassic.com

www.burmeseclassic.com



"ငါ. . .သာမှုခေါ်တယ်. . .ရဲမာန်။ မင်း, နေတာထိုင်တာ၊ ပြောင်းပစ်လိုက်လို့"

"ပြည့်ဝ။ သူငယ်ချင်း အချင်းချင်းမို့၊ ဝန်ခံမယ်။ ငါ. . .ပြောင်းပစ်လိုက်တာ၊ မဟုတ်ဘူး။

ခေတ်ပြောင်းသွားလို့၊ ကောင်းချင်ယောင်၊ ဆောင်နေတာ။ သာမှုတော့ မခေါ်နဲ့။

နေတတ်ထိုင်တတ်တယ်. . .လို့၊ ချီးကျူးချင်၊ ချီးကျူး။

လူတွေက၊ များများလှူနိုင်ရင်၊ ဘုရားဒကာ ခေါ်တတ်ကြလွန်းလို့၊ တမင် . . . လှူနေတာ။

သီလ ဆောက်တည်ထားတဲ့၊ ဆိုက်ကားသမားနားမှာ၊ သူ့ကိုကြည်ညိုမယ့်သူ၊ မရှိဘူး။ ငါ့လိုလူ၊ အနားမှာ၊ လူတွေအုံနေလိုက်ကြတာ။ သီလ, စင်ကြယ်သလား. . .မစင်ကြယ်သလားတောင်၊ မသုံးသပ်ကြတော့ဘူး။





ငွေရှိရင်၊ သူတော်ကောင်းယောင်၊ ဆောင်လို့၊ ရသလားတောင်၊ ထင်ရတယ်"

ပြည့်ဝ, သက်ပြင်းချပြီး . . .

"မင်း. . .အမှန်အတိုင်း၊ မပြောဘဲ၊ ငါ့ အထင်ကြီးလက်စ,လေး၊ ပျက်မသွားအောင်၊ ငြိမ်နေပါလားကွာ။

ဘာဖြစ်လို့၊ တုံးတိကြီး၊ ရှင်းပြရတာလဲ"

"ငါ့ကိုယ်ငါရယ်၊ ငါ့သူငယ်ချင်းရယ်ကို၊ ငါ. . .မလိမ်ချင်ဘူး. . .ပြည့်ဝ။

နီးစပ်ရာ၊ အသိုင်းအဝိုင်းတွေထဲက၊ လူမိုက်ဆိုတဲ့ကောင်တွေ. . .၊ သူများသတ်လို့၊ သေကုန်ကြပြီ။

ဒါကိုသိရက်နဲ့၊ ငါက. . .ဒီအသက်အရွယ်အထိ၊ ဖိုက်တာကြီးလုပ်နေရင်၊ ငါ. . .ဇက်ပြတ်သွားမှာပေါ့ကွ။

ငါ. . .၊ လူမိုက်ပေါက်စ,တုန်းက၊ တခြားအပိုင်းက၊ လူမိုက်ကြီးတွေကို၊ ကျိမ်းနေတတ်တဲ့. . .စကားတစ်ခွန်းရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ စကားလဲ"

"လူမိုက်ကြီးလည်း၊ မိုက်ထဲကို၊ ဓားနဲ့အထိုးခံရရင်၊ သေတယ်. . .လို့၊ ငါ. . ပြောနေကျ။

အဲဒီတော့၊ ငါ့ မိုက်လည်း၊ ဓားနဲ့ အထိုးခံရရင်၊ ပွင့်သွားမှာပဲလေ။

အဲဒါကြောင့်၊ ငါ လျှိုလိုက်တာ။ မင်း. . .အထင်ကြီးနေမှာစိုးလို့၊ အမှန် အတိုင်း၊ ပြောပြတာ"

ပြည့်ဝ၊ ခေါင်းတညိတ်ညိတ်။

"သေနတ်နဲ့ပစ်လည်း. . .မသေ။ ဓားနဲ့ထိုးလည်း. . .မသေ။ တုတ်နဲ့ရိုက် လည်း. . .မကွဲ။ ဓားနဲ့ခုတ်လည်း. . .မပြတ်. . . ဆိုရင်တော့၊ ငါ. . .ဆက်မိုက်နေချင်တာ ပေါ့"

"မင်းတို့. . .လောက,မှာ၊ ဓားပြီး . . .တုတ်ပြီး၊ ရှိတယ်ဆို"

"ဓားပြီးပေမယ့်၊ မယား မပြီးတဲ့ ကောင်၊ တွေ့ဖူးတယ်"





"ဘယ်လို"

"ဖိုးကွက်ဆိုတဲ့. . .ဖိုးတစ်ယောက်။ ဓားပြီးတယ်. . .တဲ့။ နီးစပ်တဲ့၊ လူတိုင်း ပြောကြတယ်။

တစ်နေ့ ငါ့ဆီကို၊ ခေါင်းမှာသွေး တွေရွှဲပြီး၊ ရောက်လာတယ်။

ဘာဖြစ်လာတာလဲ. . .မေးတော့၊ သူ့မယားက၊ ငံပြာရည်ပုလင်းနဲ့ထုလိုက်လို့ . . .ပုလင်းရော. . .၊ ခေါင်းရော. . .၊ ကွဲသွား တယ်. . .တဲ့။ အဲဒါ. . .ဓားပြီးပေမယ့်၊ မယားမပြီးတာပေါ့ကွ"

ပြည့်ဝ, တဟားဟား၊ ရယ်ပါလေရော။

ပြည့်ဝ, ဆီက၊ အပြန်။

ကားစက်အနိုး။ ပြည့်ဝ, ဆီကိုလာတဲ့ . . .အငှားကား



www.burmeseclassic.com

www.burmeseclassic.com



တစ်စီးကိုတွေ့လိုက်တယ်။

အငှားကားမောင်းတဲ့သူက၊ ဟိုဘက်ရပ်ကွက်က၊ ကိုကုလား။ သူနဲ့ပါလာတာက၊ အသက်နှစ်ဆယ်လောက်ရှိမယ့်၊ ကောင်မ,လေး တစ်ယောက်။

သေချာအောင်၊ ကျွန်တော် ကားထဲက,ပဲ၊ စောင့်ကြည့်နေလိုက်တယ်။

သေချာသွားပါတယ်။ ပြည့်ဝ,ဆီမှာ၊ ကိုကုလားဆိုတဲ့ . . .လူ၊ သူ့သမီးကို၊ ကျူရှင် လာအပ်တာ။

သူတို့၊ အငှားကား ထွက်သွားတော့မှ၊ ပြည့်ဝ,ဆီကို၊ ကျွန်တော် ဖုန်းဆက်လိုက်တယ်။

"ပြည့်ဝ။ ခုနက၊ ကျောင်းအပ်သွားတဲ့၊ ကျောင်းသူ နာမည် . . .ဘယ်သူလဲ"

"မသိဘူးလေ။ စာရေးမ,ကို၊ မေးမှ၊ သိမယ်။ ဘာဖြစ်လို့လဲ"

"အေး. . .။ မေး ပေးစမ်းပါ။ ကိစ္စရှိလို့"

". . . . . . .

. . . . . . . . . . . ."

"မြတ်ဝတ်မှုန် . . .တဲ့။ တတိယနှစ်





အင်္ဂလိပ်စာ"

"သြော် . . .၊ အေး။ ကျေးဇူးပဲ"

(ဖုန်းလိုင်းကျသွားသလိုလိုနဲ့၊ ကျွန်တော် ဖုန်းပိတ်ပစ်လိုက်တယ်)။



www.burmeseclassic.com

www.burmeseclassic.com

( ၂၂ )

ကားကို၊ လမ်းဘေးမှာ၊ ထိုးရပ်ပစ်ခဲ့တယ်။

မြတ်ဝတ်မှုန်ရဲ့အနားက၊ ကောင်လေးနှစ်ယောက်ကို၊ အမီလိုက်ပြီး၊ ရှေ့တည့်တည့်က၊ ရပ်လိုက်ရင်း. . .

"ညီလေးတို့. . .။ ခဏ. . .။ ခဏရပ်"

"ဘာလဲဗျ"

မြတ်ဝတ်မှုန်ကိုပါ၊ လက်ကာပြပြီး. . .

"တူမ,လေးလည်း . . .ခဏရပ်။ မင်းတို့. . .နှစ်ယောက်၊ ဒီကောင်မ,လေးကို၊ လိုက်နှောက်ယှက်နေတာဆိုရင်၊ ဒီမှာ. . . နေခဲ့တော့။

ဒါ. . .၊ ငါတို့ . . .ဟိုဘက်

www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်က၊ ကောင်မ,လေး။ ငါ့မှာ၊ စောင့်

ရှောက်ရမယ့်၊ အနေအထား ဖြစ်နေတယ်။

ဒါမှ. . .မဟုတ်။ မင်းတို့နဲ့. . .”

စကားကိုရပ်၊ မြတ်ဝတ်မှုန်ကိုကြည့်ရင်း . . .

“သူနဲ့. . .။ ဘော်ဘော်တွေဆိုရင်

တော့၊ ငါ. . .ဝင်ပြောမိတာ ဆောရီးပဲ။

ပြော. . .။ သူငယ်ချင်းတွေလား။

လိုက်နှောင့်ယှက်နေတာလား”

“နှောက်ယှက်နေတာ”

မြတ်ဝတ်မှုန်ရဲ့၊ နှုတ်ခမ်းလေးက၊ ထွက်ကျလာတဲ့. . .

ဂီတ သံလေး။

“ဟုတ်ပြီ။ ငါ. . .ကူညီဖို့၊ လိုလား။

ဒါမှ. . .မဟုတ်။ မင်း ကိုယ်တိုင်၊ ဒီ

နှစ်ယောက်ကို၊ နှင်ထုတ်နိုင်လား”

ခေါင်းခါပြီးမှ . . .

“အကူအညီလိုတယ်”

ကျွန်တော်က. . .၊ ကောင်လေးနှစ်ယောက်ဘက်ကို

လှည့်ကြည့်ပြီး . . .

“အို–ကေ၊ မင်းတို့. . .လစ်တော့”





“ခင်ဗျားက. . .၊ ဖိုက်တာလား”

ကောင်လေးတစ်ယောက်ရဲ့၊ ဂျစ်တစ်တစ်. . .အမေး။

(Fighter. . .လား. . .တဲ့)။ ဂျက်ကင်အင်္ကျီထဲက၊ လက်ကိုင်

ဖုန်းကို၊ မြတ်ဝတ်မှုန့်လက်ထဲ၊ ထည့်လိုက်တယ်။ ပြီးမှ၊ ကျော

နောက်မှာ၊ ထိုးထည့်လာတဲ့၊ ဓားမြှောင်ကို၊ ထုတ်။ ဓားအိမ်ထဲ

က၊ ဓားမြှောင်ကို၊ ဆွဲယူပြီး. . .ဓားဦးချွန်နဲ့၊ ကျွန်တော့်

လက်ဖနှောင့်ကို၊ စောင့်ထိုးပစ်လိုက်တယ်။ (သွေးတွေ. . .

ဝေါကနဲ)။

“ငါ့ကိုယ်ငါ၊ ဒီလောက်ပဲ ထိုးရဲ

တယ်။ မင်းတို့၊ နံကြားထဲကိုတော့၊ အဆုံးထိ

ထိုးရဲတယ်။

သေချင်ရင်၊ ရှေ့ကို၊ တစ်လှမ်းတိုး

ကြည့်လိုက်စမ်း”

နောက်ဆုတ် နောက်ဆုတ်နဲ့၊ ထွက်သွားကြတယ်။ သူတို့

ထွက်သွားရာကို၊ လိုက်တဲ့ဟန်ပြုပြီး၊ ကားရပ်ထားတဲ့ဆီကို၊

ပြန်လာတယ်။ ကားထဲကိုဝင်ပြီး၊ ဟိုး. . .ခပ်လှမ်းလှမ်းမှာ၊

ငေးကျန်ငဲ့ကြည့်နေတဲ့၊ မြတ်ဝတ်မှုန်ကို၊ မမြင်ချင်ယောင်ဆောင်

ပြီး၊ ကားကို၊ သူ့အနားက,နေ၊ ဖြတ်မောင်းပစ်လိုက်တယ်။

“ဦး . . .”



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သံကြားပေမယ့်၊ လက်ပဲလှမ်းပြခဲ့တယ်။ သူ့လက်ထဲ ထည့်ခဲ့တဲ့၊ ဖုန်းကို၊ (တမင်) မေ့ချင်ယောင်ဆောင်ပြီး (တမင်)ထားပစ်ခဲ့တာပေါ့။

"တီ. . .တီ. . .။ တီ. . . ။ ဟ. . . ဟလို"

"ဩော်. . .။ ခုနက၊ ကောင်မလေး။ ဖုန်းကို၊ သိမ်းထားပေးပါ။

အဲဒီမှာ၊ ကျန်ခဲ့တာ၊ အခုမှ. . . သတိရလို့"

"ဟုတ်. . .။ သမီး. . .ဘယ်မှာ လာပေးရမလဲ"

"ငါ. . .မအားတော့လို့။ အခု. . . လာ မယူတော့ဘူး။

သိမ်းထားပေးလို့၊ အဆင်ပြေနိုင်လား"

"သိမ်းထားပေးလို့တော့၊ ရပါ





တယ်။ အိမ်က. . .သိရင်၊ ဆူခံရမှာတော့၊ စိုးတယ်။

ဟို. . .။ လမ်းမှာ၊ သူများ. . . လိုက်နှောက်ယှက်ခံရတယ်ဆိုတာ၊ အိမ်ကို မသိစေချင်လို့"

"အင်း။ ခဏ နားထောင်ဦး။ အခု . . .။ ဘတ်(စ)ကားပေါ်၊ ရောက်နေပြီလား"

"ဟင့်အင်း။ ကားမှတ်တိုင်မှာပဲ၊ ရှိသေးတယ်"

"ခုနက၊ ကောင်လေးတွေ၊ ရှိသေးလား"

"ဟင့်အင်း။ မရှိတော့ပါဘူး"

"အင်း။ မရှိတော့ဘူးဆိုရင်တော့၊ လာ. . .ကြိုမပေးတော့ပါဘူး"

"ဟုတ်။ ရပါတယ်"

"ဒီလိုလုပ်။ အခု. . .စကားပြောပြီးတာနဲ့၊ ဖုန်းပိတ်လိုက်တော့။ ဖုန်းမြည်သံ၊ မကြားရရင်၊ သိမ်းသားဖို့၊ အဆင်ပြေမှာပါ။

မနက်ဖြန်၊ ကျူရှင်တက်ရဦးမှာ



www.burmeseclassic.com

www.burmeseclassic.com



လား"

"တက်ရမယ်"

"မနက်ဖြန်မှပဲ။ ဖုန်းကိုလာယူတော့မယ်။ အခု. . .လက်က၊ အရမ်းနာနေလို့။ ဆေးခန်းဝင်ရဦးမယ်"

"ဦးက၊ ဘာဖြစ်လို့၊ အဲလို၊ နာအောင်လုပ်တာလဲ"

"နောက်မှ၊ ရှင်းပြမယ်။ အခု. . . ဖုန်းပိတ်လိုက်တော့။

အဲ. . .၊ နေဦး။ ဘာပြောစရာ ရှိသေးလဲ"

"ပြောစရာက။ ကျေးဇူးတင်ပါတယ်. . .လို့၊ ပြောချင်တာ"

"ရတယ်။ မလိုဘူး။ မနက်ဖြန်၊ အဲဒီ. . .ကျူရှင်မှာ၊ ဖုန်းလာယူလို့ရော၊ အဆင်ပြေပါ့မလား။

အိမ်က. . .၊ မိဘ၊ လိုက်ပို့. . . လိုက်ကြို၊ လုပ်တတ်သလား"

"ဟင့်အင်း။ လာလို့အဆင်ပြေပါ





တယ်"

"အင်းအင်း။ အဆင်ပြေရင်၊ ပြီးရော. . .။ ဖုန်းချလိုက်တော့မယ်။

ကိစ္စရှိရင်တော့၊ ဒီ. . .ဖုန်းကို၊ ပြန်ဆက်။ ဆက်စရာမရှိရင်. . .၊ ပိတ်ထားလိုက်။ နော်. . .၊ ဟုတ်ပြီလား"

"ဟုတ်။ ဩော် . . .။ ဦး. . ."

"ပြော"

"လက်အရမ်းနာနေလားဟင်"

"ရတယ်။ ကိစ္စမရှိဘူး"

"သမီး. . .ဆေးခန်းကို၊ လိုက်ခဲ့ပေးရမလား"

"ဩော်. . .။ မဟုတ်တာ။ ရတယ်။ အိမ်ကိုသာ၊ မြန်မြန်ပြန်။

အနောက်အယှက်ရှိရင်၊ ဒီ. . . ဖုန်းကိုဆက်။ ဒါပဲနော်. . ."

"ဟုတ်. . .။ . . ."



www.burmeseclassic.com

www.burmeseclassic.com



ညဥ့်နက်။ သန်းခေါင်။

"တီ. . .။ တီ. . ."

ဖုန်းမြည်သံကြားလို့၊ ကြည့်လိုက်တော့၊ မြတ်ဝတ်မှုန် ဆီမှာ၊ ကျွန်တော်ထားခဲ့တဲ့၊ ဖုန်းနံပါတ်။ (တမင် မကိုင်ဘဲ၊ နေလိုက်တယ်)။

"တီ. . .။ တီ. . ."

ငါးမိနစ်ခြား၊ ဆယ်မိနစ်ခြား၊ အခါခါဆက်တော့မှ၊ ဖုန်းကို၊ ကျွန်တော် ကိုင်လိုက်တယ်။

"ဟလို"

"ဟလို. . .။ . . ."

အသံ သဲ့သဲ့မျှ။

"ပြော. . ."

"ဦး. . .။ အိပ်ပျော်နေတာလား။ သမီး ဖုန်းခေါ်နေတာ၊ ကြာလှပြီ"

"အိပ်ဆေး သောက်ထားတာ။ အနာကိုက်မှာစိုးလို့။ အိပ်ဆေး ပေးတယ် ထင်တယ်။ ပြော. . .။ အနှောင့်အယှက်၊





တစ်ခုခုရှိလို့လား"

"မရှိပါဘူး။ ဦး. . .အနာ သက်သာရဲ့လား. . .၊ သိချင်လို့ပါ"

"သက်သာမှာပါ။ မစိုးရိမ်နဲ့"

(သက်သာပါတယ်. . .လို့၊ ကျွန်တော်၊ မပြော။ သက်သာမှာပါ. . .ဆိုတဲ့အဓိပ္ပာယ်က၊ လောလောဆယ်၊ မသက်သာသေးဘူး. . .ဆိုတဲ့၊ သဘောပေါ့။ တစ်ဖက်သား၊ စိတ်ပိုထိပါးအောင်၊ စကားလုံး၊ ရွေးပြောရတာလေ)။

"ဦးရယ်။ ဘာဖြစ်လို့၊ အဲလို။ ကိုယ့်ကိုယ်ကိုယ်၊ နာအောင် လုပ်ရတာလဲ ဟင်"

"ရှင်းပြတော့ရော။ နင်၊ နားလည်မှာမို့လို့လား"

"နားလည်အောင် ရှင်းပြပေါ့"

"ဖုန်းထဲက၊ မရှင်းပြချင်ပါဘူး"

"ဒါဆို၊ မနက်ဖြန်ကျ ရှင်းပြ။ ကျူရှင်ကို၊ စောပြီးထွက်ခဲ့မယ်"

"လူကြီးတန်မဲ့၊ ကျူရှင်ရှေ့က၊ ငုတ်တုတ်လေး၊ လာစောင့်နေရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"အာ။ အဲလို. . .မဟုတ်ပါဘူး။ မနက်ဖြန်ကျရင်၊ သမီးအဆင်ပြေတဲ့ နေရာက,နေ၊ ဒီဖုန်းနဲ့၊ လှမ်းဆက်မယ်လေ"

"အင်း။ ပြီးရော. . .။ ပြီးရော။ အိပ်တော့။ အိပ်တော့၊ အိပ်ရေးပျက်ပြီး၊ နေထိုင်မကောင်း၊ ဖြစ်နေဦးမယ်"

"ဟုတ်"

". . . . .

. . . . .။ . . . . ."

မြတ်ဝတ်မှုန်က၊ သူ စောင့်နေမယ့်နေရာကို၊ ဖုန်းဆက်ပြီး . . .ပြော။ ကျွန်တော် ကားနဲ့သွားခေါ်။ ပြီးတော့. . .မျှော်စင်ကျွန်းထဲကိုသွား။ အရိပ်ထူထပ်တဲ့နေရာမှာ၊ ကားရပ်။

ကားထဲက၊ အပြင်မထွက်ဘဲ၊ စကားပြောကြမယ်လေ။ မှန်အနက်တွေကို၊ အကုန်တင်ပြီး။ လေအေးစက်ကို၊ တမင်ဖွင့်ပြီး။



( ၂၃ )

"နင်တို့၊ ဟိုဘက် ရပ်ကွက်ထဲမှာ၊ ငါ့မိဘ,တွေရှိတယ်။ အဲဒီ့ကို၊ တစ်ခါတစ်ရံသွားရင်း၊ နင့်ကိုမြင်ဖူးထားတာ။ နာမည်တော့၊ မသိဘူး"

"မြတ်ဝတ်မှုန်ပါ. . . ဦး"

"ငါက. . .၊ ငယ်ငယ်ကတည်းက၊ အိမ်မှာသိပ်,မနေဘူး။ ကိုယ့်ဘာသာ၊ အပြင်မှာ၊ တစ်ယောက်တည်းနေတာ။ အခုထိပဲ"

"ဦးက။ ဒါဆို. . .လူပျိုကြီးပေါ့"

"အင်း"

"သမီးကို၊ ပြောပြဦးလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ"

"မနေ့က၊ ဟိုကောင်လေးတွေ ရှေ့မှာ၊ ဦး. . ., ကိုယ့်လက်ကို . . .ကိုယ်၊ ဘာလို့၊ ဓားနဲ့ထိုးလိုက်တာလဲ"

"ငါ. . ., ကိုယ့်ကိုယ်ကိုတောင်၊ အဲဒီလိုလုပ်ရဲတယ်. . .ဆိုတာ၊ ဒီကောင်တွေ၊ သိစေချင်လို့လေ"

"အင်းလေ။ အဲလို၊ ဘာဖြစ်လို့ လုပ်တာလဲ . . .လို့"

"ငါ. . ., လူမိုက် မို့လို့ပေါ့"

"ဟုတ်ဖူးလေ။ လူဆိုတာ၊ ကိုယ့်ကိုယ်ကိုယ်၊ နာအောင်၊ မလုပ်ကြပါဘူး။ ဦးက. . .အဲဒီလို၊ နာအောင်လုပ်လိုက်တော့၊ သမီးစိတ်ထဲမှာ၊ မကောင်းဘူး။ ဘာဖြစ်လို့၊ လုပ်မှန်းလည်း၊ မသိဘူး"

မျက်ဝန်းလဲ့၊ မျက်ဝန်းလှ။

"သြော်. . .။ အဲ့ဒီကောင်လေးတွေကို ငါ့ဓားနဲ့ထိုးလိုက်ရင်၊ သူတို့ သေသွားမှာပေါ့။





သေသွားရင်၊ ဘာကြောင့်လဲ ဆိုတာ၊ လူသိရှင်ကြား၊ ဖြစ်တော့မှာပေါ့၊ အဲဒီအခါ၊ နင်, သက်သေလိုက်ရတော့မှာပေါ့။

နင့်ကို၊ အဲဒီလို၊ ပြဿနာကြားထဲမှာ၊ ရှိမနေစေချင်ဘူး။ အကာအကွယ်ပေးတဲ့ သူကြောင့်၊ အရှက်ကွဲသလို, မဖြစ်စေချင်ဘူးလေ။

အဲဒါကြောင့်၊ ငါ့ကိုယ်ငါ၊ အနာခံပြီး၊ အဲဒီကောင်လေးတွေကို၊ လှန့်လိုက်တာ။ နင်. . , လန့်သွားသလား"

ငိုမဲ့မဲ့၊ မျက်နှာထား။ ခေါင်းတစ်ချက်ရမ်းပြပြီး၊ သူ့လက်ချောင်းလေးတွေက၊ ကျွန်တော့်ပတ်တီးစ,တွေ၊ အပေါ်မှာ။ ဖွဖွရွရွ။ နွေးနွေးထွေးထွေး။ ယုယုယယ။

"နောက်တစ်ခါ၊ အဲဒီကောင်လေးတွေ၊ နင့်ကို. . .ထပ်ပြီး၊ နှောင့်ယှက်တာနဲ့ ကြုံရဦးမယ်ဆိုရင်တော့။

ဒီတစ်ခါ၊ သူတို့ကို၊ ဓားနဲ့ထိုးမိလိမ့်မယ်၊ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မထိုးပါနဲ့. . .ဦးရယ်"

ကျွန်တော့်လက်နှစ်ဘက်စလုံးကို၊ သူ. . .ကိုင်ဆုတ်။ အငိုမျက်လုံးလေးက၊ ကျွန်တော့်ကိုကြည့်ရင်း၊ ဦးခေါင်းလေးက၊ ကျွန်တော့်ဘက်ကို၊ ယိမ်းနွဲ့မှီကမ်း။

"အဲဒီကောင်တွေကို၊ ထိုးခိုက်မှာ စိုးလို့လား"

"မဟုတ်ဘူးလေ။ ဦးကို. . .မထိခိုက် စေချင်လို့ပါ"

"အင်း။ ဘာပဲဖြစ်ဖြစ်။ စိတ်မချတာတော့၊ အမှန်ပဲ။ လိုက်ပို့ လိုက်ကြို လုပ်ရအောင်က,လည်း၊ နင်. . ., ခွင့်မပြုရင်၊ အဲဆင်ပြေမှာ၊ မဟုတ်ဘူး။

ဒါနဲ့. . .အိမ်က၊ လိုက်ပို့၊ လိုက်ကြို မလုပ်ဘူးလား"

ဒါ. . .သိလျက်နဲ့၊ မေးတဲ့. . .မေးခွန်း။

သူ့အဖေ၊ လိုက် မပို့၊ လိုက် မကြိုတာ၊ သေသေချာချာ၊ သိထားပြီးသား။

"အဖေက၊ တက္ကစီ၊ မောင်းနေတာ။ လိုက်ပို့ဖို့၊ မအားဘူး။





ကျူရှင်အပ်တဲ့နေ့က၊ ထမင်းစားပြန်ချိန်နဲ့ကြုံလို့၊ လိုက်ပို့ဖူးတယ်။

နေ့တိုင်းကျတော့၊ အဆင်မပြေဘူး။ မနေ့က,လိုဖြစ်တယ် ကြားရင်၊ ကျူရှင်တက်ရတော့မှာ၊ မဟုတ်ဘူး"

"ဒါ. . .၊ ပိုက်ပွဲလို့ဖြစ်နိုင်လား"

"ကျူရှင်အထိ၊ လိုက်ပို့ဖို့၊ အဆင်ပြေပေမယ့်၊ အိမ်နားအထိ လာကြိုတာမျိုး၊ မဟုတ်ရင် အဆင်ပြေမယ်ထင်တယ်။

ဟို. . .။ အိမ်နဲ့ခပ်ဝေးဝေးမှာ၊ လာစောင့်ပေးပြီး။ ပြန်ပို့ရင်လည်း၊ အဲဒီနားလောက်ဆိုရင်၊ အဆင်ပြေတာပေါ့။

ဒါပေမဲ့. . .၊

ဦးကို၊ အားနာတယ်"

"အားနာရင်၊ လုံခြုံတဲ့နည်းတစ်ခုတော့ရှိတယ်။ ငါ့ ဓားမြှောင်ကို၊ နင့်ကျောပိုးအိတ်ထဲ၊ ဆောင်ထား။ ယိုသွဲ့သွဲ့လာလုပ်တဲ့သူကို. . .၊ ကိုယ့်ဘာသာ . . .ထိုး။ ဘယ့်နှယ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်။ လုပ်ရဲဘူး။

နောက်ပြီး. . .အဆင်မပြောတာ၊ တစ်ခုရှိတယ်"

"ဘာလဲ"

"သမီးကို၊ နင်. . .နင်. . .နဲ့၊ မပြော ပါနဲ့။ ငါ. . .ငါ. . .လို့၊ မသုံးပါနဲ့"

"ဘယ်လိုပြောရမှာလဲ။ ငါ. . .။ မိန်းကလေးနဲ့၊ စကားသိပ်, မပြောတတ်ဘူး။

အခေါ်အဝေါ်က၊ အရေးကြီးလို့ လား"

"အရေးကြီးတာပေါ့။ နင် . . .တွေ၊ ငါ. . .တွေဆိုတာ။ သူစိမ်းဆန်တဲ့၊ အသုံး အနှုန်းတွေပဲ။

ဦးအသက်ဘယ်လောက်ရှိပြီလဲ။ သုံးဆယ့်ငါးနှစ်ရှိပြီလား"

"မကြာခင်၊ လေးဆယ်ပြည့်တော့ မယ်"

"ဟယ်. . .တကယ်"

"အရွယ်တင်တယ်. . .လို့၊ ဘယ်





သူပြောပြော။ ငါ. . .မှန့်ဝယ်မကျွေးတတ်ဘူး နော်။ မြှောက်ပြောဖို့၊ မစဉ်းစားနဲ့"

ရယ်မောရင်း. . .

"မြှောက်ပါဘူး။ ဦးကိုတော့ . . . ဦးလို့၊ ခေါ်မယ်လေ"

"ငါ့နာမည်၊ ရဲမာန်အောင်"

"ဟင့်အင်း။ ဦး. . .လို့ပဲ၊ ခေါ်မယ်။ ဦးက၊ သမီးကို၊ ဝတ်မှုန်လို့၊ ခေါ်။

ပြီးတော့. . .၊ ငါ. . .လို့၊ မပြောနဲ့။ ကိုယ်. . .လို့၊ ပြော"

"ငါ. . .တကယ် မပြောတတ်ဘူး။ ဝတ်မှုန်လို့တော့၊ ခေါ်မယ်။ ကိုယ်. . .လို့ တော့၊ ပြောဖြစ်မယ်၊ မထင်ဘူး"

"ဘာလို့လဲ. . ."

ချွဲ နွဲ့ သံ နှော . . .။

"ငါ့ . . .ဘဝမှာ၊ နူးနူးညံ့ညံ့၊ မပြောမဆိုဘူးလို့ဘဲ။ ငါ့ဘဝ,က၊ ကြမ်း တယ်။

ဲဒါကြောင့်၊ သိပ်, မနူးညံ့တတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ အချိန်အတက်တွေ၊ ဆောင်ထားတတ်

တာပဲ. . .ကြည့်။

ငါ. . .ဘယ်လောက်အထိ၊ လမ်း

သွားမှာ၊ အနေများခဲ့မယ်ဆိုတာ"

"သမီးက၊ အဲလို. . .Fighter မျိုးမှ

ကြိုက်တာ။

ယောကျ်ားဖြစ်ပြီး၊ အဆိုတော်

လိုလို၊ အခြောက်လိုလို၊ ကိုယ်ဟန်ပြဖော

မယ့်ကောင်လိုလိုတွေကို၊ သိပ်ရွံတာ။

သမီးရွယ်တူကောင်လေးတွေ

တော်တော်များများ။ Fighter ရုပ်

တစ်ယောက်မှ၊ မပေါက်ဘူး။ အကုန်

အခြောက်ရုပ်တွေချည်းပဲ"

"ကိုရီးယားကားတွေ၊ အကြည့်များ

ပြီး၊ အဲဒီထဲက၊ ပုံစံတွေ. . .၊ လိုက်တုပ

နေမှာပေါ့"

"တုစရာများ။ အများကြီးပါ. . .

ဦးရယ်။

ဦးက. . .၊ Prison Brea





ဇာတ်လမ်းတွဲထဲက၊ မိုက်ကယ် – စကိုးဖီးလ်

နဲ့၊ တူတယ်၊ သိလား။

သမီးက၊ အဲဒီလို၊ ရုပ်မျိုးမှကြိုက်

တာ။

ယောကျ်ားဖြစ်ပြီး၊ နှုတ်ခမ်းနီဆိုး

တော့မလိုလို၊ မိတ်ကပ်လိမ်းတော့မလိုလို၊

ရုပ်တွေကို၊ ရွံတယ်"

(ကျူရှင်တက်မယ့်အချိန်ကို၊ ကျော်လွန်သွားခဲ့ပြီ)



www.burmeseclassic.com

www.burmeseclassic.com

## ( ၂၄ )

ကျွန်တော့်လက်ကိုင်ဖုန်းကို၊ ယူထားဖို့၊ ကျွန်တော်ပေးပေမယ့်၊ မြတ်ဝတ်မှုန်၊ လက်မခံ။

သူ့ဘာသာ၊ အပြင်ဖုန်းနဲ့၊ အဆက်အသွယ်လုပ်တယ်။ ကျူရှင် မတက်တဲ့နေ့ရော၊ တက်ရတဲ့နေ့ရော၊ ညဦးပိုင်းမှာ၊ ဖုန်းဆက်တယ်။

တစ်လ,လောက်ကြာတော့မှ၊ ကျွန်တော့်လက်က,အနာပျောက်တယ်။ (လက်အနာပျောက်တဲ့ . . .နေ့။ တတိယအကြိမ်မြောက်၊ ကျွန်တော့်အိမ်ကို၊ သူ. . .လိုက်လည်တယ်)။

www.burmeseclassic.com

www.burmeseclassic.com



" x x . . . . . ။ . . . . . . . ။

. . . . . x x – –။ . . . . . . . . . . ။

ပန်းချစ်သူ ပျားက ပြုံးတယ်။

သင်းပျံ့တဲ့မွှေးရနံ့နဲ့အတူ . . ။

စွဲမက်ဖွယ်စကားနဲ့ဆင့်ကာ၊

ဝတ်မှုန်ရယ်. . ၊ နင်နဲ့နှိုင်းရင်၊ ရှုံးကြမှာပဲ။

ရင်ထဲရှိ ရှိသမျှ၊ ပြောပြရရင်၊

တကယ်လှတယ် . . x x x . . . .

. . . . . . . . "

"ဝတ်မှုန်" . . . ဆိုတဲ့၊ သီချင်းလေးက၊ ကျွန်တော့်ဆီကို၊ သူ့ . . လိုက်လည်တိုင်း၊ ကျွန်တော် ဆိုပြနေကျ သီချင်းလေး ပေါ့။

နောက်တော့ . . ., နောက်တော့၊ သူက၊ ကျွန်တော့်ကို၊ "ဦးရဲ" . . . လို့၊ ခေါ်ပြီး၊ သူ့ကို၊ ကျွန်တော်က၊ "ဝတ်မှုန်" . . . လို့၊ ခေါ်တတ်လာတယ်။





တစ်ပတ်ကို(နှစ်)ရက်၊ ကျွန်တော့်အိမ်မှာ၊ ထမင်းလာ ချက်ကျွေးတယ်။ အပြင်မှာ၊ ဟိုဟို . . ဒီဒီတော့၊ သူ . . သိပ် မသွားရဲဘူး။ သူ့အဖေနဲ့၊ တိုးမှာစိုးလို့ . . တဲ့။ မဖြစ်မနေ၊ အပြင်သွားရတယ်ဆိုရင်တော့၊ ထုံးစံအတိုင်း၊ ကားမှန်တွေကို၊ အပြည့်ချရတော့တာပေါ့။

အိမ်သော့တစ်စုံကို၊ သူ့လက်ထဲ၊ ကျွန်တော် ထည့်ပေး ထားတယ်။ ကျွန်တော် အိမ်မှာ၊ ရှိရှိ . . . မရှိရှိ၊ သူ . . ., လာချင်တဲ့ အချိန်၊ လာလို့ရအောင်ပေါ့။

"ဝတ်မှုန် ငယ်ငယ်တုန်းက၊ အိမ်မှာ၊ စီးပွားရေး၊ အဆင်ပြေတယ်။

အဖေ စီးပွားကျသွားတာ၊ တော်တော်ကြာပြီ။ ကားတွေ . . အများကြီး၊ ရှိရာက၊နေ၊ တက်(က)စီတစ်စီးပဲ၊ ရှိတော့တယ်။

ပြီးတော့ . . ၊ အဖေက၊ သမီး မိန်းကလေးဆို၊ မချစ်ဘူး . . တဲ့။ ဘယ်လို ကြီးလဲ မသိဘူး။"

(သူ . . ၊ သူများသားသမီးကို၊ စော်ကားခဲ့သလို၊ သူ့သမီး ကိုလည်း၊ သူများစော်ကားမှာ၊ ကြောက်လို့ နေမှာပေါ့။ ဒါ . .,



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဗိုက်ထဲက၊နေ၊ ဖြူဟက်ဟက်မှုန်ကို၊ ပြောနေမိတဲ့ . . စကား)။

"ဦးရဲ . . ရဲ့၊ တစ်ဝက်လောက်၊ အဖေ . . ဝတ်မှုန်အပေါ်၊ ဂရုစိုက်ရင်၊ ဝတ်မှုန် သေပျော်ပြီ"

"အဲဒီ . . ၊ နင့်ရင်ထဲက၊ စကားကို၊ နင့်အဖေသိအောင်၊ ပြောပြလိုက်ပါလား။

ကိုယ်မွေးထားတဲ့၊ သားသမီးကို၊ ယောကျ်ားလေးမှ၊ မိန်းကလေးမှ၊ ဆိုတဲ့ ခွဲခြားပြီးချစ်တဲ့စိတ်က၊ တကယ့်မိဘ့စိတ် မဟုတ်ဘူး . . လို့၊ မပြောရဲဘူးလား"

"ပြောရဲဘူး"

"တချို့ညံ့ဖျင်းတဲ့၊ မိဘ့တွေ ကြောင့်၊ သားသမီးတွေ . . ၊ ငရဲရကုန်တာ။

ဘာပဲဖြစ်ဖြစ်၊ မိဘ့ကို၊ ရန်သူကြီး လို၊ မထင်မြင်မိစေနဲ့။ ငါလို . . မဖြစ်စေနဲ့ ပေါ့ဟာ"

"ဦးရဲက၊ ဘာဖြစ်လို့လဲ"

"သြော် . . ။ ဖအေကို၊ မမြင်ချင်





လို့၊ ငါ့ဘဝကို၊ လမ်းပေါ်မှာ၊ ကျင်လည်ခဲ့ တာပါ ဆို"

"ဟုတ်လို့လား"

"ဟုတ်တယ်။ ငါ့ကို၊ သိပ်အထင် မကြီးနဲ့။ ငါ . . ၊ လူကောင်းမဟုတ်ဘူး"

"ဦးရဲကို၊ ဝတ်မှုန်က၊ အထင်ကြီး တာ၊ မဟုတ်ဘူး။ ယုံကြည်တာ"

"ဘာကိုလဲ။ ဘာယုံကြည်တာလဲ"

"ဝတ်မှုန်ကို၊ ဘယ်တော့မှ၊ မရက် စက်ဘူး . . လို့၊ ယုံကြည်တာ"

"ဒုက္ခတော့၊ ရောက်တော့မယ်"

"ရောက်ပလေ့စေ။ အဲဒီ၊ဒုက္ခထဲမှာ၊ လေဟုန်စီးပစ်လိုက်မယ်"

"ငါ့ အသက်အရွယ်၊ ငါ့ အတွေ့ အကြုံ။ ငါ့ လေ့လာမှုအရ၊ ပြောရရင် . . ၊

လောကီအာရုံတိုင်းကို၊ အတည် မယူနဲ့ . . ။ အရာရာဟာ အချိန်တိုင်း၊ ပြောင်းလဲနေတယ်"

"အဲဒါ၊ လူတိုင်း ကြားဖူးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အပြောင်းအလဲဆိုတာ၊ ရှိသလို၊ မပြောင်းမလဲဆိုတာလည်း၊ ရှိနိုင်တာပဲ။ မဟုတ်ဘူးလား"

"ငါ့, စကားနိုင်၊ မလုပ်ပါဘူး။ နင့်စိတ်, ပြောင်းသွားတဲ့အချိန်ကျမှ၊ နင့်ကိုယ်နင်၊ ပြန်ပြီး အဖြေပေးလိုက်ပေါ့"

"ဘာ စကားကြီးလဲ"

ပခုံးစွန်းကို၊ မှီရင်း မေးတယ်။

ကျွန်တော်, ခေါင်းပဲ ခါပြလိုက်တယ်။ ပခုံးစွန်းကို၊ မှီနေ့နေရာက,နေ၊ ရင်ခွင်ဆီကို၊ အကူးအပြောင်းမှာ၊ ကျွန်တော့်နှလုံးသားဟာ၊ သစ်ခေါင်းပေါက်ကြီးပမာ။

သူ့ရဲ့. . .စကားတီတာသံတွေက,တော့၊ သစ်ခေါင်းပေါက်ကြီးရဲ့၊ အဝန်းဝ,ကို၊ ထိုးခေါက်နေတဲ့၊ သစ်တောက်ငှက်ရဲ့၊ နှုတ်သီးလေး။

♡ ♡ ♡



( ၂၅ )

"သူကြွယ်ကြီးရဲ့သားကို၊ သူ့အမေက၊ အိမ်ထောင်ချပေးတယ်။ ဇနီးက, ကလေး၊ မထွန်းကားဘူး။

အဲဒါကြောင့်၊ အမျိုးအနွယ်၊ ဆက်ခံဖို့၊ နောက်ထပ် ဇနီးတစ်ယောက်၊ ထပ်ရှာရတယ်။

အဲဒီဒုတိယဇနီးကို၊ ဇနီးကြီးကပဲ၊ ရှာပေးတာ။ ဇနီးကြီးရော၊ ဇနီးငယ်ရော၊ ခင်ခင်မင်မင်နေလာရင်းက၊ ဇနီးငယ်မှာ၊ ကိုယ်ဝန်ရလာတယ်။ အဲဒီမှာ. . .ဇနီးကြီး၊ မနာလိုဖြစ်တော့တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဇနီးငယ်ရဲ့၊ ကိုယ်ဝန်ကို၊ ရာဟုထဲ ဆေးခပ်ပြီး၊ ဖျက်တယ်။ နောက်ထပ်၊ ကိုယ်ဝန်ထပ်ရ။ ဇနီးကြီးက၊ အဲဒီလိုပဲ၊ ရာဟုထဲ၊ ဆေးခပ်ပြီး၊ ထပ်ဖျက်။

တတိယမြောက်ကိုယ်ဝန်ရတော့၊ ဇနီးငယ်က၊ ဇနီးကြီးကို၊ မပြောပြတော့ဘဲ နေရာက၊ ဇနီးကြီးက၊ ချော့မော့ပြီး၊ မေးရင်း . . .၊ တတိယအကြိမ်၊ အတင်းအဓမ္မ၊ ကိုယ်ဝန်ဖျက်ဆေး၊ တိုက်တော့တာပဲ။

ကိုယ်ဝန်က၊ ရင့်နေတာ၊ မပျက်ဘဲ၊ ဝမ်းထဲ၊ ကန့်လန့်ခံနေရင်း၊ ဇနီးအငယ်က၊ သေခါနီးမှာ၊ ဇနီးကြီးကို၊ ငြိုးပြီး၊ ဒီဘဝ၊ က လွန်ရင်၊ ဇနီးကြီးရဲ့၊ သားတွေကို၊ စားရတဲ့ သူ၊ ဖြစ်ပါစေလို့၊ ဆုတောင်းပြီး၊ သေတယ်။

နောက်ဘဝ. . .သူ ဆုတောင်းတဲ့ အတိုင်းဇနီးငယ်က၊ ကြောင်ဖြစ်။ ဇနီးကြီးက၊ သူ့ခင်ပွန်းထုထောင်းလို့၊ သေတော့ . . ကြက်မ,ဖြစ်။ ကြက်မ, ဥသမျှ၊ ကြောင်က,





စား။

ကြောင်က၊ ကြက်မ,ကိုပါ၊ စားဖို့၊ ပြင်တော့၊ အစားမခံရခင်၊ ကြက်မကဲ, ဆုတောင်းပြန်ရော။ ဒီကြက်မ,နဲ့ သူ့သား သမီးတွေကို၊ စားရပါလို၏. . .ပေါ့။

တောင်းတဲဆုအတိုင်း၊ ကြက်မက . . ."သစ်မ"ဖြစ်။ ကြောင်က. . .သမင်မ, ဖြစ်။ သမင်မ,သားဖွားသမျှ၊ သစ်မက. . . အကုန်စား။

သမင်မ,ကိုပါ၊ စားတော့မှာမို့၊ သစ်မ,ရဲ့ သားသမီးတွေရော. . .၊ သစ်မ,ကို ရော။ စားရပါလို၏. . .ဆုတောင်း။ သေ။

ဂေါတမ,မြတ်စွာဘုရားလက်ထက်၊ ရောက်တော့၊ သမင်မက. . .ဘီလူးဖြစ်။ သစ်မ,က. . .လူမိန်းမ. . .ဖြစ်။

ဘီလူးမ,နာမည်က၊ ကာဠယက္ခိနီ . . .တဲ့။ အဲဒီ. . ., ဘီလူးမက၊ လူယောင် ဆောင်ပြီး၊ လူမိန်းမရဲ့၊ ကလေးတွေကို၊ နှစ်ကြိမ်တိတိစားပစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သုံးကြိမ်မြောက်ကျတော့၊ ဘီလူးမ, လူယောင်ဆောင်ပြီး၊ စား,စားပစ်တာကို၊ သိလို့၊ မိဘ,အိမ်မှာ၊ မွေးဖို့အသွား ဘီလူးမ, လိုက်လို့၊ ပြေး။

ဂေါတမ. . .မြတ်စွာဘုရား, ရှေ့ကို . . .ရောက်။

ဘုရားက၊ သူတို့နှစ်ဦးရဲ့၊ မယား ကြီး. . .မယားငယ် ဘဝ,က၊ ရန်ငြိုးကို၊ ပြောပြ၊ အသိပေးရင်း. . .၊

ရန်ငြိုးပြေကြဖို့၊ ဆုံးမ,လိုက်တာ၊ ဘီလူးမ၊ သောတ,ပန် တည်သွားတယ်။

လောက,မှာ၊ တစ်ယောက်နဲ့ တစ် ယောက်၊ တစ်လှည့်စီ ရန်မူနေကြရင်၊ ရန်မီး က၊ ဘယ်တော့မှ၊ ငြိမ်းတော့မှာ၊ မဟုတ်ဘူး . . .တဲ့။

ရှော့. . .။ မင်း အိမ်မှာ၊ ကပ်ထား ဖို့၊ ငါ. . .ကွန်ပျူတာစီလာတာ"

ပြည့်ဝ,က၊ စာရွက်ဖြူတစ်ရွက်၊ လှမ်းပေးတယ်။ စာရွက် ဖြူကို၊ ပလပ်စတစ်လောင်းထားတယ်။ ပါဠိစာတွေကို၊ မြင်လို့၊





ဘုရားစာမှန်းသိပြီး၊ ကျွန်တော်လက်နှစ်ဖက်နဲ့၊ တရိုတသေ၊ ယူ လိုက်ရတယ်။

န ဟိ ဝေရေန ဝေရာနိ၊ သမ္မန္တီဓ ကုဒါစနံ။

အဝေရေန စ သမ္မန္တိ၊

(လောက,၌၊ .ရန်တုံ့မူခြင်းဖြင့်၊ ရန်တို့သည်၊ အဘယ်အခါမျှ၊ မပြေငြိမ်းနိုင်။ ရန်တုံ့မမူခြင်းဖြင့်သာလျှင်၊ ရန် ပြေငြိမ်းနိုင် ၏)။

(ဗုဒ္ဓ)

ဖတ်ကြည့်ပြီး၊ ဘုရားကျောင်းဆောင်၏ အောက်တည့် တည့်ရှိစားပွဲပေါ်မှာ၊ တင်ထားလိုက်ပြီး . . .

"အခုပြောတဲ့. . .ကာဠယက္ခိနီ၊ ဘီလူးမ,အကြောင်းနဲ့၊ ဒီ. . ., ဂေါတမ မြတ်စွာဘုရားရဲ့ အဆုံးအမ၊ စာရွက်ကို၊ အကြောင်းပြုပြီး၊ ငါ့ကို၊ မင်း. . .ဘာပြော ချင်တာလဲ ပြည့်ဝ"

ပြည့်ဝ, ကျွန်တော့်ကို၊ သေသေချာချာ ကြည့်နေပြီး၊ စကား မတုံ့ပြန်။ ကျွန်တော်က. . .



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ ကာဋ္ဌယက္ခိနီ ဘီလူးမ,ကို ပုန်းမကြည် ရှင်မ၊ လို့လည်း ခေါ်တယ်။

ဆန်ရေစပါး၊ ပေါများချင်ရင် သူ့ကို ပ,သကြတာလေ။ ဟုတ်တယ် မဟုတ်လား။ အဲဒါ. . .စမ္မပဒထဲမှာ ပါတယ်"

"မင်. . ., ဖတ်ဖူးတယ်ပေါ့"

"ဒါပေါ့။ လူက. . .၊ ကျောင်းစာ မတော်ရတဲ့ကြားထဲ၊ အပြင်စာလည်း မဖတ် မှတ်ဘူးဆိုရင်၊ ငါ. . .ဆိုက်ကားသမား တောင်၊ ဖြစ်မှာမဟုတ်ဘူး"

"အဲဒါ. . .ဖတ်ပြီး၊ မင်း. . .ဘာသိ လဲ"

"သြော်. . .။ လူတွေ. . .တစ် ယောက်နဲ့တစ်ယောက် အငြိုးမထားကြနဲ့၊ အငြိုးထား. . .အမုန်းပွားနေကြသမျှ လောက, မငြိမ်းချမ်းဘူး. . .လို့၊ ဘုရားက ဆုံးမ,တာလေကွာ။

နေရာတိုင်းအတွက်၊ အသုံးဝင်





တယ်။

နိုင်ငံရေးလောက,မှာ၊ အစိမ်းက၊ အားသာရင်၊ အစိမ်းက၊ အနိုင်ကျင့်။ အနီက . . .ငြိုး။

အနီက၊ အားပြန်သာတဲ့အခါ. . . အနီက၊ ဘဝင်မြင့်။ အစိမ်းက. . .မုန်း။

ဘ,တစ်ပြန်၊ ကျားတစ်ပြန် ငြိုးနေ ကြရင်၊ တိုင်းပြည်၊ ပြဿနာများတတ်သလို ပေါ့။

အဲဒီဒေသနာထဲမှာ၊ ဘုရားက၊ မိန့်ထားပါသေးတယ်။

သူတစ်ပြန်ကိုယ်တစ်ပြန်၊ အငြိုးဖွဲ့ နေကြရင်၊ မြွေနဲ့ မြွေပါ. . . ကျီးနဲ့ ခင်ဘုတ် တို့လို၊ ကမ္ဘာပတ်လုံး၊ ရန်သူတွေ ဆက်ဖြစ် နေကြလိမ့်မယ်. . .တဲ့"

"မင်းရဲ့၊ ဘဝထဲမှာ၊ အဲဒီဘုရား အဆုံးအမ,နဲ့၊ ပတ်သက်ပြီး၊ အသိတရား၊ တစ်ခုခုရဖူးသလား"

"သြော . . .။ ပြည့်ဝ။ မင်းက,



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို၊ အသိတရား၊ ရစေချင်လို့၊ လာပြောပြ နေတာကိုး။

ငါ. . ., ဖတ်တယ်၊ မှတ်တယ်၊ လေ့လာတယ်လေကွာ။ အဲဒါ. . .သုတ,မယ ဉာဏ်ပေါ့။

သိတာကို သိတဲ့အတိုင်း၊ ဘဝ,ထဲ မှာ၊ အသုံးချဖို့ကျတော့၊ အဲဒီသုတမယဉာဏ် ထက်၊ ပိုပြီး. . .အဆင့်မြင့်ဖို့လိုတာပေါ့။

ငါ့. . .ဉာဏ်၊ အဆင့်မမြင့်သေးပါ ဘူး။ ဘာဖြစ်လို့လဲဆိုတော့၊ ငါ့ ကံ. . . မမြင့်မားသေးဘူးလေ။ ပြီးတော့. . ."

"သိရဲ့သားနဲ့ ယုတ်နေတာ၊ ညံ့ ဖျင်းလွန်းတယ်ကွ"

"ဒါ. . .. မင်း, ငါ့ကို၊ ရန်နဲ့ငေါ ငေါပြောတဲ့. . .စကားပဲ။

မင်း. . ., ငါကို၊ ဘာမကျေမနပ် ဖြစ်နေတာလဲ"

(မေးပြီးပြီးချင်းမှာပဲ၊ မြတ်ဝတ်မှုန်(၃)၊ မြင်ယောင်မိတယ်)

"ငါ့ ကျူးရှင်အောက်ကို၊ မင်းကား





ခဏခဏရောက်နေတဲ့ ကိစ္စပဲ. . .ရဲမာန်။

မင်း. . .ဘာလုပ်နေသလဲဆိုတာ၊ မင်း ကိုယ် မင်း၊ သိမှာပါ။

ဒါပေမဲ့. . .၊ အခု. . ., မင်း,ယုတ်မာ မယ့် သူဟာ၊ ငါ့တပည့်ဆိုတာကိုတော့၊ မင်း ထည့်တွက်သင့်တယ်"

"ဩော်. . .။ စာသင်ခန်းထဲမှာပဲ၊ အမြဲရှိတတ်တဲ့၊ မင်းတောင်၊ ခြေရာခံမိနေပြီ ပဲ။

ဒါဆို. . ၊ ကာယကံရှင်၊ ကိုကုလား သိဖို့ပဲ၊ လိုတော့တာပေါ့"

"ရဲမာန်။ ငါတို့. . .မကြာခင် အသက် လေးဆယ်ပြည့်တော့မှာပါကွာ။

မင်း စိတ်တွေ၊ ပြင်သင့်နေပြီ။

မိုးမိုးသန်းလည်း၊ မင်းကြောင့် သန်းနိုင်ဆိုတဲ့၊ ကောင်လေးနဲ့ညားသွားရ တယ်. . .လို့၊ ငါ, ကြားတယ်။

မင်း အစ်ကိုရဲ့၊ မရီး. . မဝေဝေစမ်း လည်း၊ မင်းကြောင့်၊ ကျန်းမာရေးချွတ်ချုံ



www.burmeseclassic.com

www.burmeseclassic.com



သွားတယ်။

တော်ရောပေါ့ကွာ။ မင်းကို၊ ဘယ်သူက၊ ဘာဆုလာဘ်တွေ၊ ပေးမှာမို့၊ တိတိကျကျ၊ ရန်ငြိုးထားနေရတာလဲ။

အခု. . .၊ မင်း. . .လုပ်ကြံမယ့်၊ ငါ့တပည့်မ,လေး၊ မြတ်ဝတ်မှုန်က၊ မင့်တူမ, အရွယ်လေးပါကွာ။ မင်း. . ., ပစ်ကွင်းထဲက၊ လွှတ်ပေးလိုက်ပါ"

"ငါ့အစ်မ၊ နွဲ့နွဲ့ကို၊ သူ့အဖေ စော်ကားတုန်းက,လည်း၊ ဒီအရွယ်ပါပဲကွ။ ငါ. . .မတရားမလုပ်ပါဘူး"

ကျွန်တော့် အဖြေစကားသံက. . .ယိုသဲ့သဲ့။

"မင်း. . .သူ့အဖေကို၊ မကျေနပ်ရင်၊ သူ့အဖေကိုပဲ. . .လုပ်လေ။ သူ့သမီးနဲ့၊ မဆိုင်ဘူးထင်တယ်"

"သူများသားသမီးကို၊ ဖျက်စီးရင်၊ သူ့သားသမီးလည်း၊ အဖျက်စီးခံရတတ်တယ်ဆိုတာ၊ သူ. . .သိဖို့၊ သူ့သမီးကို၊ ငါ . . .ဖျက်စီးရမှာပဲ။





ငါ့ ဆရာသမားတွေက၊ သင်ပေးပြီးသား။ အဲဒီလိုလူမျိုးကို၊ မသတ်ရဘူး . . တဲ့။

သူတစ်ပါး၊ ဘယ်လိုခံစားခဲ့ရတယ်ဆိုတာ၊ သူ သိအောင်ပဲ၊ လုပ်ရမယ်. . .တဲ့"

"တောက်"

"မျက်လုံးတစ်လုံးကို၊ မျက်လုံးတစ်လုံး။ လက်တစ်ချောင်းကို. . . လက်တစ်ချောင်း . . .ဆိုတဲ့၊

ဟမ်မူရာဗီရဲ့ ကိုဒ, ဥပဒေကို၊ ငါ သိပ်ကြိုက်တယ်ကွာ။

လူယုတ်မာကြီးတွေအတွက်၊ အဲဒီလို၊ ပြင်းထန်တဲ့ ဥပဒေ၊ ရှိသင့်တယ်ကွ။ အေး. . .မရှိရင်လည်း၊ ငါ့ဘာသာ၊ ကျင့်သုံးတယ်"

"မင်း ကိုယ်တိုင်၊ ယုတ်မာနေတယ်ဆိုတာရော၊ မင်း မသိဘူးလား"

ကျွန်တော်၊ ဟားတိုက်ရယ်လိုက်ပြီး. . .

"ဟား ဟား။ ငါ့ဆီက၊ အကြွေး



www.burmeseclassic.com

www.burmeseclassic.com



ယူထားတဲ့ လူဆီက၊ ငါ. . .အကြွေး၊ ပြန်
တောင်းတာပါကွာ။ အတိုးတောင်မယူပါ
ဘူး. . .။ ဟား ဟား ဟား "

"မင်းသိဖို့၊ တစ်ခုပြောခဲ့မယ်
ရဲမာန်။ ကိုကုလားကို၊ အကြောင်းကြားပြီး၊
မြက်ဝတ်မှုန်ကို၊ ငါ. . .ကျောင်းထုတ်လိုက်
ပြီ။

ငါ့တပည့်ကို၊ မင်း စော်ကားဖို့၊
အခွင့်အရေး၊ မပေးနိုင်ဘူး။ အဲဒါကြောင့်၊
ငါ. . .,သူ့အဖေကို၊ မင်းအကြောင်း၊ အကုန်
ပြောပြလိုက်တယ်"

ကျွန်တော်. . .၊ အိပ်ခန်းထဲဝင်လိုက်တယ်။

မိန်းကလေး ချွေးခံအင်္ကျီတစ်ထည်ကို၊ ပြည့်ဝ ရှေ့မှာ ပစ်ချလိုက်ပြီး. . .၊ သူ့ရှေ့မှာထိုင်လိုက်ရင်း. . .

"အဲဒါ. . .မြတ်ဝတ်မှုန်၊ ဒီမှာ. .
. ထားခဲ့တဲ့. . .အင်္ကျီပဲ။

အခုအချိန်က၊ စပြီး၊ ငါ့မှာ. . .
သူငယ်ချင်း မရှိတော့ဘူး. . .ပြည့်ဝ။

မင်း. . ., ဆရာကောင်း ဖြစ်ချင်





တာနဲ့၊ ငါ့ရန်သူဘက်က၊ မင်း. . ., ရပ်တည်
တယ်။ ကောင်းပြီ။ ငါလည်း. . .,
မင်း သိဖို့၊ ငါ ထပ်ပြောလိုက်မယ်။
မင်း တပည့်ကို၊ နာမည်မပျက်အောင်ဘဲ၊
မင်း. . .ကယ်လိုက်နိုင်တာပါ။ မနှစ်မွှန်း
အောင်၊ မင်း. . .မကူညီနိုင်ပါဘူး"

ကျွန်တော် ထိုင်ရာက၊ ထ,ပြီး၊ အိမ်တံခါးကိုဆွဲဖွင့်လိုက်တယ်။ အိမ်ထဲက၊ ထွက်သွားဖို့၊ ပြည့်ဝ,ကို၊ ကျွန်တော်. . . အသံတိတ်ဆန္ဒပြုလိုက်တယ်။

ပြည့်ဝ,ကလည်း၊ တံခါးရှိရာကို၊ ခြေဦးလှည့်တယ်။

"ငါ သေရင်လည်း၊ ငါ့ အသုဘကို
မင်း, မလာနဲ့။

အခုက,စပြီး. . .၊ ငါ့ဘဝ,မှာ၊ မင်း
. . .သေသွားပြီ"

မျက်နှာတည့်တည့်ကို၊ ကြည့်ပြောပြီးမှ၊ ကျွန်တော် ကျောခိုင်းပစ်လိုက်တယ်။

အိမ်တံခါးကို၊ ဝုန်းကနဲမြည်အောင် စောင့်ပိတ်ပစ်လိုက်တယ်။ စားပွဲပေါ်က၊ ပလပ်စတစ်ပုံလောင်းထားတဲ့၊ ဘုရားစာရွက်၊ ပြုတ်ကျတယ်။



www.burmeseclassic.com

www.burmeseclassic.com



လွှင့်ပစ်မယ်လုပ်ပြီးမှ၊ ဘုရားစာမို့၊ အိမ်ခေါင်းရင်း၊ နံရံမှာ၊ နှစ်ဖက်တိပ်နဲ့ ဖိကပ်လိုက်တယ်။

(လောကဦ၊ ရန်တုံ့မူခြင်းဖြင့်၊
ရန်တို့သည်၊ အဘယ်အခါမျှ၊
မပြေငြိမ်းနိုင်။ ရန်တုံ့မမူခြင်းဖြင့်သာ၊
ရန်ပြေငြိမ်းနိုင်၏)။

(ဗုဒ္ဓ)

ဘုရားဒေသနာတော်ကို၊ စိတ်ထဲက၊ ဖတ်ကြည့်ပြီး၊ သံသရာအထိ၊ ငြိမ်းအေးစေနိုင်တဲ့ တရားဆိုတာကို၊ ဗဟုသုတ, အားဖြင့်တော့၊ သိနေနိုင်တာပေါ့လေ။

လိုက်နာကျင့်သုံးဖို့ဆိုတာ၊ လွယ်တာမှ မဟုတ်တာ။ တစ်နေ့နေ့တော့၊ ကြိုးစားကြည့်ရမှာပေါ့လို့၊ တွေးဖြစ်တယ်။



( ၂၆ )

အိမ်ဝင်းထဲမှာ၊ ကျွန်တော့်ကားရပ်ထားတာကို၊ မြင်ပြီး၊ အိမ်ထဲမှာ၊ ကျွန်တော် ရှိတယ်. . .လို့၊ ကိုကုလား ယူဆ,လိုက်ပုံရပါတယ်။ သူ. . .တံခါးခေါက်နေတုန်းမှာ၊ စားပွဲပေါ်က၊ ခားမြှောင်ကို၊ ကျောနောက်မှာ၊ ထိုးထည့်လိုက်တယ်။ ပြီးမှ တံခါးဖွင့်လိုက်တယ်။

"ဘာကိစ္စလဲ"

"စိတ်မဆိုးပါနဲ့ကွာ။ ငါ့သမီးလေး ပျောက်လို့ပါ။ ဒီမှာများ ရှိမလား. . .လို့ပါ"

"စိတ်ကြိုက်ဝင်ရှာ။ မရှိဘူး"

"မရှိရင်၊ မရှာတော့ပါဘူး။ ဒီ. . , ဒီ. . .,ဖုန်းနံပါတ်ကို၊ ဆက်ပေးပါကွာ။ အကယ်၍၊ မင်းဆီကို၊ သမီးလေးလာခဲ့ရင်"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး. . .,

ကဒ်ပြားလေးတစ်ပြားပေးတယ်။

"ရတယ်။ အဲဒီ့ပန်းအိုးထဲမှာ၊

ထည့်ထားခဲ့"

တကယ်သနားစရာကောင်းနေတဲ့၊ မျက်နှာကိုတောင်၊ သနားစရာ. . .လို့၊ ကျွန်တော် မမြင်ချင်ဘူး။ လူတွေဟာ . . . သူတို့ခံရတဲ့အလှည့်ကျရင်၊ ဘာကြောင့်, မာန်တွေ. . .ဌာန်တွေ . . .၊ မရှိကြတော့တာလဲ။

(ကိုယ် အနိုင်ယူ စော်ကားတုန်းက,လို၊ ခေါင်းမော့, ရင်ကော့နေကြပါတော့လား)။

အမေ့မျက်ရည်၊ အစ်မငယ်ရဲ့၊ သိမ်ငယ်စရာမျက်နှာထား၊ ရုပ်လက္ခဏာ တည်ကြည်ပါလျက်၊ တစ်ကြိမ်တစ်ခါ မောက်မှားခဲ့တဲ့၊ အဖေ့ရဲ့ အိုကြီးအိုမ,မျက်နှာ၊ အစ်ကို အကြီးဆုံးကြီးရဲ့၊ ဆက်နွယ်မှုကြောင့်၊ မိသားစုအပေါ်၊ အိမ်တိုင်ရာရောက် စော်ကား စကားရိုင်းခဲ့တဲ့၊ မဝေဝေစမ်းရဲ့ (နှလုံးရောဂါသင့်သွားတဲ့) မျက်နှာ။

ဒေါ်အိမ်မိ၊ မိုးမိုးသန်း၊ အစ်မကြီး ကြော့ကြော့. . .။ အားလုံးရဲ့၊ မျက်နှာတွေကို၊ ဖျတ်ကနဲ ဖျတ်ကနဲမြင်ယောင်ရင်း၊ ရှေ့တည့်တည့်က၊ ကိုကုလားရဲ့ ရင်ဝ,ကို၊ ဓားနဲ့တစ်ဆုံး၊ ထိုး





ပစ်ချင်တဲ့၊ စိတ်ပေါက်သွားမိတယ်။

အိမ်တံခါးကို၊ ပြန်ပိတ်မယ်လုပ်ရင်း . . .

"ခင်ဗျား၊ အခု. . .ကိုယ်ချင်းစာ

တတ်ပြီ. . .လို့၊ ထင်တယ်။ နော်. . .

ကိုကုလား။

ကိုယ်. . .ကျူးလွန်တုန်းက၊

အကျူးလွန်ခံရတဲ့၊ မိဘ. . .ညီအစ်ကို

မောင်နှမ. .တွေ၊ ဘယ်လို. ., ဘယ်လောက်၊

ကြေကွဲခံစားခဲ့ကြရမလဲ. . .ဆိုတာ၊ သိပ်,

မတွေးမိခဲ့ဘူး ထင်တယ်။ ဟုတ်လား"

"အစ်ကို့ကို၊ ခွင့်လွှတ်ဖို့ပဲ၊ ပြောနိုင်

ပါတော့တယ်. . .ညီလေးရယ်။ . . ."

ပြောရင်း. . .၊ မျက်ရည်တွေ ဝေ့ဝဲ စီးကျ။

"အစ်ကို့ သမီးလေး။ ဘဝ,နစ်မွန်း

သွားပြီးပြီ၊ ဆိုရင်တောင်။

အစ်ကို့၊ ရင်ခွင်ထဲမှာ၊ ရှိနေရင်၊

အစ်ကို သေပျော်ပါပြီ. . .ညီလေးရာ။

အစ်ကို၊ အရှက်ကွဲမှာ၊ မကြောက်

တော့ပါဘူး။ မိဘ,ကြောင့်၊ ဘဝ,အနစ်မွန်းခံ



www.burmeseclassic.com

www.burmeseclassic.com



ပြီး၊ အကြွေးပြန်ဆပ်ပေးသလို၊ ဖြစ်ခဲ့ရတဲ့၊
သမီးလေး. . .အိမ်ပြန်လာရင်ပဲ၊ အစ်ကို
ကျေးဇူးတင်လှပါပြီ။

သမီးလေးများ၊ ဒီကို. . .လာရင်၊
အစ်ကို့ကို၊ ကူညီပါ. . .ညီလေးရယ်။
အစ်ကို့ကို၊ အကြောင်းကြားပေးပါ"

ကျွန်တော် ဘာမှ၊ ပြန်မပြောဘဲ၊ အိမ်တံခါးကို၊ ပိတ်ပစ်လိုက်တယ်။

ညနေစောင်းတော့၊ တံခါးဖွင့်သံကြားရပြန်တယ်။ မြတ်ဝတ်မှုန်. . .လို့၊ တွေးသိလိုက်တာပေါ့။

"ဦးရဲ. . ."

ရင်ခွင်ထဲကို၊ ပြေးဝင်တယ်။ ပြီးတော့ . . .ငို . . .ရှိုက်။

"ဆရာ ဦးပြည့်ဝနဲ့ ဦးရဲနဲ့က၊
သူငယ်ချင်းတွေ. . .ဆို။ ဟုတ်လား"

ရင်ခွင်မှ၊ တွန်းခွာပြီး၊ ကျွန်တော်က. . .

"ငါ့ကို၊ အထွေအထူး ဘာမှ၊ လာ





. . .မေး မနေနဲ့တော့။ ဟုတ်ပြီလား။

နင် ကြားတာတွေ၊ အကုန်၊
အမှန်ပဲ"

"သြော်. . .။ ဒါဆို၊ အဖေ တကယ်
ကျူးလွန်ခဲ့တာပေါ့။ အင်း. . .ဦးရဲ၊ မမှားပါ
ဘူး။ ဒါမျိုးက၊ ခွင့်လွှတ်သင့်တဲ့၊ ကိစ္စမှ၊
မဟုတ်တာ"

တစ်ကိုယ်တည်း၊ တွေးဆ,သလို၊ ပြောနေတုန်း၊ ကျွန်တော်က. . .,

"ကျူးရှင်နားမှာ၊ ဆွဲလားရမ်းလား၊
လုပ်တဲ့၊ ကောင်လေးနှစ်ယောက်က၊ အဲဒါ
. . .ငါ့ တပည့်တွေ. . .။

နင့်ကို၊ ချဉ်းကပ်ဖို့၊ ငါ. . ., ဇာတ်
ကွက်ဆင်ထားတာ။ လက်ကိုတော့၊ ဓားနဲ့
တကယ်ထိုးခဲ့တာပေါ့။

အိုက်တင်ကောင်းဖို့၊ ဒီလောက်
တော့၊ အနာခံရတာပေါ့"

မြတ်ဝတ်မှုန်က. . .၊ ပြုံးလျက်,

"ဘာကြောင့်ပဲလုပ်လုပ်။ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



သတ္တိရှိမှ၊ လုပ်ရဲတာ။ ဝတ်မှုန် ချီးကျူးတယ်။ အဲဒါတွေ. . .ထားလိုက်တော့။ ဒီနေ့ . . .ဦးရဲ ရဲ့မွေးနေ့။ ဘုရားသွားကြမယ်"

"ဟဲ့. . .။ မြတ်ဝတ်မှုန်"

"ရှင်"

"ငါက, နင့်ကို၊ အမြှုးအတေးနဲ့၊ စော်ကားထားတဲ့. . .လူနော်။

ငါနဲ့ထပ် ပတ်သက်ဖို့၊ မစဉ်းစားနဲ့။ အတတ်နိုင်ဆုံး၊ နင်. . ., ဒီအိမ်ပေါ်က မြန်မြန်ပြန်သွားသင့်တယ်"

"အဖေက၊ ပြောတယ်။ ဦးရဲနဲ့ အဆက်ဖြတ်ပါ. . .တဲ့။ ဆရာ ပြည့်ဝက၊ ပြောတယ်။ ရဲမာန်အောင်က . . .ဒုစရိုက်ကောင်. . .တဲ့။

ဘယ်သူ ဘာပြောပြော၊ ဝတ်မှုန် နာခံချင်မှ၊ နာခံမှာပေါ့။

အဖေနဲ့ဆရာနဲ့၊ ပြောတာကို၊ ဝတ်မှုန်ယုံတယ်။ ခုနက၊ ဦးရဲ ကိုယ်တိုင် ပြောပြတဲ့. . .ကိစ္စကိုလည်း၊ ဝတ်မှုန် ယုံ





တယ်။

ဒါပေမဲ့. . .၊ အဲဒါတွေကြောင့်၊ ကိုယ်ချစ်တဲ့သူကို၊ ဆက်မချစ်ရတော့ဘူး ဆိုတာက,တော့၊ သိပ်,သေးသိမ်လွန်းတယ်"

"နင်. . .၊ ဘာတွေ ပြောနေတာလဲ၊ မြတ်ဝတ်မှုန်။ နင် . . .ရူးနေလို့လား။ တကယ်ဆို၊ နင်က,တောင်၊ ငါ့ကို၊ ပြန်သတ်ရမယ့်. . .အခြေအနေ"

"သူသတ်. . .ကိုယ်သတ်. . .။ ကိုယ်သတ်. . .သူသတ်။ အဲဒါ. . .အရူးတွေ၊ လုပ်နေကြတယ်။ လုပ်ပလေ့စေ။

နင်. . .ရူးနေသလား. . .တဲ့။ ဦးရဲ မေးတယ်နော်။ တစ်ယောက်နဲ့တစ်ယောက်၊ တစ်နယ်နဲ့တစ်နယ်။ တစ်တိုင်းပြည်နဲ့ တစ်တိုင်းပြည်၊ သတ်ဖို့ဖြတ်ဖို့၊ ပြိုင်ဆိုင်ဖို့၊ ကြိုးပမ်းနေကြတဲ့ လူကြီးတွေက,မှ၊ အရူးတွေ . . .ဦးရဲ ရဲ့။ သက်တမ်းကုန်ရင်၊ ကံကုန်ရင်။ သူ့အလိုလို. . .၊ အို. . .နာပြီး၊ သေကြရမယ့်၊ လူအ ချင်းချင်း။ ပစ်ခတ်. . .သတ်ဖြတ်



www.burmeseclassic.com

www.burmeseclassic.com



နေကြတာ။ အဲဒါ. . .အရူးတွေ၊ မဟုတ်ဘူးလား။

ကိုယ့်ချစ်သူဘာဖြစ်ဖြစ်၊ ဘယ်လိုလူဖြစ်ဖြစ်၊ ဆက်ချစ်နေတဲ့သူကို၊ အရူး . . လို့၊ စွပ်စွဲရက်သလား။

ဦးရဲက။ ဝတ်မှုန်၊ မချစ်ဘူး. . . မကြိုက်ဘူး. . .လို့၊ အထိအတွေ့မှာ၊ နှစ်မျောပြီး၊ ဒီလူကြီး. . .၊ ကောင်းကောင်း မကောင်းကောင်း၊ ငါ. . .ယူမှ၊ ဖြစ်မယ်. . လို့၊ တွေးပြီး၊ စွဲလန်းနေတယ် ထင်လို့လား။

အထိအတွေ့. . .၊ ရာဂ. . .ဆိုတာ ရေမွှေးလေး တစ်ပိုတ်စာလောက်တောင်၊ ကြာကြာ မမြဲပါဘူး။ ခဏကိစ္စပါ။

ပြီးတော့. . .၊ ရင်ခုန်ရုံသက်သက် ဆိုရင်၊ ရွယ်တူချင်းတွေ. . .အများကြီးပါ ဦးရဲရယ်။ ချစ်တဲ့စိတ်ကို၊ တခြားပေတာတွေ . . .ဝင်နေတဲ့ စိတ်နဲ့၊ အထင်မလွဲပါနဲ့"

"ငါ. . .နင့်ကို၊ မချစ်ခဲ့ဘူးလေ"

"ဦး. . .မချစ်ခဲ့တာ၊ ဟုတ်ချင်ဟုတ်





မှာပေါ့။ ဒါပေမဲ့. . .သမီးက၊ ချစ်ခဲ့ပြီးပြီလေ"

"ငါက၊ နင် အပါအဝင်၊ ဘယ်မိန်းကလေးကမှ၊ မချစ်သင့်တဲ့ လူလေ။

လူဆိုးလေ။ လူမိုက်အဟောင်းကြီးလေ။ ဒုစရိုက်ကောင်ကြီးလေ။

နင့်ကို၊ အငြိုးနဲ့၊ ကျူးလွန်ခဲ့တဲ့သူလေ။ လိမ်ခဲ့တဲ့လူလေ။ အဲဒီလို လူကို၊ နင်. . .ဘာကြောင့်ချစ်ရမှာလဲ။

နာကျင်ရှုမုန်းရမှာ၊ မဟုတ်ဘူးလား။ လိုအပ်ရင်. . .ပြန်သတ်ပစ်ရမယ့်လူ၊ မဟုတ်ဘူးလား"

"သြော်. . .။ လူကြီးတွေ. . .လူကြီးတွေ. . .။ ဒီ. . .အိုင်ဒီယာကြီးတွေကြောင့်၊ မငြိမ်းချမ်းကြတာပဲကိုး"

သူ့ ဆိုစကား၊ ကျွန်တော် နားမလည်။

"နာကျင်စရာရှိရင်၊ ရှုမုန်းစရာရှိရင် သည်းခံခွင့်လွှတ်ကြပေါ့။ ဆတ်ဆတ်ထိမခံ၊ ဖြစ်နေကြရင်။ အဲဒါ. . .စစ်ကို ဖန်တီးနေတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူ တပြန်. . .ကိုယ် တပြန်၊ ချနေကြတာ။ သြော်. . .၊ ကိုယ့်အပေါ် မကောင်းရင်၊ ပြန်သာချဆိုတဲ့၊ အိုင်ဒီယာ ကြီးတွေကြောင့်ပေါ့။

လူကြီးတွေက၊ အဲဒီလို၊ အိုင်ဒီယာ ပေး,ပေးနေမှတော့၊ ကမ္ဘာကြီးက၊ လက်နက် အသင့်တွေ၊ ဖြစ်ကုန်တော့တာပေါ့"

"နင်. . .ပြောတာ၊ ငါ,နားမလည် ဘူး. . .မြတ်ဝတ်မှုန်"

"ဦးရဲက၊ သမီးအပေါ်၊ မကောင်းခဲ့ ဘဲနဲ့၊ ဦးရဲကို၊ သမီးက၊ မချစ်သင့်တော့ဘူး . . .လို့၊ ဦးရဲ ဆိုလိုနေတာမဟုတ်လား"

"ဟုတ်တယ်။ အဲဒီ့သဘောပဲ"

"ကောင်းပြီ။ နာကျင်စရာ. . .ရွံမုန်း စရာ၊ သတ်ပစ်ချင်စရာ၊ ကောင်းနေပါလျက် နဲ့၊ မနာနိုင်. . .မမုန်းနိုင်ဘဲ၊ ခွင့်လွှတ်,နား လည်ပေးနိုင်တဲ့. . .စိတ်။

အဲဒီ့ စိတ်။ သမီးမှာ၊ မရှိရတော့ ဘူးလား"





"ဘယ်လိုလုပ်၊ ရှိရမှာလဲ။ နင့်၊ အပေါ်၊ မကောင်းခဲ့တာကြီးကို၊ နင်က. . . ခွင့်လွှတ်တယ်ဆိုတာ။ ဒါ. . .မဖြစ်နိုင်ဘူး။ ဒါ. . .လိမ်တာပဲ ဖြစ်မယ်"

သနားစရာ သတ္တဝါတစ်ကောင်ကို၊ ကြည့်သလိုမျိုး၊ သူ . . .ကျွန်တော့်ကို၊ ကြည့်ရင်း. . .

"ဒါဆို. . .။ ဦးရဲက၊ ဘဝ၊ တလျှောက်လုံးမှာ၊ ဘယ်သူ့အပေါ်မှာမှ၊ တစ်ခါမှ၊ ခွင့်မလွှတ်ဖူးဘူးပေါ့။

ကိုယ့်အပေါ်. . .၊ ကိုယ့်မိသားစု အပေါ်၊ မကောင်းမှန်းသိလျက်နဲ့၊ သည်းခံ ခွင့်လွှတ်နိုင်ကြတဲ့၊ လူတွေနဲ့၊ မကြုံဖူးဘူး ပေါ့။ ဟုတ်လား။ ဦးရဲ . . ."

"ဟုတ်တယ်။ သူကောင်းမှ. . . ကိုယ်ကောင်း။ သူ ပေးမှ. . .ကိုယ်ပေး ဆိုတဲ့၊ လူတွေပဲ၊ ငါ. . .တွေ့ဖူးတာ"

"သြော်။ ဒါကြောင့်၊ ဝတ်မှုန်က၊ ဦးရဲအပေါ်၊ မနာမကျင်၊ မရွံမမုန်းဘူးဆိုတာ ကို၊ မယုံသလို၊ ဖြစ်နေတာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"ဝတ်မှုန်က၊ ဦးရဲကို၊ နားလည် ခွင့်လွှတ်တဲ့၊ စိတ်နဲ့။ အပြစ်တင်ချင်စရာ အားလုံးကို၊ ဖယ်ပစ်လိုက်တာလေ။

အချစ်. . .ဆိုတာ၊ အဲဒါပဲ။ သာမှ . . .နား။ ကောင်းမှ. . .စံ။ မကောင်းတာ . . .မခံယူချင်တာမျိုးက၊ အချစ်စိတ် မဟုတ်ဘူး။

အပြစ်မှန်သမျှ၊ ခွင့်လွှတ်ပေးနိုင်တဲ့ . . .စိတ်။ အဲဒါ အချစ်စိတ်ပဲ"

"အဲဒီ. . .စိတ်။ လူတွေမှာ၊ ရှိလို့လား"

"ရှိတာပေါ့။ ဦးရဲ. . .မမြင်ဘူးတာ ဖြစ်လိမ့်မယ်။

မြစ်ရေ၊ ကြည်ကြည်လင်လင်လေး မို့၊ မြစ်ကမ်းစပ်မှာ၊ ရှုခင်းကြည့်ဖို့၊ ကိုယ်. . .ထိုင်လိုက်ကာမှ၊ မစင်ပုံတွေမျော၊မျောလာတာကို၊ ခဏခဏတွေ့ကြုံဖူးတဲ့လူဟာ၊ မြစ်တလျှောက် ...း၊ မစင်ပုံတွေခြည်းပဲ. . .လို့၊





ထင်သွားတတ်တယ်လေ။

ကိုယ်နဲ့ တွေ့ဖူးတဲ့ လူတွေ၊ မကောင်းတိုင်း တလောကလုံးက၊ လူတွေ . . .အားလုံး၊ မကောင်းဘူး. . .လို့၊ စိတ်စွဲသွားတတ်ကြတယ်။

တကယ်တော့၊ မကောင်းတဲ့ လူတွေနဲ့တွေ့ကြုံရတာကိုက၊ ကိုယ့်ရဲ့. . .အတိတ်ကံ. . .ပစ္စုပ္ပန်ကံ. . .တွေကြောင့်ပဲ။

ငါ့မှာ. . .၊ ဒါနဲ့တွေ့ရမယ့် ကံ . . ပါနေတာပဲ. . .လို့၊ နှလုံးသွင်းပြီး၊ လက်ရှိ ပစ္စုပ္ပန်အချိန်တိုင်းမှာ၊ ကိုယ့်စိတ်ထား မယုတ်ညံ့မိအောင်၊ ထိန်းသိမ်းနိုင်မှ၊ စိတ်, အေးချမ်းရမှာပေါ့. . . ဦးရဲရဲ့။

ငါ့ကို၊ စော်ကားတယ်. . .ဆိုပြီး၊ ငြိုးရင် . . .မုန်းရင်. . .။ ချစ်သူ အချင်းချင်း လည်း၊ လောင်ကျွမ်းကြရမှာပဲ။ သူစိမ်း အချင်းချင်းလည်း၊ မီးတောက်ကြမှာပဲ"

"ငါ. . .။ လူကောင်းတစ်ယောက်မှ၊ မတွေ့ဖူးဘူး။ ငါ့ မိသားစုထဲမှာတောင်၊



www.burmeseclassic.com

www.burmeseclassic.com



လူကောင်းမရှိဘူး. . .လို့၊ ငါ. . .ခံစားခဲ့ရတာ"

"သြော်. . .။ ငါ့ကံ၊ ဒီလောက်တောင်၊ ဆိုးလှပါလား. . .လို့၊ တွေးပြီး. . .အဲဒီတွေးဖြစ်တဲ့ အချိန်ကတည်းက၊ ကုသိုလ်တွေ. . .ဆက်တိုက်လုပ်ခဲ့ရမှာ. . .ဦးရဲ ရဲ့.

ဆရာ ဦးပြည့်ဝ,နဲ့ အဖေ့ရဲ့စကားတွေ၊ ကြားကြားချင်း၊ ကိုယ့်ကိုယ်ကိုယ်၊ အငွေ့ပျံသွားမလားတောင်၊ ထင်ရတယ်. ခံစားလိုက်ရတာမှ. . .အရမ်း။

ဒါပေမဲ့. . .။ အကြောင်းတော့ရှိမှာပဲ. . .လို့၊ အရင်တွေးတယ်။ ပြီးမှ. . .ငါ့ကံပဲ. . .လို့၊ ခံယူတယ်။ ပြီးမှ. . .စိတ်ကို၊ ငြိမ်းအောင်၊ လုပ်တယ်။ ပြီးတော့မှ. . .ငါချစ်တာပဲ. . .လို့၊ ဆုံးဖြတ်တယ်။ အဲဒါကြောင့်. . .ခွင့်လွှတ်တယ်။ ဆက်ချစ်မယ်"

"ငါက. . .၊ နင့်ကို၊ ဆက်ပြီးတန်ဖိုးထားမှာ မဟုတ်ဘူးဆို၊ ဘယ်လိုလုပ်မလဲ။ စော်ကားနေရုံ. . .ဖျက်စီးနေရုံ. . .ဆို၊ နင်.





. .ဆက်ချစ်မှာလား"

"ဦး. . .လုပ်ချင်တာ. . .လုပ်။ အသက်ငွေ့ငွေ့လေးပဲ၊ ကျန်တော့ရင်တောင် အဲဒီအသက်ငွေ့ငွေ့လေးနဲ့၊ ဦးကို၊ ဆက်ချစ်သွားမယ်။

မကောင်းမှန်းသိလျက်နဲ့၊ ဆက်. . ဆက်ချစ်နေတာ၊ ဝဋ်ကြွေး. . .လို့၊ ဆိုရင်လည်း၊ အဲဒီဝဋ်ကြွေးကို၊ အချစ်နဲ့ပေးဆပ်မယ်။

တိုက်တာ. . .အိမ်. . .မြေ. . .၊ ငွေကြေး ပကာသနတွေကြောင့်၊ ဒီလို. . . ဒီလို. . .ချစ်တယ်ထင်ရဲ့. . .လို့၊ နည်းနည်းလေးမှ၊ မတွေးနဲ့နော်။

ဦးရဲကို၊ လက်ထပ်တဲ့နေ့က၊ စပြီး. . .ဒီအိမ်မှာလည်း၊ မနေဘူး။ ဟို. . .ကားလည်း မစီးဘူး။ ဖုန်းလည်း . . .မသုံးဘူး။

ကိုယ့်ထမင်း၊ ကိုယ်စားမယ်။ အချိန်နည်းနည်း ပေးနိုင်မယ်ဆိုရင်၊ ဦးရဲကို ရှာကျွေးနိုင်မှ၊ ကျွန်မ. . .ရှင့်ကို၊ လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



မှာ"

ကျွန်တော် တဟားဟား ရယ်လိုက်မိတယ်။

(ဘုရားစူး။ တစ်ခါမှ၊ ဒီလို ဟက်ဟက်ပက်ပက်၊ မရယ်ဖူးဘူး)။

"ဘာလို့၊ ရယ်တာလဲ"

"ငါ. . .မကြားဖူးတာတွေ၊ ကြားနေရလို့၊ ပျော်ပြီးရယ်တာပါ"

"ဒါဆို၊ ကျွန်မ, စကားတွေက၊ အသစ်အဆန်းတွေပေါ့။ ဟုတ်လား"

"အင်း"

"သူချ. . .ကိုယ်ချတွေ. . .ကြားထဲမှာပဲ၊ ကြီးပြင်းခဲ့ရတာကိုး။ အချစ်. . .ဆိုတာကို၊ ဘယ်. . .သိခွင့်ရပါ့မလဲ"

"အဲဒါလည်း၊ ပါမယ်။ ဒါပေမဲ့. . .အချစ်. . .ဆိုတာတွေကို၊ ငါ. . .ကြားဖူးကြုံဖူးပါတယ်"

မိုးမိုးသန်း. . .မဝေဝေစမ်းတို့ကိစ္စတွေကိုပါ၊ အမည်နာမ၊ လွှဲပြောင်း ပြောပြဖြစ်တယ်။

"နှင့် လို ။ ကောင်းကောင်း,





မကောင်းကောင်း နားလည်ခွင့်လွှတ်ပြီး၊ ချစ်တယ်. . .ဆိုတာမျိုးတော့။ ငါ. . ., မကြုံဖူးဘူး။

မထူးတော့တဲ့၊ ဘဝ,မို့၊ ရှေ့ဆက်တိုးကြတာမျိုးတော့၊ ရှိခဲ့ကြတာပေါ့"

"ကျွန်မက၊ လက်ထပ်ခွင့်၊ လာတောင်းနေတာ၊ မဟုတ်ဘူးနော်။ ဆက်ချစ်ခွင့်တစ်ခုတည်း၊ လာတောင်းနေတာ။

တခြားရွယ်တူ၊ မိန်းမကို၊ ယူသွားမယ်ဆိုရင်တောင်။ လမ်းမှာ ကျွန်မကို,တွေ့ရင်၊ နှုတ်ဆက်ခွင့်တော့၊ ပေးစေချင်တယ်"

"ကျွန်မ" ဆိုတဲ့၊ နာမ်စားကို၊ တမင်လုပ်ပြောနေမှန်းသိသိနဲ့၊ ကျွန်တော့်စိတ်ထဲ၊ သဘောကျနေမိတယ်။

"အဖေနဲ့၊ ဦးရဲနဲ့၊ ကိုယ့်ပြဿနာကိုယ် ရှင်းကြ။ သမီးနဲ့၊ မဆိုင်ဘူး။

သမီးနဲ့၊ ဆိုင်တာ. . . တစ်ခုပဲ။

ဦးရဲ. . .။ တုံ့ပြန်စရာရှိတာ၊ တုံ့ပြန်ပြီးပြီဆိုပြီး၊ သမီးနဲ့၊ မပတ်သက်တော့ဘူးလား။

ကဗျာဆန်ဆန်၊ မေးရင်၊ သမီး



www.burmeseclassic.com

www.burmeseclassic.com



ကို၊ ဆက်မချစ်တော့ဘူးလား"

"ဆက်မချစ်တော့ဘူးဆိုရင်၊ နင် . . ., ဘာလုပ်မလဲ"

"ချစ်ဖို့က၊ ဒီလောက်ပဲ ပါလာတာ ပါလား. . .လို့။ နှလုံးသွင်းရမှာပေါ့။ ပြီးတော့ . . .ငိုမှာပေါ့"

ပြောပြီး၊ ငိုချလိုက်ပါတော့တယ်။

"ည၊ မိုးချုပ်တော့မယ်။ အိမ်ပြန်မှာလား"

"မပြန်ဘူး"

"ဒီမှာ . . .အိပ်မလို့လား"

"မအိပ်ဘူး။ သူငယ်ချင်းနဲ့၊ သွားနေနေတာ။

ဦးရဲ . .လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ။ အိမ်ကိုတော့၊ မပြန်ဘူး။

ကိုယ့်ဘာသာ၊ တစ်ယောက်တည်း ရပ်တည်ဖို့၊ ဆုံးဖြတ်ထားတယ်။

အဖေရော. . .၊ အမေရော. . .၊ အားလုံးက၊ ဦးရဲနဲ့ယူလိုက်မှာ၊ သိပ်





ကြောက်နေကြတယ်။

အခု. . .ဦးရဲက၊ ဆက်ချစ်မယ်ဆိုရင်လည်း၊ ဒီမှာတော့ . . .မအိပ်ဘူး။ ဒီမှာ . . .လာ လာ ရှာကြမှာပဲ။

ဦးရဲ ချစ်ချစ်. . .မချစ်ချစ်။ ခဏနေရင်၊ ပြန်မယ်။ အိမ်ကိုတော့ မပြန်ဘူး။ အဆောင်မှာ၊ နေဖို့စီစဉ်ထားတယ်"

"အိမ်ကို၊ ဘာလို့၊ မပြန်တာလဲ"

"ဟိုပို့. . .ဒီပို့၊ ပို့ကြတော့မယ်လေ။ တိုက်ခန်း၊ နောက်လေ့ခါးက၊ ဆင်းပြေးလာတာ။ မနက်ကတည်းက။

အဖေ သနားပါတယ်။ တောင်းပန်လိုက်တာမှ၊ အရမ်းပဲ။ သူ့ကြောင့်၊ ဒီလို . . ဖြစ်ရတာပါ. . .တဲ့။ ခွင့်လွှတ်ပါ. . .တဲ့"

"တောင်းပန်တယ်။ ဟုတ်လား"

သူ. . .ခေါင်းအညိတ်။ (ကျွန်တော့်အဖေ မျက်နှာကို၊ မြင်ယောင်)။

"နင်. . ., အဖေကို၊ စိတ်မနာဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အဖေကို၊ သားသမီးက၊ စိတ်နာစရာလား။

စိတ်နာချင်း . . .နာ၊ သူ့မိန်းမ့နာပစေပေါ့။

သူလင်သူ့မယား၊ စိတ်နာချင်း . . .နာ။ မနာချင်. . .နေ။ ကိုယ်က. . .သားသမီး။

သားသမီးဆိုတာ၊ သားသမီးနေရာမှာ၊ နေရမှာပေါ့။ မိဘ,ကို၊ ဝေဖန်စရာတောင်၊ မလိုပါဘူး"

"နင့်. . .အဖေက၊ ဟို. . .၊ ဘယ်လိုပြောမလဲ။ အိမ်ထောင်ရေး၊ ဖောက်ပြန်ခဲ့တာလေ။

အဲဒီလို၊ အဖေရဲ့သားသမီးဖြစ်ရတာကို၊ မရှက်ဘူးလား"

"ကာယကံရှင်၊ ရှက်ရမယ့် ကိစ္စ။ သမီးက၊ ဘာလို့ရှက်ရမှာလဲ။

ဒါ. . .နင့်အဖေ. . .လို့၊ ကံက. . .ပစ်ချပေးပြီးပြီ။ ကောင်းကောင်း၊ မကောင်းကောင်း၊ စော်ကားဖို့ အစီအစဉ်မရှိဘူး။

ခုနက၊ ပြောသလိုပေါ့။ ကောင်းလည်း၊ ကိုယ့်. . .ကံ။ မကောင်းလည်း ကိုယ့်. . .ကံ"

"ငါ့အဖေကို၊ ငါ တလျှောက်လုံး၊ မုန်းခဲ့ဖူးတယ်။ အိမ်ထောင်ရေး . . . ဖောက်ပြန်လို့"

"သူ့မိန်းမ,က . . .မုန်းလား"

"မမုန်းဘူး"

"သူ့မိန်းမ,တောင်၊ မမုန်းတာ။ ကိုယ်က. . .ဝင်မုန်းတော့။ အဲဒါ. . .ကြားကထွား၊ ခါးဝင်နာတာပဲ။

အကုသိုလ်ကို၊ အတင်း. . .လုယူတာမျိုးပဲ"

ကျွန်တော်၊ ဒုတိယမြောက်၊ ရယ်လိုက်မိပြန်တယ်။

(ဒီကောင်မ,လေးလောက်တောင်၊ ဘဝ,ကို၊ ငါ . . . မဆင်ခြင့်တတ်ခဲ့ပါလား. . .လို့၊ မချိတင်ကဲ၊ တွေးမိပြီး၊ ရင်နာစိတ်နဲ့ ရယ်မိတာလည်း၊ ပါတာပေါ့)။

ဒီလို၊ မိန်းကလေးမျိုးကို၊ ကျွန်တော် . . .ကူညီဖို့လို







www.burmeseclassic.com

www.burmeseclassic.com



တယ်. . .လို့၊ ဆုံးဖြတ်လိုက်တယ်။ သူ. . .၊ ရင်နာရင်တောင် မှ၊ ဘဝ. . .မနာလွန်းဖို့၊ လိုမယ်လေ။ (လောက,ကြီးကို၊ ခေါင်းနဲ့ဝင်တိုက်ဖို့၊ သူ. . .ငယ်လွန်းပါသေးတယ်။

အညွန့်ကျိုးသွားတဲ့၊ အပင်လေးကို၊ နောက်ထပ်, အခက်အလက်တွေ၊ ပြန်ထွက်နိုင်ဖို့၊ ကျွန်တော် ကူညီမှဖြစ်မယ်)။



## ( ၂၇ )

"ကော်ဖီထဲမှာ၊ အိပ်ဆေးခပ်ပြီး၊ ငါ. . .သိပ်ထားခဲ့တယ်။

မင်း. . .သူ့ မိဘ,ကို၊ အမြန်ခေါ်ပြီး ငါ့အိမ်ကို သွားလိုက်ကွာ။ အမြန်နော်။

အိမ်သော့ကို၊ တံခါးဝ,က၊ ပန်းအိုးထဲမှာ၊ ငါ ထည့်ထားခဲ့တယ်။

သူ. . .အိပ်မပျော်ခင်၊ ငါ. . . ကွမ်းယာထွက်ဝယ်ဦးမယ်. . .လို့၊ ပြောထားတာ။

အခု. . .ငါ့အိမ်ရဲ့၊ တစ်ဘက်ကမ်းက၊ အမှောင်ရိပ်ထဲက၊ ငါ. . .ဆက်နေတာ။

www.burmeseclassic.com

www.burmeseclassic.com



မင်းတို့၊ သူ့ကို၊ လာခေါ်ပြီးတော့မှ၊ ငါ. . . အိမ်ထဲပြန်ဝင်မယ်။

သူ့မိဘ,နဲ့၊ သူ့သားသမီး၊ ပြန်ဆုံခွင့်ပေးလိုက်တာပေ့ါကွာ။

ဖြစ်နိုင်ရင်တော့၊ ငါ. . ., အခု၊ သူ့ကို၊ လက်ထပ်ချင်တာပါ။ ဒါပေမဲ့. . . မိဘ,က၊ ဘယ်ကြည်ဖြူပါ့မလဲ။

နောက်. . .လေးငါးနှစ်ကြာလို့၊ သူ့ကိုယ်နှိုက်က၊ မေတ္တာသက်ဝင်သေးတယ်ဆိုရင်တော့၊ ငါ့ကံပေ့ါကွာ။ အခု လောလောဆယ်တော့၊ သူ. . .ငယ်သေးတယ်။ ဘဝ,အတွက် သူ့ဘာသာ၊ ဆက်ပြီး ကြိုးစားနေစေချင်သေးတယ်။ သူ့ မိဘ,ကို၊ အနိုင်ကျင့်ပြီး၊ အခုကို၊ ခိုးယူပေါင်းသင်းလို့တော့၊ ရတာပေါ့။

ဒါပေမဲ့. . .ဘဝ, အရေး၊ ပညာရေးက၊ အစ၊ သူ့ကို၊ ထွန်းထွန်းပေါက်ပေါက်၊ ဆက်ကြိုးစားနေစေချင်သေးတယ်။

ငါ့သဘောပေါက်ကို၊ သူ့မိဘ,သိ





အောင်၊ မင်း. . ., သေသေချာချာတော့၊ ပြောပေးပါကွာ။

ကိုယ်တိုင်တော့၊ ငါ. . .ပြော မထွက်ဘူး။ မလိုချင်လို့၊ ပြန်ပေးတာ၊ မဟုတ်ဘူး. . .လို့။ မိဘ, ကြည်ဖြူမယ့် အချိန်ကို၊ စောင့်တဲ့သဘောပဲ. . .လို့။ ပြောပြနော်. . .သူငယ်ချင်း။

သူ့. . .နားဝင်အောင်လည်း၊ မင်း. . .ရှင်းပြပေးနော်။ အခုလောလောဆယ်၊ နှစ်မွှန်းပြီးသားပေမယ့်၊ အကဲ့ရဲ့လွတ်အောင်၊ ငါ. . .ဆောင်ရွက်တာပါ။

ဒါကို၊ မိဘက၊ နားလည်လို့၊ အခု. . .ချက်ချင်း၊ ကြည်ဖြူမယ်ဆိုရင်လည်း၊ သူတို့. . .အိမ် ပြန်ခေါ်သွားပြီးပြီးချင်း၊ ငါ. . ., လာကြောင်းလမ်းပါ့မယ်. . .လို့၊ မင်း. . .အောင်သွယ်ပေးပါနော်"

"အေး၊ စိတ်ချ။ ငါ. . .အခု၊ သူ့အိမ်ကိုသွားနေပါပြီ"

"နောက်ပြီး၊ မင်းအပေါ်၊ ငါ. . .



www.burmeseclassic.com

www.burmeseclassic.com



ပြောမှား၊ ဆိုမှားတွေ၊ ရှိခဲ့တယ်။ အဲဒါလည်း . . .ခွင့်လွှတ်ပေးပါကွာ"

"အေးပါကွာ။ မင်းကလည်း၊ အခုမှ၊ နူးညံ့သိမ်မွေ့နေပြန်ပြီ။

ဒါနဲ့. . .၊ မင်း. . .အခုလို၊ ဘာကြောင့် ဆုံးဖြတ်လိုက်တာလဲ။ ငါ့ကို. . .ပြောပြဦး"

"ငါ. . .တစ်သက်လုံးမှာ၊ စိတ်ကောင်းလေးတစ်ခါလောက်၊ ထားဖူးချင်လို့ပါကွာ။

ပြီးတော့. . .၊ ကောင်မ,လေးက၊ သူတော်ကောင်းလေးကွ။ ငါ့ကို၊ အများကြီး၊ သွန်သင်ပေးတဲ့၊ မိန်းမကောင်းလေး။

ငါနဲ့တောင်၊ မတန်ပါဘူးကွာ။ ငါ . . .မကြားဖူးတဲ့၊ စကားလုံးအသစ်တွေ. .၊ သူ . . .ပြောပြခဲ့တယ်ကွ"

"မင်း . . .ကြွေသွားတယ်ပေါ့"

"အင်း။ ဟုတ်တယ်"

"အေးကွာ။ အခု. . .လောလော





ဆယ်တော့၊ သူ့မိဘဆီ၊ ပြန်ထည့်ပေးလိုက်မယ်။ ပြီးမှ. . . မင်းသဘောထားကို၊ ငါ. . သေသေချာချာ၊ ပြောပြလိုက်ပါ့မယ်။

ဒီလိုကွာ။ သားမှတ်မှတ်. . .မယားမှတ်မှတ်၊ ပေါင်းသင်းမယ်ဆိုရင်။ မင်းကို၊ ငါ့တပည့်မ,လေးနဲ့ ငါက၊ သဘောတူပါတယ်ကွ။

ဒီ. . .ရက်ပိုင်းအတွင်း၊ သူ့မိဘ, လက်ခံအောင်၊ ငါ. . .ပြောပေးမယ်ကွာ။ နော်။ ကောင်မ,လေးကိုလည်း၊ ငါ. . .ရှင်းပြပါ့မယ်။

ငါ. . .၊ ဖုန်းချပြီ။ သူ့အိမ်ရှေ့ရောက်ပြီ"

"အေး"

မှောင်ရိပ်ထဲက,နေ၊ ကျွန်တော်အိမ်ရှိရာဘက်ကို၊ ငေးကြည့်နေမိလိုက်တယ်။ (မနက်ဖြန်၊ အမေနဲ့အမေ့အိမ်ကို၊ သွားပြီး၊ ကန်တော့လိုက်ဦးမယ်. . .လို့၊ စိတ်ကူးဖြစ်တယ်)။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရဲ့ မလှမ်းမကမ်းမှာ၊ ပြည့်ဝ, ကားရပ်။

ပြည့်ဝ,နဲ့အတူ ကိုကုလားနဲ့သူ့ဇနီး၊ ကျွန်တော့် အိမ်ဝင်းထဲကို၊ ပြေးဝင်။

ခဏနေတော့၊ မြတ်ဝတ်မှုန်ကို၊ သူ့မိခင်က,တွဲ။ သူ့နံဘေးမှာ၊ သူ့ ဖခင်, ကိုကုလား။ ပြည့်ဝ,က၊ ဦးဆောင်ခေါ်ထုတ်။

သူတို့ကားလေး၊ ဝေးသွားတော့မှ၊ ပြည့်ဝရဲ့ဖုန်းနံပါတ်ကို၊ ဖိနှိပ်လိုက်တယ်။

"...တီ..."

"ပြော.."

"ကဆင်ပြေလား"

"အေး။ ပြေတယ်။ ရက်ပိုင်းအတွင်း၊ အားလုံးအဆင်ပြေမယ်တောင်ထင်တယ်"

"ငါ...ငါ့ အဖေနဲ့အမေကို၊ မနက်ဖြန်က,စပြီး၊ အိမ်မှာ၊ ခေါ်ထားလိုက်တော့မယ်"

"အာ။ ကောင်းတာပေါ့"

"ပြီးတော့...၊ မင်းကို၊ ပြောဖို့၊





တစ်ခု ကျန်ခဲ့လို့"

"ဘာလဲကွ"

"ဒီနေ့...ငါ့ အသက်လေးဆယ်ပြည့်တယ်"

"သြော်...အေး အေး..."

"ဒါပဲနော်...သူငယ်ချင်း"

"အေး...အေး..."

"စွပ်"

"အ"

ကျွန်တော့် နံကြားထဲ၊ ပူကနဲဖြစ်သွားတယ်။ သတိဝင်ဝင်ချင်း၊ ခါးကြားထဲကို၊ စမ်းမိတယ်။ ကျွန်တော့် ဓားမြှောင်၊ ဘုရားကျောင်းဆောင်အောက်က စားပွဲပေါ်မှာ၊ ကျန်ရစ်ခဲ့ပြီ။

"စွပ်"

"အ"



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဗိုက်ထဲကို၊ နောက်တစ်ချက်။

ကျွန်တော် စကေဗာနဲ့ အထိုးခံရပြီ။

"စွပ်"

"အ"

အထိုးခံရတဲ့၊ အပေါက်တွေကို၊ လက်နှစ်ဖက်နဲ့ လိုက်ပိတ်ပေမယ့်၊ မမီတော့ဘူး။ ထိုးသွင်းခံရသမျှအချက်တိုင်း၊ အဆုံး. . .အထိ။

"အ"

"ကိုရဲမာန်အောင်။ မသေနဲ့ဦး။
ကျုပ်. . ., ဘယ်သူလဲဆိုတာ၊ ခင်ဗျား. . .
သိသွားလိုက်ဦး"

ကျွန်တော့်ပါးစပ်ထဲက၊ သွေးတွေ. . .
ပွက်ကနဲ. . .။

"မင်း. . .ဘယ်သူလဲ။ . . ."

"သန်းနိုင်။ ခင်ဗျား နှားရင်းအုပ်ခဲ့
ဖူးတဲ့ သန်းနိုင်။ မိုးမိုးသန်းရဲ့ယောကျ်ား .
. .သန်းနိုင်။ ဓာပျံရဲ့တပည့်. . .သန်းနိုင်"

"ဪ. . ."

ခန္ဓာအနှံ့၊ သွေးတွေ၊ ဒလဟော။





"မှတ်မိပြီလား"

"အ. . .။ အော်. . ."

"စွပ်"

"အ. . ."

သွေးအိုင်ထဲက နေ၊ လူးလဲ. . .ထ။

အိမ်ဝင်းထဲ. . .ဝင်။ အိမ်တံခါး ဖွင့်။

ဘုရားကျောင်းဆောင်ရှေ့ရောက်။

စားပွဲပေါ်မှာ၊ ဓားမြှောင်တစ်ချောင်း။ အိမ်ခေါင်ရင်းနံရံမှာ၊ ကပ်ထားတဲ့၊ ဘုရားစာရွက်ကို . . .မြင်။

လောက,၌ ရန်တို့မူခြင်းဖြင့်၊
ရန်တို့သည်၊ အဘယ်အခါမျှ၊ မငြိမ်းနိုင်။
ရန်တို့မမူခြင်းဖြင့်သာ၊ ရန်ငြိမ်းနိုင်၏။

(ဗုဒ္ဓ)



www.burmeseclassic.com

www.burmeseclassic.com



ဘုရားစာရွက်ကို၊ ကျွန်တော်. . .လက်အုပ်ချီလိုက်ပါတယ်။

"ဝေါ့"

ပါးစပ်ထဲက၊ သွေးတွေ. . .တဝေါ့ဝေါ့။

ဓားမြှောင်ကို၊ လွှင့်ပစ်လိုက်ပြီး စားပွဲပေါ်က၊ စာရွက်တစ်ရွက်မှာ၊ ကျွန်တော့်ကို၊ သတ်တဲ့၊ တရားခံရဲ့၊ အမည်နာမ,ကို၊ သွေးတွေနဲ့ ကျွန်တော် ရေးလိုက်တယ်. . .။ (အဲဒီ. . . အမည်နာမ,က၊ စာလုံး. . .တစ်လုံးတည်း)။

. . . . . . ကံ . . . . .

(ကျွန်တော့်ကို သတ်ခဲ့တဲ့သူဟာ၊ ကျွန်တော် ပြုမူခဲ့တဲ့ . . .ကံပါပဲ)။

နံကြား။ နောက်ကြော။ ဝမ်းဗိုက် (အရှိုက်) တည့်တည့်။ ဝမ်းဗိုက်. . .ညာဘက် တစောင်း။ . . .အပေါက်တွေထဲက,နေ၊ သွေးတွေ၊ တရွှဲရွှဲ။ လှုပ်လိုက်တိုင်း၊ တရဲရဲ။

အိပ်ခန်းထဲက၊ ဖုန်းရှိရာဆီ၊ သွားဖို့၊ မဖြစ်နိုင်တော့လို့၊ ကိုင်ထားတဲ့ဖုန်းကို၊ သတိရ။ လမ်းမ,ပေါ်က၊ သွေးအိုင်ထဲမှာ၊ ကျန်ခဲ့ပြီ။

တစ်ကိုယ်လုံး၊ ချမ်းစိမ့်. . .။

ဒူးညွတ်ခွေကျ။ ဘုရားကို၊ အာရုံမပြုတတ်လို့၊ နံရံက၊





ဘုရားစာကို၊ မော့ကြည့်။

"နောက်မကျစေနဲ့ပေါ့ . . .ရဲမာန်ရယ်။

မနက်ဖြန် ပြင်မယ်လို့၊ စိတ်ကူးတဲ့ . . .လူ။

ဒီနေ့. . .သေသွားရင်၊ ပြင်ချိန်မရတော့ဘူးကွ။ မင်း . . .နောက်မကျစေနဲ့ပေါ့"

သူငယ်ချင်း၊ ပြည့်ဝ, ပြောခဲ့ဖူးတဲ့၊ စကားသံကို၊ ပြန်လည်ကြားယောင်။

(ကျွန်တော် နောက်ကျသွားပြီ)။

"ဝေါ့ . . ."

သွေးအံ။ မျက်လုံးထဲမှာ၊ ဘာမှ မမြင်ရတော့။ . . . အမှောင်. . .။ ပကတိ။ ပကတိ. . .အမှောင်။



www.burmeseclassic.com

www.burmeseclassic.com

## ( ၂၈ )

လမ်းမ,ပေါ်က၊ အမှောင်ထု၏ သွေးအိုင်ထဲတွင်၊ လက်ကိုင်ဖုန်းတစ်လုံး၊ မြည်နေလေသည်။

မိဘများနှင့်၊ ဆွေးနွေးအပြီး၊ လိုချင်ရာ အခြေအနေကို၊ မိဘများက၊ ခွင့်ပြုလိုက်လျောလိုက်သည့်အတွက်၊ မြတ်ဝတ်မှုန်က၊ ရဲမာန်အောင် ဆီကို၊ ဝမ်းသာအားရ၊ ဖုန်းဆက်အကြောင်းကြားနေခြင်း၊ ဖြစ်၏။ သို့သော်. . .ဖုန်းကိုင်မည့်သူ. . .မရှိ။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဖြေကြားမည့်သူ မရှိ။
သွေးအိုင်ထဲမှာ၊ ဖုန်းမြည်နေသည် . . .။ ။

♡ ♡ ♡

လေးစားခင်မင်လျက် –
မောင်လှမျိုး (ချင်းချောင်းခြံ)
2013 - May - 16
1 : 55 (p.m)
mhm.ccc@gmail.com
F/b acount . Hla Myo Aung



BURMESE CLASSIC .com

www.burmeseclassic.com